

ဘုန်းကြွယ်
အရိပ်မဲ့မော်သိုင်း
ပ+ဒု ဇာတ်သိမ်း
GRAPHIC DESIGN
THEE ZAR

စာမူခွင့်ပြုချက်အမှတ် - ၁၀၁၅/၂၀၀၄ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၆၀/၂၀၀၄ (၁၁)

ထုတ်ဝေသူ - ဦးတင့်လွင်
(သော်ကစာပေ)
အမှတ် (၆၀၅)၊
သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပမြို့။

ပုံနှိပ်/အဖုံးရိုက် - ဦးတင်မောင်ဝင်း
(၀၅၉၄၆)
သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် (၁)၊
ဗိုလ်ရာညွန့်လမ်း၊
ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

စီစဉ်သူ - မောင်တင်ဌွေး

မျက်နှာဖုံးပန်းချီ - သဲဇာ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၄၅၀ ကျပ်

ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၀၄

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

စည်းကမ်းလိုက်နာ သောကင်းကွာ
ရှိသာကြိုးစား လုပ်အားဖြင့် နိုင်ငံတည်
ရပ်ရွာအေးချမ်းစေလို ဥပဒေရိုသေကိုနို

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအားဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာများနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တိုးတက်ရေးစာပေ

# ဘုန်းကြွယ်

အရိုပ်မဲ့ မှော်သိုင်း

(နှစ်အုပ်တွဲသိုင်းစာစဉ်)

ပထမပိုင်း

(ရွှေယာဉ်စာပေ)

## အခန်း (၁)

တရုတ်ပြည်မြောက်ဘက်ပိုင်း နယ်စပ်ဒေသ၏ နယ်ခြားမြို့ကြီးဖြစ်သော ရှမ်းယန်းမြို့၏ မြောက်ဘက် (၇)မိုင်ခန့် အကွာတွင် ယန်ဖူးမြို့ငယ်လေးတည်ရှိသည်။

မူလက ယန်ဖူး မြင်းနားစခန်းအမည်ရှိ နယ်လှည့်ခရီးသွားမြင်းလှည်းအုပ်စုများ၊ ကုန်သည်များ ခေတ္တ နားနေရာစခန်းလေးဖြစ်ခဲ့ပြီး လွန်ခဲ့သည့်(၁၀)နှစ်ကျော်လောက်ကမှ မြို့ငယ်လေးအဖြစ် စည်ပင် ဖွံ့ဖြိုးလာခဲ့သည်။

တရုတ်ပြည်နှင့် ချီတန်းနိုင်ငံတို့၏ နယ်စပ် နေရာတွင်တည်ရှိသော ယန်ဖူးမြင်းနားစခန်း နေရာမှာ ခရီးလမ်းအချက်အချာ မဟုတ်သည့်အပြင် ချောင်လည်း ကျသောကြောင့် ပြီးခဲ့သည့် (၁၀)နှစ် ရှေ့ပိုင်းကတော့ အသွားအလာအခင်အထွက် ခပ်ကျဲကျဲသာ ရှိခဲ့သည်။

ယန်ဖူးမြင်းနားစခန်းနေရာလေးမှ မြို့ငယ်လေးတစ်မြို့အဖြစ် စည်ပင် ဖွံ့ဖြိုးလာခဲ့ခြင်းမှာ သိုင်းသမားများကြောင့်ဟူ ဆိုရမည်။

ယန်ဖူးမြင်းနားစခန်း၏ အနီး ဝန်းကျင်တွင် ချောက်ကမ်းပါးမြင့်ကြီးများ ရှိသည်။ ရေစီးသန်သော တောင်ကျ စမ်းချောင်းများ၊ ရေတံခွန်များ ပေါများသည်။

ထိုနေရာများသည် အဆင့်မြင့် အစွမ်းထက် သိုင်းပညာများလေ့ကျင့်ရာတွင် များစွာ အထောက်အကူ ပြုနိုင်သည့် 'ရေခံမြေခံကောင်းများ' ဖြစ်ကြောင်း သိရှိ လာကြသည့်နောက်တွင် ယန်ဖူး မြင်းနားစခန်းသို့ သိုင်းသမားများ အရောက်အပေါက်များလာသည်။

ယန်ဖူးမြင်းနားစခန်းတွင် အခြေစိုက်သိုင်းဂိုဏ်း အချို့ပင်ရှိလာသည်။

သိုင်းသမားများ တစ်စစများလာသည်နှင့်အမျှ မြင်းနားစခန်းနေရာလေးမှာ စည်စည်ကားကား ရှိလာသည်။ ထို့ပြင် သိုင်းသမား ထုံးစံ ကိစ္စကြီးငယ် ဖြစ်ပေါ်လျှင် သိုင်းပညာစွမ်း ယှဉ်ပြိုင်ကာ ဖြေရှင်းမှုတွေလည်း များလာသည်။

ခပ်ခြောက်ခြောက်သာရှိသော ယန်ဖူးမြင်းနားစခန်းလေးကို ရှမ်းယန်းမြို့ရှိ အုပ်ချုပ်ရေးအာဏာပိုင်များကလည်း လျစ်လျူရှုထားကြသည်။

အသွား အလာမရှိ။ သိုင်းသမားများ ရောက်ရှိကာ စည်ကား လာသော အခါတွင်လည်း သိုင်းသမားများ



အကြားအရှုပ်အထွေးတို့တွင် ကန့်လန့်ကန့်လန့်နှင့် မပါလိုသောကြောင့် လက်ရှောင်နေခဲ့ကြပြန်သည်။

ဤတွင် စိတ်လွတ်ကိုယ်လွတ်နှင့် ပျော်ပျော် ရမ်းရမ်း နေလိုသည့် သိုင်းသမားတို့ အတွက် ယန်ဖူး မြို့ငယ်လေးမှာ 'အကြိုက်' ဖြစ်လာခဲ့သည်။

ချိတန်းနိုင်ငံ အင်အားကြီးထွားလာကာ တရုတ်ပြည်ထဲသို့ ကျူးကျော်နယ်ချဲ့ရန် လှုပ်ရှားလာသည့် အချိန်တွင်မူ မြောက်ပိုင်းနယ်ခြား ဒေသတွင် အခြေအနေများ တင်းမာလာခဲ့သည်။

ရှမ်းယန်းမြို့ရှိ အာဏာပိုင်များအနေဖြင့် ယန်ဖူးမြို့လေးအတွက် ဘာမျှမလုပ်နိုင်တော့။

ချိတန်းမြို့၏ ကျူးကျော်စစ် ပြုလာမှုကို ရင်ဆိုင်ရန် ပြင်ဆင်မှုများသာ အရေးထား လုပ်ဆောင် နေကြရပေတော့သည်။

* * *

သိုင်းသမားတို့သည် အပျော်အပါးခုံမင်သည်၊ သိုင်းယှဉ်ပြိုင်မှုကို အထူးနှစ်ခြိုက်သည်။

သည်တော့ သိုင်းသမားများစုမိလျှင် ပျော်ပွဲရွှင်ပွဲ စားသောက်ပွဲ တစ်ခုခုလုပ်လျှင်လုပ်၊ မလုပ်လျှင်လည်း သိုင်းပညာယှဉ်ပြိုင်ကြမြဲပင်။

မူလက ခြောက်ကပ်ကပ်ရှိနေခဲ့သော ယန်ဖူးမြင်းနားစခန်းသည်သိုင်းသမားများရောက်ရှိလာမှုများလာသည်နှင့်အမျှ ပျော်ပွဲရွှင်ပွဲစားသောက်ပွဲများ၊ သိုင်းပညာယှဉ်ပြိုင်ပွဲများဖြင့် လှုပ်လှုပ်ရှားရှားရှိလာခဲ့သည်။

ယန်ဖူးမြင်းနားစခန်း၏ နှစ်စဉ်ကျင်းပ ပြုလုပ်ခဲ့သော မြင်းလှည်းမောင်း ပြိုင်ပွဲမှာလည်း သိုင်းသမားတို့ စိတ်ဝင်စားစရာဖြစ်သည်။

မူလ ယှဉ်ပြိုင်မှု အစဉ်အလာ တို့တွင် မြင်းလှည်းများ ယှဉ်မောင်းနှင်ရင်း မြင်းလှည်းမောင်း ပြိုင်သူများ တစ်ဖက်နှင့်တစ်ဖက် သိုင်းစွမ်းရည်ပြယှဉ်ပြိုင်မှုများကိုပါဖြည့်စွက်ထည့်သွင်းခဲ့ကြရာ သိုင်းလောကတစ်လွှားစိတ်ဝင်စားမှုအကောင်းဆုံးရှိသော သိုင်းပညာယှဉ်ပြိုင်ပွဲများ ထဲတွင်ပင် တစ်ခုအပါအဝင် ဖြစ်လာခဲ့သည်။

ဤသို့ဖြင့် ယန်ဖူးမြို့ငယ်လေးအဖြစ် စည်ပင်ဖွံ့ဖြိုးလာခဲ့သည့် နောက်ပိုင်းနှစ်များတွင် နှစ်စဉ် ဆက်လက်ပြုလုပ်လာခဲ့သော မြင်းလှည်းမောင်းပြိုင်ပွဲများသို့ တကူးတက လာရောက်ကြသည့် သိုင်းသမားများပင် ရှိလာလေသည်။

ချိတန်းတို့ ကျူးကျော်ရန်စမှုများ သိသိသာသာရှိလာပြီး စစ်ရိပ်စစ်ငွေ့များသန်းလျက် မြောက်ပိုင်း နယ်ခြားဒေသတွင် အခြေအနေ ရှုပ်ထွေးတင်းမာနေသည့် ယခုနှစ်တွင်လည်း ယန်ဖူးမြို့ငယ်လေး၏ မြင်းလှည်းမောင်းပြိုင်ပွဲကို အပျက်မခံဘဲ ကျင်းပမြဲကျင်းပပြုလုပ်သည်။



မြင်းလှည်းမောင်း ပြိုင်ပွဲကို ယန်ဖူး မြင်းနားစခန်းဟောင်းနေရာတွင် ပြုလုပ်သည်။

သည်နေရာသို့ သိုင်းသမားများ စတင်ရောက်ရှိ အခြေချသောအခါ ယန်ဖူးမြင်းနားစခန်းနှင့် အတော်လှမ်းလှမ်းနေရာတွင် အိမ်များ ဆောက်လုပ်နေထိုင်ခဲ့ကြသည်။ ထိုသို့အခြေချခဲ့ကြသည့်နေရာမှနေ၍ လူနေ စည်ပင်လာခဲ့ရာ ယန်ဖူးမြို့ငယ်လေး ဖြစ်တည်လာသောအခါ ယန်ဖူးမြင်းနားစခန်းဟောင်းနေရာသည် မြို့တောင်ဘက် အစွန်ပိုင်းဖြစ်လာခဲ့သည်။

ယန်ဖူး မြင်းနားစခန်းဟောင်းနေရာသည် ပေတစ်ထောင်ပတ်လည်ကျယ်ဝန်းကာကျောက်တုံးများဖြင့်ပြုလုပ်ထားသော တံတိုင်း အခိုင်အခံ့ကာရံထားသည်။

ယန်ဖူးမြို့ငယ်လေးရှိသိုင်းသမားများ၏ ပျော်ရွှင်ပွဲနှင့် သိုင်းပညာစွမ်းရည် ပြိုင်ပွဲအများစုကိုလည်း ယန်ဖူးမြင်းနားစခန်းဟောင်းနေရာတွင် ကျင်းပပြုလုပ်သည်။

ထို့ကြောင့် ယန်ဖူးမြင်းနားစခန်းနေရာသည် ယန်ဖူးမြို့ပြင်ဘက်လိုဖြစ်နေသော်လည်း ပွဲတစ်ခုခု ကျင်းပသည့်အချိန်များတွင် လူစည်ကားနေတတ်သည်။

မြင်းလှည်းမောင်းပြိုင်ပွဲ ပြုလုပ်သည့် ရက်တွင်တော့ အစည်ကားဆုံးဖြစ်သည်။

မြင်းလှည်းမောင်းပြိုင်ပွဲ ကျင်းပပြုလုပ်သည့်နေ့တွင် နံနက်မိုးလင်းစပြုချိန်မှပင်စတင်၍ ယန်ဖူးမြင်းနားစခန်းဟောင်းသို့ လူများတဖွဲဖွဲရောက်ရှိလာကြသည်။

ရောက်လာကြသူများသည် ခြေကျင်တစ်မျိုး၊ မြင်းပုလေးများကိုစီးလျက်တစ်မျိုးဖြစ်သည်။ မြင်းစီးလာသူများအနေဖြင့် ပြိုင်ပွဲကျင်းပရာ မြင်းနားစခန်းဟောင်းဝင်းထဲသို့ မြင်းစီး၍ဝင်ခွင့်မရှိ။

ကျောက်တံတိုင်းအပြင်ဘက်တွင် စီးမြင်းများ အပ်နှံထားရှိရန်နေရာများ စီစဉ်ပေးထားသည်။

မိုးစင်စင်လင်းသည့်အခါတွင်တော့ လူအတော်ပင် စည်ကားစပြုနေလေပြီ။ တဖွဲဖွဲ ရောက်လာကြသူတွေကလည်း ပိုများလာသည်။

တဖွဲ့ဖွဲ့လာရောက်နေကြသည့်လူများအကြားတွင် မိန်းမပျိုတစ်ယောက်၏အသွင်ကတော့ အတော်ပင် ထင်ရှားပေါ်လွင်နေပေ၏။

မိန်းမပျိုသည် အသက် ဆယ့်ရှစ်နှစ်ခန့်ရှိသည်။ အသားအရေဖြူဝင်းကာ ရုပ်ရည်ချောမောသည်။ အရပ်မြင့်လျက် ကိုယ်ဟန်သွယ်ကာ ကိုယ်နေဟန်ထားကြော့ရှင်းလှပသည်။

ရွှေဝါရောင် ဖဲသားဝတ်စုံကိုဝတ်လျက် ခရမ်းနုရောင် အပေါ်ဝတ်အင်္ကျီရှည်ကြီးကို ဆင်မြန်းထား၏။ အပေါ်ဝတ်အင်္ကျီရှည်ကြီး၏ ရှေ့ဘက် ရင်ဘတ်ပိုင်းကို ခပ်ဟဟထားလျက် ရတနာများ စီခြယ်ထားသော ရွှေခါးပတ်စည်းပတ်ထားသည်။

အပေါ်ဝတ်အင်္ကျီရှည်ကြီးဝတ်ထားသော်လည်း ရွှေဝါရောင်ဖဲသားဝတ်စုံက ထောက်ပစွာ ပေါ်လွင်နေသည်။



ထိုမိန်းမပျိုလေးမှာ ယန်ဖူးမြို့ငယ်လေးတွင်သာမက သိုင်းလောကတွင်ပါ အတော်လူသိများနေသော ပင်လယ်ဂေဟာ၏ အရှင်သခင်မလေး 'ရေသူမနတ်မယ် တုကူးချင်းချင်း'ဖြစ်ပေသည်။

* * *

တုကူးချင်းချင်းတို့၏ မျိုးရိုးဇာတိဇာစ်မြစ်မှာ အရှေ့ဘက် ပင်လယ်ဒေသမှဖြစ်သည်။

တုကူးချင်းချင်း၏ဘိုးဘွားများသည်သင်္ဘောပျက်ဘစ်ခုထဲမှ ရှေးဟောင်းသိုင်းကျမ်းတစ်ဆူကို ရရှိခဲ့ကြသည်။ ထိုသိုင်းကျမ်းထဲတွင်ပါရှိသော 'နှင်းမုန်တိုင်းသိုင်းပညာ'ကို လေ့ကျင့်ရန်နေရာကောင်းရှာရင်း ယန်ဖူးမြင်းနားစခန်းသို့ ရောက်ရှိလာကြသည်။

ယန်ဖူးမြင်းနားစခန်း၏ တောင်ဘက် ၅-မိုင်ခန့်အကွာရှိ 'မိုးမျှော်ရေတံခွန်ကြီး'၏ ထိပ်ဖျား ကျောက်တုံးကြီးပေါ်တွင် နှင်းမုန်တိုင်း သိုင်းပညာကို လေ့ကျင့်ခဲ့ကြသည်။

လေ့ကျင့်မှုအဆင်ပြေကာ အချိန်ယူ၍ ဆက်လက် လေ့ကျင့်သွားရန် ဆုံးဖြတ်ကာ မိုးမျှော်ရေတံခွန်နှင့် ခပ်လှမ်းလှမ်း၊ သွားလမ်းလာလမ်းအဆင်ပြေသည့် နေရာလေးတွင် ယာယီအိမ်တစ်လုံးဆောက်၍ နေထိုင်ခဲ့ကြသည်။

မူလ သိုင်းလေ့ကျင့်စဉ် ခေတ္တယာယီနေထိုင်ရန်ဖြစ်သော်လည်း ထိုနေရာ၏ဝန်းကျင်အနေအထားကို သဘောကျသည့်အတွက် အခြေချနေထိုင်ဖြစ်သွားသည်။ ထိုကဲ့သို့ နေထိုင်ခဲ့မှုမှအစပြုကာ အခြားသော သိုင်းသမားများလည်း တစ်ယောက်စ နှစ်ယောက်စရောက်ရှိကာ နေထိုင်လာခဲ့ကြရာမှ အချိန်ကာလကြာမြင့်သောအခါ ယန်ဖူးမြို့ငယ်လေးအဖြစ် ပေါ်ပေါက်စည်ပင်လာခဲ့သည်။

တုကူးချင်းချင်း၏ ဘိုးဘွားများသည် ယန်ဖူးမြို့ငယ်လေးကို အစပျိုးခဲ့ကြသူများဟုပင် ဆိုနိုင်သည်။

သူတို့မိသားစု၏ ယာယီအိမ်ကိုလည်း အိမ်ဂေဟာကြီးတစ်ခုအဖြစ် အခိုင်အမာ တည်ဆောက်ခဲ့ကြသည်။ မူရင်းဇာတိနေရပ်ကို အမှတ်ရစရာအဖြစ် 'ပင်လယ်ဂေဟာ'ဟု မှည့်ခေါ်ခဲ့သည်။

လွန်ခဲ့သော (၈)လ ခန့်က ပင်လယ် ဂေဟာရှင်ကြီး တုကူးမောက်လိုင် ကွယ်လွန်သွားခဲ့ရာ တစ်ဦးတည်းသောသမီး တုကူးချင်းချင်းက သခင်ကြီး၏အရိုက်အရာကို ဆက်ခံကာ ငယ်ငယ်ရွယ်ရွယ်နှင့် ဂေဟာရှင်သခင်မလေး ဖြစ်လာခဲ့သည်။

ရေသူမနတ်မယ်လေး တုကူးချင်းချင်းသည် ရံရွှေတော် အမျိုးသမီး တာ့ပိုင်ဝေးကို အဖော်ပြုကာ မြင်းပုလေးများ စီးလျက် ယန်ဖူး မြင်းနားစခန်းဟောင်းဘက်သို့ သွားနေကြသည်။



မြင်းလှည်းမောင်းပြိုင်ပွဲ ပြုလုပ်ချိန်တွင် ယန်ဖူး မြင်းနား စခန်းဟောင်းသို့ ပြိုင်ပွဲဝင်မြင်းလှည်းများမှလွဲ၍ မည်သည့် မြင်းမျှ ဝင်ခွင့်မပြု။ မြင်းစီးလာလျှင်လည်း စခန်း၏ တံတိုင်းအပြင်ဘက်တွင် စီးမြင်းကို အပ်နှံကြရလျက် ခြေကျင်လျှောက်ကာ ဝင်ရသည့်ထုံးစံ ရှိသည်။

သည်နေ့သည်အချိန်တွင် ယန်ဖူးမြင်းနားစခန်းဟောင်းတွင် အရမ်းစည်ကားကာ မြင်း၊ သူတွေရှုပ်ထွေးလျက် မြင်းအပ်နှံရာ နေရာများတွင်လည်း မြင်းများပြည့်ကျပ်နေမည်မို့ တုကူးချင်းချင်းတို့က ပင်လယ်ဂေဟာ၏ ဒေါက်ကောင်းသော မြင်းချောကြီးများကို မစီးဘဲ အသွားရအလာရလွယ်ကာ အထားရအသိုရအဆင်ပြေသော မြင်းပုလေးများကို စီးလာကြခြင်း ဖြစ်သည်။

တုကူးချင်းချင်းမှာ ယန်ဖူးမြို့ငယ်လေးတွင် အသိအရှိများပေရာ လမ်းတစ်လျှောက်တွင် နှုတ်ဆက်သူတွေ မပြတ်ရှိနေသည်။ အထူးသဖြင့် လူပျိုလူရွယ်များ၏ အလေးပေး နှုတ်ခွန်းဆက်ခြင်းကို ခံရသည်။

အထူးသဖြင့် မြင်းလှည်းမောင်း ပြိုင်ပွဲဝင်ကြမည့် လူရွယ် အတော်များများက သူတို့၏ မြင်းလှည်းများတွင် အဖော်ပြု စီးနင်းလိုက်ပါရန် စကားရိပ် စကားခြေသန်းကာ ပြောဆိုကြသည်။

ယန်ဖူး မြင်းနားစခန်း၏ မူလ မြင်းလှည်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် မြင်းလှည်းပေါ်၌ မြင်းပြိုင်ပွဲဝင်မည့် သူကို

အဖော်ပြုရန် မိန်းကလေးတစ်ယောက် စီးနင်းလိုက်ပါခဲ့သည့် အစဉ်အလာရှိခဲ့သည်။

မိန်းကလေးများ အရောက်အပေါက်နည်းသည့် ယန်ဖူးမြင်းနားစခန်းသို့ အမျိုးသမီးများလာချင်အောင် ပြုလုပ်ခဲ့သည့် ဂုဏ်ပြုဆွဲဆောင်မှု ဖြစ်သည်။

ယန်ဖူး မြို့ငယ်လေးအဖြစ် စည်ပင်လာခဲ့ပြီး မြို့နေမိန်းမချောလေးတွေ ရှိလာသော်လည်း ထိုအခြေအနေကို ထိန်းသိမ်းထားခဲ့သည်။ သိုင်းသမားတို့၏ ဗီဇဂါသနာအရ မြင်းလှည်းမောင်း ပြိုင်ပွဲများတွင် သိုင်းပညာစွမ်း ယှဉ်ပြိုင်မှုအပိုင်းများ ထည့်သွင်းလာသော အခါတွင်မူ ပြိုင်ပွဲဝင်မြင်းလှည်းပေါ်၌ အဖော်ပြုလိုက်ပါသည့် မိန်းကလေးများ၏ အနေအထားကလည်း တစ်မျိုးပြောင်းလာသည်။

ပြိုင်ပွဲဝင်များ အနေဖြင့် သိုင်းယှဉ်ပြိုင်မှု စည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း ရှိ,မရှိ သက်သေပြုပေးရသည့် တာဝန်ကို ယူလာကြရသည်။

ယှဉ်ပြိုင်မှု စည်းကမ်းကလည်း သိပ်မများ။ လက်နက်ပုန်းနှင့် အဆိပ်လက်နက်များ မသုံးရန်၊ သိုင်းစွမ်းရည်ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်နေရာများတွင် သတ်မှတ်ထားသည့် စည်းကမ်းဘောင်အတွင်း နေထိုင်ရန်နှင့် ပြိုင်ပွဲဝင် မြင်းလှည်းများအချင်းချင်း ထိမိခိုက်မိအောင် တမင်မလုပ်ဆောင်ရန်တို့သာ ဖြစ်သည်။

အင်တိုက် အားတိုက် ယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲဝင် မြင်းလှည်းချင်း မတော်တဆထိခိုက်မှုများ ရှိနိုင်ပေရာ ထိုသို့



သော ထိခိုက်မှုများကို ခြွင်းချက်အနေဖြင့် ခွင့်ပြုထားသည်။ ထို့ကြောင့် ပြိုင်ပွဲဝင်မြင်းလှည်းချင်း ထိမိခိုက်မိမှုများ ဖြစ်ပေါ်လျှင် မတော်တဆထိမိသည်လား၊ တမင်ပြုလုပ်သည်လား ဆိုခြင်းကို ပြိုင်ပွဲဝင် မြင်းလှည်းများပေါ်တွင် စီးနင်း လိုက်ပါလာရသူ မိန်းကလေးများက သက်သေခံ ထွက်ဆိုချက် ပေးကြရသည်။

တုကူးချင်းချင်းသည် အရိပ်အယောင်ပြ ပြောဆိုလာမှုများကို ပါးနပ်လိမ္မာ ရည်မွန်စွာ ငြင်းဖယ်ပစ်ခဲ့သည်။

တကယ်တော့ သူမအနေဖြင့် ပြိုင်ပွဲဝင်မြင်းလှည်းများပေါ်တွင် အဖော်ပြုလိုက်ပါရန် စိတ်မဝင်စား။ သူမနှင့် ချိန်းဆိုထားသူကို တွေ့ရဖို့ကိုသာ စိတ်စောနေသည်။

* * *

မြင်းလှည်းမောင်းပြိုင်ပွဲတွင် တုကူးချင်းချင်းက တွေ့ဆုံရန် အချိန်းအချက်လုပ်ထားသူမှာ စင်ရော်နက် ကျောင်းဖန်းယောင် ဖြစ်သည်။

စင်ရော်နက် ကျောင်းဖန်းယောင်သည် အသက်(၂၀) ခန့် ရှိသည်။ အရှေ့ပင်လယ်ဒေသမှနေ၍ ယန်ဖူးမြို့ငယ်လေးသို့ ရောက်လာသော သိုင်းလုလင်တစ်ယောက် ဖြစ်သည်။ ကျောင်းဖန်းယောင်၏ ဘိုးဘွားများနှင့် တုကူး

ချင်းချင်း၏ ဘိုးဘွားများသည် မိတ်ဆွေများ ဖြစ်ခဲ့ကြဖူးသည်။

ကျောင်းဖန်းယောင်သည် 'မြင်းသုံးကောင် သယ်ယူပို့ဆောင်ရေး အဖွဲ့'တွင် အလုပ်ဝင်လုပ်ရာမှ ယန်ဖူးမြို့ငယ်လေး၏ စခန်းခွဲတွင် တာဝန်ထမ်းဆောင်ရန်စေလွှတ်ခြင်းခံရ၍ ရောက်လာခဲ့သည်။

ယန်ဖူးမြို့ငယ်လေးရှိမြင်းသုံးကောင်သယ်ယူပို့ဆောင်ရေးအဖွဲ့၏စခန်းခွဲတွင် အလုပ်လုပ်ကိုင်ရင်း ပင်လယ်ဂေဟာအကြောင်းကြားသိကာ ဂေဟာရှင်ကြီး တုကူးမောက်လိုင်ကို သွားရောက်တွေ့ဆုံဂါရဝပြုခဲ့သည်။

မိမိ၏ဘိုးဘွားများ အကြောင်းကို ပြောခဲ့ရာ တုကူးမောက်လိုင်၏ မိဘ ဘိုးဘွားများနှင့် ရှေးကမိတ်ဆွေ ဖြစ်ခဲ့ကြသည်ကိုသိသွားကြသည်။

ရှေးမိမိတို့၏ ဇာတိရပ်ရွာမှဖြင့်ပြီး ရှေးဘိုးဘွားများလည်း မိတ်ဆွေများ ဖြစ်ကြသည့် အတွက် တုကူးမောက်လိုင်က ကျောင်းဖန်းယောင်ကို ခင်မင်သွားခဲ့သည်။

ကျောင်းဖန်းယောင်၏ ရိုးသား ဖြောင့်မတ်မှုနှင့် စိတ်ကောင်းရှိမှုများကို သိမြင်ရသော အခါ ပို၍ သဘောကျခင်မင်ကာ ပင်လယ်ဂေဟာသို့သွားလာ လည်ပတ်ဝင်ထွက်ခွင့်ကို ပေးခဲ့သည်။

တုကူးချင်းချင်းနှင့်လည်း ခင်မင်ခဲ့သည်။ ခင်မင်ရုံသာမက ကျောင်းဖန်းယောင်၏ စိတ်ထဲတွင် တုကူးချင်းချင်း အပေါ် မေတ္တာသက်ဝင် ချစ်ခင်မြတ်နိုး၍ပင် နေသည်။



တုကူးချင်းချင်းကလည်း ကျောင်းဖန်းယောင်၏ စိတ်နေစိတ်ထားကို သဘောကျသည်။

အကယ်၍ကျောင်းဖန်းယောင်က ဖွင့်ဟချစ်ရေးဆိုလျှင် ငြင်းပယ်ဖို့ စိတ်ကူးမရှိ။

တုကူးမောက်လိုင်သာ ရုတ်တရက်ကွယ်လွန် မသွားခဲ့လျှင်ကျောင်းဖန်းယောင်နှင့်တုကူးချင်းချင်းတို့နှစ်ယောက် အကြောင်းဆက် ပေါင်းဖက်နိုင်ကြရန် အလားအလာကောင်းတွေ များစွာရှိနေပေသည်။

တုကူးမောက်လိုင် ကိုယ်တိုင်ကလည်း ကျောင်းဖန်းယောင်ကို သမက်တော်လိုသည့်ဆန္ဒ ရှိနေသည်။

တုကူးမောက်လိုင် ရုတ်တရက် ကွယ်လွန် သွားသော အခါ ကျောင်းဖန်းယောင် အတွက် ဆင်ခြင် ထိန်းသိမ်းစရာအကြောင်းတွေ အတော်များများပေါ်လာသည်။

အဓိကအကြောင်းမှာ တုကူးချင်းချင်းသည် ပင်လယ်ဂေဟာ၏ သခင်မလေး ဖြစ်လာသော အခါ ဂုဏ်သရေ မြင့်သည့်အပြင် ငွေကြေးဥစ္စာလည်း အထူးကြွယ်ဝ လာသည်။

သာမန် သယ်ယူပို့ဆောင်ရေးအဖွဲ့တစ်ခု၏ စခန်းခွဲလေးတွင် တာဝန်ခံအဖြစ်သာ လုပ်နေရသော ကျောင်းဖန်းယောင် အတွက် မမီသည့်ပန်းတူ သတ်မှတ်ရမလို ဖြစ်နေသည်။

ပင်ကိုရုပ်ရည် ချောမောသည့် အပြင် ယန်ဖူးမြို့လေး၏ မျက်နှာဖုံး ပင်လယ်ဂေဟာရှင် သခင်မလေးလည်း ဖြစ်

ကာ ချမ်းသာ ကြွယ်ဝသော တုကူးချင်းချင်း၏ မေတ္တာပန်းကို ဆွတ်လှမ်းလိုသည့် အထက်တန်းစား သိုင်းလုလင်တွေဝိုင်းဝိုင်းလည်နေရာ ကျောင်းဖန်းယောင်မှာထိုသူများအကြား မတိုးဝင်ရဲအောင်လည်းဖြစ်နေသည်။

ထို့ပြင် ရိုးသားသော ကျောင်းဖန်းယောင်သည် မိန်းမပျိုတို့၏ အကဲကို မခတ်တတ်။ တုကူးချင်းချင်း အနေဖြင့် မိမိအပေါ် မေတ္တာစိတ် တိမ်းညွှတ်နေသည်ကိုလည်း မရိပ်မိပေ။ တုကူးချင်းချင်းက ဖော်ဖော်နိုင်သမျှ အရိပ်ပြသည့်တိုင် အကောင်ထင်မလာခဲ့ပါ။

ဤသို့ဖြင့် ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့မှာ နီးလျက်နှင့်ဝေး ဆိုသလို ဖြစ်နေကြရပေတော့သည်။

ယနေ့ ကျင်းပမည့် မြင်းလှည်းမောင်း ပြိုင်ပွဲသို့ အတူသွားရောက်နိုင်ကြရန် တုကူးချင်းချင်းက မသိမသာ ရေလာ မြောင်းပေးလုပ်ကာ အရိပ်အယောင်ပြခဲ့ရာ ကျောင်းဖန်းယောင်က သူနှင့် အဖော်ပြုလိုက်ပါရန် ဖိတ်ခေါ်ခဲ့သည်။

ယန်ဖူးမြင်းနားစခန်း၏ အနီးရှိ ထင်းရှူးပင်ညီနောင်တွင် ညနေ (၆)နာရီခွဲ အချိန်တွင် တွေ့ဆုံကြရန်လည်း ကြိုတင်ချိန်းဆိုကြပြီးဖြစ်သည်။

တကယ်တော့ တုကူးချင်းချင်းအနေဖြင့် ကျောင်းဖန်းယောင်ကို သူမအား ပင်လယ်ဂေဟာတွင် လာရောက်ခေါ်ယူကာ မြင်းလှည်းမောင်း ပြိုင်ပွဲ ကျင်းပရာသို့ နှစ်ယောက်အတူတွဲကာ လာရောက်လိုသည်။



သို့သော် အလှဂုဏ်၊ မနဂုဏ်တို့သာမက ဩဇာဂုဏ်ပါ ပြည့်ဝနေသော သူမနှင့်စာလျှင် မိမိသည် အလွန်ပင်နိမ့်ကျသည်ဟု တွက်ဆကာ အားငယ်စိတ်များဝင်နေသော ကျောင်းဖန်းယောင်သည် သူမအား ပင်လယ်ဂေဟာတွင် လာရောက်ခေါ်ယူရန် အခွင့်မတောင်းဝံ့။

ယန်ဖူး မြင်းနားစခန်းဟောင်းအနီးတွင် ဆုံကြရန်သာ ချိန်းဆိုခဲ့ရာ တုကူးချင်းချင်းသည် မိမိကို လာရောက် ကြိုခေါ်စေချင်သော်လည်း မိန်းကလေးတစ်ဦး ပြောရမှာမို့ ဘာမျှမပြောတော့ဘဲ ကျောင်းဖန်းယောင်၏ ချိန်းဆိုမှုကို လက်ခံသဘောတူလိုက်ရပေသည်။

ထိုကဲ့သို့ ချိန်းဆိုခဲ့မှုကြောင့် သူတို့၏ ဘဝကံကြမ္မာ တစ်မျိုးတစ်ဖုံ ပြောင်းလဲကာ အခက်အခဲ အကျပ်အတည်း အမျိုးမျိုး ကြုံရမည်ကို ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်လုံး မသိခဲ့ကြပါ၊ မထင်ခဲ့ကြပါ။

* * *

ယန်ဖူးမြင်းနားစခန်းဟောင်းအနီးရှိ ထင်းရှူးပင် ညီနောင်အောက်သို့ ညနေ(၆)နာရီခွဲ ကျော်ကျော်လောက်တွင် တုကူးချင်းချင်းနှင့်တာပိုင်ပေးတို့နှစ်ယောက် ရောက်ရှိလာကြသည်။

တုက္ကူးချင်းချင်းသည် ကျောင်းဖန်းယောင်အားတွေ့လို့ လှသော်လည်း မိန်းကလေးတစ်ယောက်၏ကြွေခြွေကို ထိန်းသည့် အနေဖြင့် ချိန်းဆိုထားသည့်အချိန်ထက် အနည်းငယ် နောက်ကျကာ ရောက်လာခြင်း ဖြစ်သည်။

ကျောင်းဖန်းယောင် ချိန်းဆိုထားရာနေရာတွင် အသင့် ရောက်နေမည်ဟု တုက္ကူးချင်းချင်းက တွက်ထား လေသည်။

သို့သော် ထင်းရှူးညီနောင်တွင် ကျောင်းဖန်းယောင် ရောက်မနေပါ။

မြင်းလှည်းမောင်း ပြိုင်ပွဲကို နေ့ဝင်ပြီး လထွက်သည်နှင့် စတင်ပြုလုပ်မည်ဖြစ်ရာ နေဝင်စပြုနေသည့်အချိန်မို့ ပြိုင်ပွဲ ကြည့်မည့်လူများကတော့ ယန်ဖူး မြင်းနားစခန်းဟောင်း အနီးဝန်းကျင်တွင် စည်ကားနေလေပြီ။

ယန်ဖူးမြို့ငယ်လေးရှိ လူကုန်နီးပါးပင် သည်နေရာသို့ ရောက်နေကြသည်ဟု ထင်မှတ်ရပေသည်။

ချိန်းဆိုထားရာနေရာတွင် ကျောင်းဖန်းယောင် ရောက် မနေသေးသည့်အတွက် စိတ်ထဲ မရွှင်မပျ ဖြစ်သွားရသော တုက္ကူးချင်းချင်းသည် အနောက်ဘက် တောင်စွယ် တောင် တန်းများနောက်သို့ ငုပ်ဆင်းဝင်ရောက်စ ပြုနေသည့် နေ ဝန်းကြီးကို ငေးမောကြည့်နေမိသည်။

ထိုအခိုက် သူမ၏အနားသို့ အမျိုးသမီး တစ်ယောက် ချဉ်းကပ်ရောက်ရှိလာသည်။



အမျိုးသမီးသည် အသက် (၄၀) ကျော်ကျော်လောက် ရှိသည်။ အရပ်အမောင်းက သာမန်ဖြစ်လျက် ကိုယ်ခန္ဓာ မှာမူ ပိန်လှီလှသည်။ မျက်ဝန်းများမှာ မွဲခြောက်နေသည်။ မျက်တွင်းအတော်ပင်ချိုင့်သည်။

သက်လတ်ပိုင်းအရွယ် ရှိသေးသော်လည်း ဆံပင်များ အားလုံးနီးပါး ဖြူဖွေးနေသည်။ ဆံပင်များကိုဖြစ်သလို စည်းထားကာ ဆံပင်အချို့က ဖရိုဖရဲဖြင့် မျက်နှာပေါ် ကျနေသည်။ မျက်နှာပေါ်တွင်လည်း အမာရွတ်များရှိနေ သည်။

သို့သော် နှာခေါင်းတစင်းကာ ပေါ်လွင်လျက် သွား တို့ကလည်း ဖြူဖွေးညီညာသည်။ နှုတ်ခမ်းပုံကတော့ တစ် မျိုး။ အပေါ် နှုတ်ခမ်းက ဖူးဖူးလေး ဖြစ်သော်လည်း အောက်နှုတ်ခမ်းကတော့ အောက်သို့ တွဲကျနေသည်။

ဝတ်ထားသော အဝတ်အစားများကလည်း အခြား သူ များလို သားသားနားနားမဟုတ်။ ဟောင်းနွမ်းစုတ်ပြတ် နေသည်။

တစ်ချိန်က ချောမော လှပခဲ့သော်လည်း လောကဓံ မုန်တိုင်းဒဏ်ကို အပြင်းအထန်ခံရလျက် ဘေးဒုက္ခအတော် များများ ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း သိသာသည်။

ထိုအမျိုးသမီးသည် တုက္ကူးချင်းချင်းမျက်နှာကို စူးစိုက် ကာကြည့်လိုက်ပြီး စကားစပြောသည်။

"ကြည့်စမ်း.... မင်းဟာ တုက္ကူးမောက်လိုင်ရဲ့ သမီး တုက္ကူးချင်းချင်း မဟုတ်လား၊ ကျုပ်က မင်းအဖေတုက္ကူး

မောက်လိုင်ရဲ့အရမ်းခင်မင်တဲ့ မိတ်ဆွေ ငါးပျံမာအန်းနား ပါ၊ မင်းငယ်ငယ်က ကျုပ်လက်နဲ့ ချီပိုးခဲ့တာပေါ့၊ အခုတော့ အပျိုကြီးဖားဖားဖြစ်ပြီး ချောလို့ လှလို့ ပါလား၊ မင်းရဲ့ချစ်သူကို လာစောင့်နေတာ ထင်ပါရဲ့"

"ဟာ… ဒေါ်လေးကလဲ"

ငါးပျံမာအန်းနား၏နောက်ဆုံးစကားလုံးများကြောင့် တုကူးချင်းချင်းမှာ ရှက်စနိုးဖြစ်လျက် ပါးစပ်မှ အလိုလို ပြောလိုက်မိသည်။

ဘာရယ်ညာရယ်လို့တော့မဟုတ်။ မိမိဖခင်၏ မိတ်ဆွေရင်းချာဟုဆိုလာသောကြောင့် 'ဒေါ်လေး'ဟု ခေါ်ဝေါ် သုံးမိသည်။

ငါးပျံမာအန်းနားသည် တလှုပ်လှုပ်တရွရွဖြင့်သွားလာ လှုပ်ရှားနေကြသောလူများကို လက်ဝှေ့ယမ်းပြလိုက်ပြီး စကားဆက်ပြော၏။

"ဟောဒီကလူတွေကိုကော မင်းကိုကော သတိပေးစကားပြောချင်တယ်၊ ဒီလိုပြောပြချင်လို့ ကျုပ် ငါးပျံမာအန်းနားဟာ ပုန်းခိုနေတဲ့နေရာက စွန့်စားထွက်လာရတာ၊ အားလုံး သေသေချာချာနားထောင်၊ ကျုပ်တို့တိုင်းပြည်ကို ကျူးကျော်နယ်ချဲ့သိမ်းပိုက်ဖို့ ကြိုးစားနေတဲ့ ချိတန်းနယ်ချဲ့သမားတွေရဲ့ အန္တရာယ်ရန်စွယ်ကို ရိုက်ချိုးပစ်ရမယ်….

"သူတို့ရဲ့လက်ကိုင်တုတ်ဖြစ်တဲ့ကျားဘုရင်ဂိုဏ်းကိုတိုက်ခိုက်ချေမှုန်းရမယ်၊ဒီလိုမှမဟုတ်ရင်ကျုပ်တို့ဘာစီတွေ နယ်ချဲ့



သမားတွေရဲ့ လက်အောက်မှာ ကျွန်သပေါက်တွေအဖြစ် ပြားပြားဝပ်နေရတဲ့ဘဝမျိုး ရောက်သွားလိမ့်မယ်၊ ဒီမယ် တုကူးမောက်လိုင်ရဲ့သမီး အချောအလှလေးရဲ့၊ ကျုပ်လဲ တစ်ချိန်တုန်းကတော့ မင်းလိုပဲ မိန်းမချော တစ်ယောက် ပေါ့….

"ချိတန်းနယ်ချဲ့တွေရဲ့လက်ကိုင်တုတ် ကျားဘုရင်ဂိုဏ်းရဲ့လုပ်ရပ်တွေကိုသိပြီး ဖော်ထုတ်မယ်ကြံမိလို့ သင်းတို့က ကျုပ်ရဲ့ခင်ပွန်းနဲ့ ဆွေမျိုးသားချင်းတွေကို ဖမ်းဆီးကြတယ်၊ လူမဆန်တဲ့နည်းတွေနဲ့ နှိပ်စက်ပြီး သတ်ပစ်ကြတယ်၊ ကျုပ်တောင်ကံကောင်းလို့ ဒီအယုတ်တမာ သိုင်းသမားလူကြမ်းတွေလက်က လွတ်အောင် ထွက်ပြေးလာနိုင်ခဲ့တာ၊ သင်းတို့ နှိပ်စက်ခဲ့ကြတဲ့ဒဏ်ကြောင့် ကျုပ်အခုလို ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတာ၊ဒီတိုင်းပြည်သစ္စာဖောက်သိုင်းသမားဆိုးတွေကို ဒီအတိုင်းကြည့်နေကြမှာလား"

ဒေါသမာန်အပြည့်နှင့် တတွတ်တွတ်ပြောနေသော ငါးပျံမာအန်းနား၏ အမူအရာ ချက်ချင်း ပြောင်းသွားသည်။ ကြောက်လန့်တုန်လှုပ်သည့်အသွင် ပေါ်လာပြီး နှိမ့်ချရိုကျိုးသော အမူအရာဖြစ်လာသည်။

"တစ်ပြားတစ်ချပ်လောက် ပေးသနားခဲ့ပါလား မိန်းကလေးရယ်"

သူတောင်းစားတစ်ယောက်အသွင်မျိုးဖြင့် အသနားခံလာသည်။

ရုတ်တရက်တော့ တုက္ကူးချင်းချင်းမှာ အံ့အားသင့်သွားသည်။ ကြင်နာတတ်သောစိတ် ရှိသည့်အပြင် မိမိဖခင်၏ မိတ်ဆွေရင်းချာလည်းဖြစ်သောကြောင့် တုက္ကူးချင်းချင်းတ အသပြာများပေးကမ်းရန် နှိုက်ယူလိုက်သည်။

သို့ရာတွင် ငါးပုံ့မာအန်းနားသည် တုက္ကူးချင်းချင်း ပေးကမ်းမည့် အသပြာကိုပင် လက်ခံမယူတော့ဘဲ ကြောက်လန့်တကြားပင် ထွက်ပြေးသွားသည်။ လှုပ်ရှားပြေးလွှားမှုကတော့ မြန်ဆန်လှသည်။

လှစ်ခနဲ ပြေးထွက်သွားရာ ရုတ်ခြည်းဆိုသလိုပင် တုက္ကူးချင်းချင်းမြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ငါးပုံ့မာအန်းနားတစ်ယောက် ရုတ်တရက် ကြောက်လန့်တကြား ထွက်ပြေးသွားပုံမှာ ထူးခြားလှသည့်အတွက် တုက္ကူးချင်းချင်းသည် အနီးဝန်းကျင်သို့ မျက်စိကစားကာ အကဲခတ်လိုက်သည်။

ထင်းရှူးပင်ညီနောင်နှင့်မလှမ်းမကမ်းရှိချုံကွယ်တစ်ခုမှ မိမိတို့ရှိရာသို့ ချောင်းကြည့်နေသော အမျိုးသမီးကြီးတစ်ယောက်ကို ရိပ်ခနဲမြင်လိုက်ရသည်။

အမျိုးသမီးကြီးသည် အသက် ငါးဆယ်ခန့်ရှိသည်။ အရပ်မြင့်မားကာ ကိုယ်ခန္ဓာတုတ်ခိုင်သည်။ အရိုးအဆစ်ကြီးသည်။ ရက်စက်ကြမ်းကြုတ်သည့်အသွင်ရှိသည်။ သားသတ်သမားတစ်ယောက်နှင့်ပင် တူနေပေသေးသည်။

အနက်ရောင်ဝတ်စုံကိုဝတ်လျက် လွယ်အိတ်ကြီးတစ်လုံးကို စလွယ်သိုင်းလွယ်ထားသည်။ လွယ်အိတ်ကြီးထဲတွင် မြင်း



လှည်းမောင်း ပြိုင်ပွဲရက်တွင် လူကြိုက်အများဆုံး စားသောက်ကုန်ဖြစ်သည့် အသားပြွမ်း ကောက်ညှင်းကျည်တောက်လေးများထည့်ထားသည်။

အသားပြွမ်း ကောက်ညှင်းကျည်တောက် လှည့်လည်ရောင်းချသော ဈေးသည်မိန်းမကြီးအသွင်ဖြစ်သည်။

ဝတ်စုံနက်မိန်းမကြီးသည် တုက္ကူးချင်းချင်းရှိရာသို့ အသာလျှောက်လာသည်။

"သခင်မလေးက သိုင်းသမားဆိုး လူမိုက်မိတ်ဆွေတွေလဲ ရှိတာပဲကိုး"

အမျိုးသမီးကြီးက သူမတို့ ပြောသည်။

ငါးပျံ့မာအန်းနား ထွက်ပြေးသွားရာဘက်သို့လည်း မလိုလားသည့်အမူအရာဖြင့် မေးငေါ့ပြသေးသည်။

"သူက ကျွန်မရဲ့မိတ်ဆွေမဟုတ်ပါဘူး၊ သူ့ဘာသာသူလာပြီး ပြောချင်ရာပြောနေတာပါ"

ကျွားဘုရင်ဂိုဏ်းသည် ယန်ဖူးမြို့ငယ်လေးတွင် အင်အားအတောင့်တင်းဆုံးဂိုဏ်းဖြစ်သည်။ မာအန်းနားက ကျွားဘုရင်ဂိုဏ်းအပေါ် ရင့်ရင့်သီးသီးစကားများ ပြောကြားသွားခဲ့သည့်အတွက် တုက္ကူးချင်းချင်းက စကားထိန်းထိန်းသိမ်းသိမ်းပြန်ပြောသည်။

ကျွားဘုရင်ဂိုဏ်းသည် အတန်ငယ်ဟော့ဟော့ရမ်းရမ်းရှိကာ ယန်ဖူးမြို့လေးတွင်လည်း လူတွင်ကျယ်လုပ်နေရာ တုက္ကူးချင်းချင်းက သိပ်မနှစ်မြို့လှပေ။

သို့သော် ကျားဘုရင်ဂိုဏ်း၏ ကျားဝိညာဉ် အတွင်းအားကျင့်စဉ်နှင့် ကျားခင်း သိုင်းပညာကိုတော့ အထင်ကြီးမှုရှိသည်၊ လေ့လာသင်ယူမှုပင် ပြုနေသည်။

“ဒီလိုဆိုရင်တော့ ကောင်းပါတယ်လေ၊ ကျုပ်စိတ်ထဲမှာတော့ သူက သခင်မလေးကို ကောင်းကောင်း သိထားနေတယ်လို့ ထင်မိတာပဲ၊ ပြီးတော့ သခင်မလေးကလဲ အဲဒီ မိန်းမပြောတဲ့ စကားတွေကို စိတ်ဝင်တစား နားထောင် နေခဲ့သလိုမျိုးဖြစ်နေတယ်....

“အင်း....ဒီမိန်းမကို ကျုပ်သိသလိုလိုပါဘဲ၊ နေဦး....နေဦး၊ ဟုတ်ပြီ၊ သူဟာ ကြိုးကြာဂိုဏ်းချုပ် ကြူးပတ်နင်ရဲ့ မိန်းမ မာအန်းနားပဲ၊ ကျားဘုရင်ဂိုဏ်းကို အန်တုလို့ ကြိုးကြာဂိုဏ်းတစ်ခုလုံး ကျူပင်ခုတ် ကျူငုတ်မကျန်အောင် အချေမှုန်းခံလိုက်ကြရတာမှာ ဒီမိန်းမက အသက်ခံရတော့မယ့်ဆဲဆဲ အလွတ်ရုန်း ထွက်ပြေးသွားခဲ့တာ၊ အခုတော့ ကျုပ်နဲ့မှ လာတိုးနေတယ်၊ ကျုပ်နာမည် ပင့်ကူနက် ယောက်စွမ်းကီတဲ့၊ ဒီနေ့ ဒီမိန်းမကို အမိဖမ်းပြီး ကျားဘုရင်ဂိုဏ်းလက် အပ်ရမယ်၊ ဖြော်....သွားလိုက်ဦးမယ်နော် သခင်မလေး”

ပင့်ကူနက် ယောက်စွမ်းကီဆိုသူ မိန်းမကြီးသည် တစ်ယောက်တည်း ကြိမ်းဝါးပြောဆိုနေရာမှ တုကူးချင်းချင်းတို့ နှုတ်ဆက်ပြီး ခပ်သုတ်သုတ် လျှောက်လှမ်းထွက်သွားသည်။



နဂိုကပင် စိတ်မရွှင်မပျဖြစ်နေသော တုကူးချင်းချင်းမှာ စိတ်ညစ်ညူးသလိုလိုပင် ဖြစ်လာသည်။ ပင်လယ်ဂေဟာသို့ လှည့်ပြန်ရန်ပင် စိတ်ကူးမိသည်။

ထိုအချိန်မှာပင် သူတို့ရှိရာသို့ လူရွယ်နှစ်ယောက် လျှောက်လှမ်းရောက်လာကြသည်။ တစ်ယောက်ကကျောင်းဖန်းယောင်၊ နောက်တစ်ယောက်ကတော့ တုကူချင်းချင်းမျက်မှန်းတန်းမိထားသော ခမ်းယန်ကွမ်း ဖြစ်သည်။

ခမ်းယန်ကွမ်းသည် မြင်းလှည်းမောင်း ကျွမ်းကျင်ပြီး သိုင်းပညာလည်း အတော်စွမ်းကာ သည့်နှစ် မြင်းလှည်းမောင်း ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲမည့် သိုင်းလုလင် တစ်ယောက် ဖြစ်ကြောင်း တုကူးချင်းချင်း သိထားသည်။

ကျောင်းဖန်းယောင် ရောက်လာ၍ ဝမ်းသာသွားသော်လည်း မိန်းမပျိုလေးတို့၏ ဉာဉ်အတိုင်း တုကူးချင်းချင်းသည် စိတ်ကောက်လျက် မျက်နှာထား ခပ်တည်တည်လုပ်ထားသည်။

ကျောင်းဖန်းယောင်ကိုပင် လှမ်းနှုတ်ဆက်ခြင်း မပြု။

တုကူးချင်းချင်း မျက်နှာထား ညိုနေသည့်အတွက် ကျောင်းဖန်းယောင် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သည်။ ဘာလုပ်ရမည်ကို မသိ။

“နောက်ကျသွားတဲ့အတွက် အပြစ်တင်မယ်ဆိုရင် ကျွန်တော့်ကိုပဲ အပြစ်တင်ပါ၊ ကျွန်တော်တို့ နှစ်ယောက်အတူတူလာကြရာ လမ်းမှာ ကျွန်တော့်ကို နှုတ်ဆက်ကြသူ

တွေကြောင့် ခရီးဖင့်သွားလို့ပါ၊ ကျွန်တော် တောင်းပန်ပါတယ်''

ခမ်းယန်ကွမ်းက ဝင်ပြောသည်။

''ရပါတယ်လေ ကိစ္စမရှိပါဘူး၊ ချိန်းထားတဲ့အချိန် ရောက်မလာဘဲ နောက်ကျလို့ စောင့်နေရတဲ့အတွက် ကျွန်မမှာ နားမထောင်ချင်တဲ့စကားတွေ နားထောင်ရ၊ မကြားချင်တာတွေကြားရတော့ ဖြစ်သွားတယ်''

စိတ်ကောက်သယောင်သာ ပြုနေသော တုကူးချင်းချင်းသည် ပြိုင်ပွဲဝင်တော့မည့် ခမ်းယန်ကွမ်း၏ တောင်းပန်မှုကို ဆက်ခံသလိုလုပ်ကာ မိမိစိတ်ထဲတွင် ရှိနေသော မကျေနပ်ချက်ကိုလည်း ထုတ်ပြောလိုက်သည်။

''ဘယ်လိုဖြစ်လို့လဲ ဟင်''

ကျောင်းဖန်းယောင်က ပျာပျာသလဲမေးရာ တုကူးချင်းချင်း စိတ်နှလုံးချမ်းမြေ့ကျေနပ်သွားရသည်။

တုကူးချင်းချင်းလည်း ငါးပျံ မာအန်းနား၊ ပင့်ကူနက် ယောက်စွမ်းကိတို့ ပြောကြားသွားကြသည့် စကားများကို အကျဉ်းချုပ်က ပြောပြလိုက်သည်။

''မာအန်းနားတို့ ကြိုးကြာဂိုဏ်းက ကျားဘုရင်ဂိုဏ်း လို ဟန်ဟိတ်ကြီးနေတဲ့ ဂိုဏ်းကြီးတစ်ခုကို သွားရန်စမိတော့ ထိုးယံပဲ နာသွားခဲ့တာပေါ့၊ သူ ထိုးကြည့်ရတာ သနားစရာကောင်းပေမယ့် သူတို့အပြစ်ရှိလို့ ခံကြရတာ ပါပဲလေ''



တုကူးချင်းချင်း စကားအဆုံးသတ်တွင် ထည့်ပြောလိုက်သည်။

ကျားဘုရင်ဂိုဏ်းသည် ယန်ဖူးမြို့ငယ်လေးတွင် အင်အား အကောင်းဆုံး ဦးစီးရှေ့ဆောင် ဂိုဏ်းကြီးတစ်ခု ဖြစ်လေရာ ပင်လယ်ဂေဟာ၏ သခင်မလေးအဖြစ် ဆက်ခံထားသည်မှာ မကြာလှသေးသော တုကူးချင်းချင်း အနေဖြင့် ကျားဘုရင်ဂိုဏ်းနှင့် အဆင်ပြေပြေရှိအောင် သတိထား နေရသည်။

ထို့ပြင် ကျားဘုရင်ဂိုဏ်း၏ အင်အားနှင့် သိုင်းစွမ်းရည် မြင့်မားမှုတို့အပေါ် အထင်ကြီးသည့်စိတ်လည်း တုကူးချင်းချင်းထံတွင် ရှိနေသည်။ အခြေအနေကို နားမလည်နိုင်သည့် လူမိုက်များသာ ကျားဘုရင်ဂိုဏ်းနှင့် ပြဿနာ ဖြစ်ပွားမည်ဟုလည်း တုကူးချင်းချင်းက ယူဆထား၏။

ကျောင်းဖန်းယောင်က တစ်စုံတစ်ရာ ပြောမည်ပြု၏။

သို့သော် ဘာစကားမျှ မဟနိုင်မီ ခမ်းယန်ကွမ်းက ဦးအောင် ကြားဖြတ်ဝင်ကာ ပြောသည်။

''နေဝင်သွားပြီဆိုတော့ လထွက်တော့မယ်၊ မြင်းလှည်းပြိုင်ပွဲစဖို့ အချိန်နီးနေပြီ၊ တာထွက်ပန်းတိုင်နေရာကို သွားကြပါစို့''

ဤသို့ဖြင့် လေးယောက်သား မြင်းလှည်းပြိုင်ပွဲ တာလွှတ်မည့်နေရာသို့ လျှောက်လှမ်းလာခဲ့ကြသည်။

မြင်းလှည်းမောင်းပြိုင်ပွဲကို ယန်ဖူး မြင်းနားစခန်းဟောင်း၏ မြင်းဇောင်းနေရာမှ စတင်လွှတ်ကာ တစ်မိုင်

ခွဲခန့်ဝေးသည့် သစ်ခွပန်းလမ်းဆုံသို့ မောင်းနှင်ကာ ယန်ဖူး မြင်းနားစခန်းဘက် ပြန်မောင်းပြီး မြင်းဇောင်းနေရာတွင် ပြန်လည် ပန်းဝင်ရမည်ဖြစ်သည်။

ထို့ကြောင့် ထိုမြင်းဇောင်းကို တာထွက်ပန်းတိုင်နေရာဟု ခေါ်ဆိုကြသည်။

မြင်းလှည်းမောင်းပြိုင်ပွဲ တာထွက်နေရာသို့ လျှောက်လှမ်းသွားကြရင်း ခမ်းယန်ကွမ်းက ကျောင်းဖန်းယောင်ကို စကားအရမ်းမပြောဘဲ ထိန်းသိမ်းဆင်ခြင်ရန် မျက်ရိပ်မျက်ယောင်ပြကာ သတိပေးသည်။

* * *

မြင်းလှည်းမောင်းပြိုင်ပွဲ၏ တာထွက်ပန်းတိုင်နေရာသို့ လူတိုင်းလာခွင့်မပြု။ မြင်းလှည်းမောင်း ပြိုင်ပွဲဝင်မည့်သူများ၏ မိသားစုများနှင့်အတူ ဖိတ်ကြားထားသော ဧည့်သည်များကိုသာ လာခွင့်ပြုသည်။

ကျန်ပရိသတ်များကတော့ မြင်းလှည်းမောင်းယှဉ်ပြိုင်ရာ လမ်းတစ်လျှောက် သင့်လျော်ရာနေရာများရွေး၍ ကြည့်နိုင်သည်။

ပင်လယ်ဂေဟာ သခင်မလေး ရေသူမနတ်မယ် တုကူးချင်းချင်းမှာ အထူးဖိတ်ကြားခံရသည့် သီးသန့် ဧည့်သည်တစ်ယောက် ဖြစ်ပေရာ သူမကို့ အဖော်ပြု ပါရှိလာသော



ကျောင်းဖန်းယောင်နှင့် ရဲရွှေတော်မိန်းကလေး တာ့ပိုင်ဝေးတို့လည်း အထူးဧည့်သည်များအဖြစ် တာထွက် ပန်းတိုင်နေရာသို့ ဝင်ရောက်နိုင်ကြသည်။

ပြိုင်ပွဲဝင် မြင်းလှည်းတို့ တာထွက်ရန် နေရာယူ စီစဉ်ပြင်ဆင်နေကြရာ ခမ်းယန်ကွမ်းလည်း မိမိ၏ မြင်းလှည်းရှိရာသို့ ခပ်သုတ်သုတ်ထွက်သွားသည်။

ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲဝင် မြည်းလှည်းပေါ်တွင် အတူထိုင်ကာ လိုက်ပါမည့် မိန်းမပျိုကို တာထွက်ပန်းတိုင်နေရာတွင် ရှိသည့် မိန်းကလေးများထဲမှ ရွေးချယ် ဖိတ်ခေါ်ကြရသည်။

ထိုသို့ဖိတ်ခေါ်ရာတွင် မိန်းမပျို၏အဖော်ယောကျ်ားမျိုးဒါမှမဟုတ် အအုပ်အထိန်းပါရှိလာသူ၏ သဘောတူခွင့်ပြုချက်ကို ရယူရန်တော့ လိုအပ်သည်။ ထိုသူတို့က သဘောမတူလျှင်တော့ ယဉ်ကျေးစွာ နောက်ဆုတ်သွားရသည်။

ဤသည်မှာ သိုင်းလောက၏ ထုံးတမ်းစဉ်လာတော့ မဟုတ်ပါ။ ယန်ဖူး မြင်းနားစခန်းခေတ်က မြင်းလှည်းပြိုင်ပွဲများတွင် လိုက်နာလုပ်ဆောင်ခဲ့ကြသည့် စည်းကမ်းသတ်မှတ်ချက်သာ ဖြစ်သည်။

ယန်ဖူးမြို့လေး စည်ပင်လာခဲ့ကာ မြင်းလှည်းပြိုင်ပွဲကိုလည်း သိုင်းသမားတို့၏ ယှဉ်ပြိုင်မှုပွဲတစ်မျိုးအဖြစ် ပြောင်းလဲလာသော်လည်း ထိုစည်းကမ်းကိုတော့ အစဉ်အလာမပျက်ရအောင် ဆက်ခံထိန်းသိမ်း ထားခဲ့သည်။

တစ်မျိုးထူးခြားသော စည်းကမ်းချက်နှင့် လုပ်ဆောင်မှုမို့ သိုင်းသမားများကလည်း နှစ်သက်လက်ခံကာ လိုက်နာခဲ့ကြသည်။

ပြိုင်ပွဲဝင်မည့်မြင်းလှည်း (၁၀)စီးရှိသည်။

အစိကပြိုင်ပွဲမလုပ်မီ ပဏာမယှဉ်ပြိုင်ပွဲများပြုလုပ်ပြီး ရွေးထုတ်ထားသော ဆန်ခါတင် ပြိုင်ပွဲဝင်မြင်းလှည်းများဖြစ်ကြသည်။

ထိုပြိုင်ပွဲဝင် မြင်းလှည်းမောင်းသမား (၁၀)ဦးတွင် ကျားဘုရင်ဂိုဏ်းမှ သိုင်းသမား ကျားရဲ ယန်ထယ်မိုလည်း ပါဝင်သည်။

ယန်ထယ်မိုသည် ကျားဘုရင်ဂိုဏ်း ဂိုဏ်းချုပ်ကြီးကိုးတောင်ကျား ယန်လုယန်၏ တူတော်စပ်ပြီး ကျားဘုရင်ဂိုဏ်းတွင် အရေးပါသော ဂိုဏ်းခွဲမှူး တစ်ယောက်လည်းဖြစ်သည်။

အသက်(၃၀)ကျော် အရွယ်ရှိသော်လည်း ရုပ်ရည် ခန့်ညားကာ အရွယ်တင် နုပျိုသည့်အတွက် အသက် (၂၀) ဝန်းကျင် လူငယ်လူရွယ်တစ်ယောက်လို ထင်ရသည်။ အရပ်မြင့်မားကာ ကျစ်လျစ်သန်မာသော ကိုယ်လုံးကိုယ်ပေါက်ရှိသည်။

ယန်ထယ်မိုသည် ကျားဘုရင်ဂိုဏ်း၏ အဝေးရောက် ဂိုဏ်းခွဲမှူး တစ်ယောက်အဖြစ် အနယ်နယ် အရပ်ရပ်တွင် လှုပ်ရှားနေရာမှ ယန်ဖူးမြို့လေးသို့ ရောက်လာသည်မှာ



တစ်နှစ်ပင် မပြည့်သေးပေ။ သူ့အကြောင်းကို ယန်ဖူးမြို့ရှိ သိုင်းသမားများ သိပ်တော့မသိကြသေးပါ။

ရုပ်ရည် ချောမောကာ ဝတ်ကောင်း စားလှများဖြင့် သား သား နား နား ဝတ်ဆင်တတ်ကာ အပြောအဆို ကောင်းပြီး ယန်ဖူးမြို့တွင် တွင်ကျယ်နေသော ကျားဘုရင်ဂိုဏ်း၏ အရေးပါသော ဂိုဏ်းခွဲမှူး တစ်ယောက်လည်းဖြစ်သောကြောင့် လူအများကလည်း စိတ်ဝင်စားကြသည်။

အထူးသဖြင့် ယန်ဖူးမြို့လေးရှိ မိန်းမပျိုများ၏အသိုင်းအဝိုင်းတွင် ယန်ထယ်မို၏အကြောင်း ပြောမဆုံးအောင်ရှိနေကြသည်။ ယန်ထယ်မိုကိုအရေးပေးသော သိုင်းကညာပျိုမေကလည်း အရေအတွက် မနည်းလှ။

ပြိုင်ပွဲဝင် မြင်းလှည်းများတွင် ကျားရဲ ယန်ထယ်မို၏ မြင်းလှည်းမှာ အသားနား အထည်ဝါဆုံး ဖြစ်သည်။ ပြိုင်ပွဲဝင် မြင်းလှည်းမို့ အတတ်နိုင်ဆုံး ဝန်ပေါ့စေရန် အဆီထုတ်ထားသော ထင်းရှူးအပွသားဖြင့် ပြုလုပ်ထားသည့်တိုင် အကောင်းစား ကြွေဆေးများဖြင့် အရောင်တင်ကာ ကျောက်စိမ်းများ၊ စိန်ပွင့်များ၊ ပုလဲလုံးလေးများကို စီခြယ်ထားသည်။

လှည်းဆွဲမြင်းများကတော့ မွန်ဂိုမြင်းနက်ကြီးများ ဖြစ်သည်။ လှည်းဆွဲမြင်းနက်ကြီး နှစ်ကောင်သည် အလုံးညီ ဒေါက်ညီလျက် ကြွားရွားနေကြသည်။

တုကူးချင်းချင်းသည် ယန်ထယ်မိုနှင့် မျက်နှာချင်းဆိုင်စကား မပြောဖူးသေးသော်လည်း ယန်ဖူး မြို့လေးတွင်

ထင်ရှားကြသူများမို့ တစ်ယောက်ကိုတစ်ယောက် မည်သူမည်ဝါမှန်းတော့ သိကြသည်။

သိုင်းသမားများသည် မားကောင်းကို မြတ်နိုးသလို မြင်းကောင်းကို နှစ်သက်သည်။

တုက္ကူးချင်းချင်းလည်း ဒေါက်ကောင်း သန်မာသော မွန်ဂိုမြင်းနက်ကြီး နှစ်ကောင် က,ထားသော ဆေးရောင်နှင့် ရဘနာရောင်များ ဖိတ်ဖိတ်တောက်နေသည့် ယန်ထယ်မို၏ ပြိုင်ပွဲဝင်မြင်းလှည်းကြီးကို မကြည့်ဘဲ မနေနိုင်သောကြောင့် လှမ်းကြည့်မိသည်။

ထိုအခါ မြင်းလှည်းကြီး၏ဘေးတွင် ဝတ်ကောင်း စားလှနှင့် ဟန်ရေးပြနေသော ယန်ထယ်မိုကိုပါ ကြည့်သလိုဖြစ်သည်။

ယန်ထယ်မိုက မသိမသာ ဦးညွတ်သည်။

တုက္ကူးချင်းချင်းလည်း မပွင့်တပွင့်လေး ပြုံးသယောင်ယောင် ပြုမိသည်။

ခဏအကြာတွင် ပြိုင်ပွဲဝင်မြင်းလှည်းများ ထွက်ရန်နေရာချထားပြီး၍ မြင်းလှည်းပေါ်တွင် အဖော်ပြုလိုက်ပါမည့် မိန်းမပျိုများကို ဖိတ်ခေါ်ရမည့်အချိန်သို့ ရောက်လာသည်။

တုက္ကူးချင်းချင်းသည် ကျောင်းဖန်းယောင်နှင့် အတူယှဉ်ကာ ရပ်နေရင်း ခမ်းယန်ကွမ်း မည်သူ့ကို ဖိတ်ခေါ်မည်နည်းဟူ စောင့်ကြည့်နေသည်။



ထိုအခိုက် သူမ၏ရှေ့သို့ ကျားရဲယန်ထယ်မို ရောက်လာသည်။

"ရေသူမနတ်မယ် တုက္ကူးချင်းချင်း မဖွော်ပါလား"

သိုင်းသမားတစ်ယောက်၏ လေးစားဂါရဝပြုမှု လုပ်လျက် ယန်ထယ်မိုက စကားစသည်။

"ဪ....တုတ်ပါတယ်"

တုက္ကူးချင်းချင်းလည်း တုံ့ပြန် ဂါရဝပြုကာ ပြန်ဖြေသည်။

ကျောင်းဖန်းယောင်တစော့ ကျားဘုရင် ဂိုဏ်းသားများနှင့် သိပ်အရောတဝင် မလုပ်လို။ သို့သော် ရိုင်းရာကျမည် စိုးသောကြောင့် တုက္ကူးချင်းချင်းနှင့်အတူ တုံ့ပြန်ဂါရဝ ပြုလိုက်ရသည်။

"ကျွန်တော်ရဲ့ မြင်းနက်ကြီးတွေနဲ့ပြိုင်ပွဲဝင်မြင်းလှည်းကို ရေသူမနတ်မယ်လေးက သဘောကျနှစ်သက်စွာ ကြည့်ပြီး ပြုံးသွားတာ ကျွန်တော် သတိပြုမိ လိုက်ပါတယ်၊ တကယ်လို့ ဟောဒီကမိတ်ဆွေကသာ သဘောတူခွင့်ပြုမယ်ဆိုရင် ရေသူမ နတ်မယ်လေးကို ကျွန်တော့်ရဲ့ ပြိုင်ပွဲဝင်မြင်းလှည်းပေါ်မှာ လိုက်ပါ စီးမြင့်ပေးဖို့ ဖိတ်ခေါ်ပါရစေ....

"ရေသူမ နတ်မယ်လေးသာ စီးနင်းလိုက်ပါ အဖော်ပြုပေးမယ်ဆိုရင် မင်္ဂလာအပေါင်းခညောင်းပြီး ဒီပြိုင်ပွဲမှာ ကျွန်တော်အနိုင်ရနိုင်ပါလိမ့်မယ်"

ယန်ထယ်မိုက ခွင့်ပန်သည်။

ခွင့်ပန်ဟန်သည် သိုင်းသမား တစ်ယောက်၏ အသွင်မဟုတ်တော့။ ယန်ဖူးမြင်းနားစခန်း၏ မြင်းလှည်း ပြိုင်ပွဲများတွင် ခွင့်ပန်သည့် အပြောအဆို ဟန်ပန်လေသံအပြည့် ဖြစ်သည်။

ယန်ထယ်မိုး၏ ခွင့်ပန် စကားကြောင့် ကျောင်းဖန်းယောင်ရော တုကူးချင်းချင်းပါ အံ့အား သင့်သွားကြလေသည်။

ကျောင်းဖန်းယောင်သည် ချိတန်းနယ်ခြံ တို့၏ ဘက်တော်သားလိုဖြစ်နေသော ကျားဘုရင်ဂိုဏ်းကို သဘောမကျ။ ကျားဘုရင်ဂိုဏ်း၏ နယ်ချဲ့အကျိုးဆောင်၊ အမျိုးသားသစ္စာဖောက် လုပ်ရပ်များကိုလည်း ရွံမုန်းနေသူ ဖြစ်သည်။

သို့သော်.... ပင်ကို စိတ်ထား ဖြောင့်မတ်ကာ အားလည်း နာတတ်သည့်အတွက် စိတ်ထဲက မပါသော်လည်း ယန်ထယ်မို၏ ခွင့်ပန်မှုကို အလိုလိုပင် အလိုက်အထိုက် ပြန်ပြောလိုက်မိသည်။

"ဩော်....အင်း....ဟုတ်တာပေါ့ ဟုတ်တာပေါ့"

ကျောင်းဖန်းယောင်၏ ပါးစပ်မှ ယောင်ယမ်းကာ လွှတ်ခနဲ ထွက်လာသော စကားများက ယန်ထယ်မို၏ ခွင့်ပန်မှုကို လက်ခံ သဘောတူသည့် သဘောဖြစ်နေရာ တုကူးချင်းချင်းမှာ မျက်နှာပင်တစ်ချက်ပျက်ကာ ကျောင်းဖန်းယောင်ကို ဖျတ်ခနဲကြည့်လိုက်မိသည်။



တုကူးချင်းချင်းသည် ကျားဘုရင်ဂိုဏ်း၏ သိုင်းပညာကိုသဘောကျနေမှု အခြေခံတော့ရှိသည်။ သို့ရာတွင် မိမိ၏ စိတ်ထဲတွင် ရည်စူးတိမ်းညွတ်နေပြီး ဖြစ်သော ကျောင်းဖန်းယောင်မှ လွဲ၍ အခြား မည်သူနှင့်မျှ မြင်းလှည်းအတူ တွဲကာ မစီးလို။

ပြီးတော့....ကျောင်းဖန်းယောင်နှင့်အတူ တွဲလျက်ရှိနေချိန်တွင် အခြား ယောကျ်ားပျိုတစ်ယောက်၏ နောက်သို့ လိုက်ပါမသွားလို။

သိုင်းကညာပျို တစ်ယောက်ဖြစ်သော တုကူးချင်းချင်း အနေဖြင့် သာမန် အချိန်အခါမျိုးဆိုလျှင် ကျောင်းဖန်းယောင်က ယောင်ယမ်းကာ သဘောတူစကားလို့လို ပြောသည့်တိုင် ယန်ထယ်မို၏ဖိတ်ခေါ်မှုကို အပြတ်ငြင်းပယ် ပစ်လိုက်မည်သာ ဖြစ်သည်။

ယခုမူ သိုင်းလောက အစဉ်အဆက်လုပ်ပုံကိုင်ပုံများနှင့် မတူသော စည်းကမ်း သတ်မှတ်ချက်တွေရှိနေသည့် ယန်ဖူးမြင်းနားစခန်းဟောင်း မြင်းလှည်းမောင်း ပြိုင်ပွဲဖြစ်နေသည့်အတွက် တုကူးချင်းချင်းမှာ လုပ်ချင်တိုင်း လုပ်မရနိုင်ပေ။

မြင်းလှည်းမောင်း ပြိုင်ပွဲ၏ စည်းကမ်း သတ်မှတ်မှုနှင့် ထုံးတမ်းစဉ်လာများကို လိုက်နာလုပ်ဆောင်ရမည့် အခြေအနေတွင် ရှိနေပေသည်။

"အခုလို သဘောတူခွင့်ပြုတာ အများကြီး ကျေးဇူးတင်လှပါတယ်ခင်ဗျာ၊ မိတ်ဆွေက သိပ်ကို သဘောထား

ကြီးတဲ့ လူတစ်ယောက်ပါပဲ၊ ရေသူမနတ်မယ် သခင်မလေး ကြွပါခင်ဗျာ”

ကျောင်းဖန်းယောင်၏ ယောင်ယမ်း ရေရွတ်လိုက်မှုကို မိမိရရ ဆုပ်ကိုင်အသုံးချကာ ယန်ထယ်မိုကတုကူးချင်းချင်းကိုဦးညွှတ်ကာ ဖိတ်ခေါ်လမ်းပြသည်။

တုကူးချင်းချင်းလည်း ကျောင်းဖန်းယောင်ထို့ မျက်စောင်းတစ်ချက်ထိုးကာ ယန်ထယ်မို၏ ဖိတ်ခေါ်ရာနောက်သို့ မလိုက်ချင်ဘဲ လိုက်ပါလာခဲ့ရလေတော့သည်။

★

## အခန်း (၂)

ပြိုင်ပွဲဝင် မြင်းလှည်း (၁၀)စီးတို့ အသင့် ရှိနေကြသည်။ ဒိုင်လူကြီး၏ အချက်ပေးမှုကို စောင့်နေကြ လေသည်။

ယန်ထယ်မို၏ ပြိုင်ပွဲဝင်မြင်းလှည်းကြီးပေါ်တွင် စိတ်ကသိကအောက်ဖြစ်စွာထိုင်နေရာမှ တုကူးချင်းချင်းသည် ခမ်းယန်ကွမ်း၏ မြင်းလှည်းပေါ်တွင် အဖော်မိန်းကလေး အဖြစ်လိုက်ပါသူ မည်သူမည်ဝါ ဖြစ်မည်နည်းဟု သိချင်၍ ကိုယ်ကိုင်း၍ လှမ်းကြည့်လိုက်သည်။

ခမ်းယန်ကွမ်း၏ မြင်းလှည်းထက်တွင် ထိုင်နေသူမှာ တုကူးချင်းချင်း တစ်ခါမျှမမြင်ဖူးသော မိန်းမချောလေး တစ်ယောက်ဖြစ်နေသည်။အသက်အရွယ်ကတုကူးချင်းချင်းနှင့် မတိမ်းမယိမ်းဖြစ်သည်။

ဝတ်စားထားသည့် အဝတ်အစားများကတော့ သည်အရပ်ဒေသရှိ လူများ၏ ဝတ်စုံမျိုး မဟုတ်။ တစ်မူဆန်းနေသည်။

တုကူးချင်းချင်းက အတွေးရခက်သလိုဖြစ်ကာ မျက်နှာလေးမသိမသာကြုတ်မိသည်။

"အဲဒါ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးရဲ့ တူမ ဝမ်းကွဲ မုလိဟွာလေ၊ ချိတန်နိုင်ငံကနေ အလည် ရောက်လာခိုက် ကြုံကြိုက်လို့ မြင်းလှည်းပြိုင်ပွဲလာကြည့်တာ၊ ဘယ်လိုလုပ်ပြီး အဲဒီလူက သူ့မြင်းလှည်းပေါ် ရောက်အောင် မိတ်ခေါ်နိုင်ခဲ့တာလဲမသိဘူး"

တုကူးချင်းချင်း၏ မျက်နှာ အမူအရာကို အကဲခတ်နေသောယန်ထယ်မိုက ပြောပြသည်။

"ဩြော်....ဟုတ်လား"

မိမိသိလိုနေသည့် မိန်းကလေးအကြောင်း ဖြစ်သော်လည်း တုကူးချင်းချင်းက သိပ်အရေးမထားသည့်အသွင်ဖြင့် ရေရွတ်သံလေးသာပြု၏။

"ရှေ့ကတန်းကို မြဲမြဲကိုင်ထားပါ၊ ဒိုင်လူကြီးတွေ အချက်ပြတာနဲ့ မြင်းလှည်းကို ဒုန်းစိုင်းမောင်းထွက်တော့မယ်၊ ကျွန်တော့်ရဲ့မြင်းလှည်းကိုဆွဲတဲ့မြင်းတွေက တကယ့်မွန်ဂိုမြင်းကောင်းမြင်းသန့်တွေပါ....

"ကောင်းကောင်းလဲ လေ့ကျင့်ပေးထားတယ်၊ ရေသူမနတ်မယ် ဆခင်မလေးကိုယ်တိုင် အဖော်ပြု စီလာဖြစ်



တယ်ဆိုတော့ ကျွန်တော့်မြင်းလှည်းကလွဲလို့ ဘယ်မြင်းလှည်းများ ဒီပြိုင်ပွဲမှာ အနိုင်ရနိုင်မှာလဲ"

ယန်ထယ်မို၏စကားအဆုံးတွင် ဒိုင်လူကြီးချုပ်လုပ်သူက မြင်းလှည်းပြိုင်ပွဲစည်းကမ်းများကို ပြိုင်ပွဲဝင်အားလုံးကြားအောင် အသံကျယ်ကျယ်ဖြင့်ပြောပြသည်။

"အားလုံး အသင့်ပြင်ကြပါ"

ထို့နောက် တာလွှတ်တာဝန်ကျသူ၏ သတိပေးသံပေါ်လာ၏။ ပြီးလျှင် တာလွှတ်ဒိုင်လုပ်သူက အချက်ပေးခရာမှုတ်လိုက်ရာ ပြိုင်ပွဲဝင်မြင်းလှည်း ၁၀-စီးသည် တစ်ဟုန်ထိုးမောင်းထွက်သည်။

အားပေးအော်ဟစ်သံများလည်း သောသောညံသွားသည်။

* * *

ပြိုင်ပွဲဝင်မြင်းလှည်း ၁၀-စီးသည် လေဟုန်ကိုခွင်းလျက် မိုးယံသို့ ပျံတက်တော့မည့်အလား အရှိန်ပြင်းစွာ မောင်းနှင်နေကြသည်။

ယန်ထယ်မို၏ ပြိုင်ပွဲဝင်မြင်းလှည်းထက်တွင် တုကူးချင်းချင်းမှာလည်း လျင်မြန်စွာပြေးနေသောအရှိန်နှင့်အတူ ရင်ဒိတ်ဒိတ်ခုန်နေ၏။

သူမသည် မြင်းစီးလည်းကျွမ်းကျင်ရာ မြင်းဒုန်းစိုင်းစီးသည့်အတွေ့အကြုံတွေကောင်းစွာရှိသည်။ အရှိန်ပြင်းပြင်းမောင်းနှင်သည့် မြင်းလှည်းကိုလည်း စီးဖူးသည်။

သို့ရာတွင်...

မြင်းလှည်းပြိုင်ပွဲမြင်းလှည်းပေါ်တွင် စီးနင်းလိုက်ပါမှုကတော့ သည်တစ်ခါ ပထမဆုံးဖြစ်သည်။ ပြိုင်ပွဲဝင်မြင်းလှည်း၏ အနေအထား အသွင်အပြင် ကိုယ်နှိုက်ကပင် သာမန် မြင်းလှည်းတွေထက် များစွာ ခြားနားသည်။

အရှုံးအနိုင်လုကာ လှည်းဆွဲမြင်းများကို ဇက်ကုန်နှင်၍ အရှိန်အဟုန်နှင့် မောင်းနှင်သည့်အခါတွင် သူမစီးဖူးသော မြင်းလှည်းတွေနှင့် ဘာမျှမဆိုင်တော့။

ပြိုင်ပွဲကြည့်သူ ပရိသတ်အများစုသည် အဝေးတွင် ကျန်ခဲ့ပြီး ပြိုင်ပွဲပြေးလမ်းတစ်လျှောက် သစ်ပင် ချုံနွယ်များ၊ တောမှ ရပ်ကြည့်နေသူများကိုလည်း ကောင်းစွာ မမြင်ရ။ ရိုးခနဲရိပ်ခနဲဖြစ်၍ ကျန်နေခဲ့သည်။

လေက တဝူးဝူး တဟူးဟူးတိုးဝှေ့နေသည်။

နေဝင်သွားပြီဖြစ်သော်လည်း လပြည့်ဝန်းကြီးက ထိန်ထိန်သာနေသည်မို့ အလင်းရောင်အေးအေးများ လွှမ်းမိုးဖြာကျနေသည်။ မြင်းခွာသံများနှင့် လှည်းဘီးသံတို့သည် ပတ်ဝန်းကျင်တစ်ဝှမ်းကို လွှမ်းမိုးထားသည်။

မြင်းလှည်း ၁၀-စီးလုံး သူမသာကိုယ်မသာ အကြိတ်အနယ်ပင်ရှိနေသည်။ မည်သည့်မြင်းလှည်းကမှ ဦးဆောင်သည့်နေရာတွင် ယူမထားနိုင်။ တစ်စီးက ရှေ့တိုးလာ



လိုက်၊ နောက်တစ်စီးက ရှေ့တက်လာလိုက်နှင့် ဖြစ်နေသည်။

တစ်မိုင်ခန့်အရောက်တွင်တော့ မြင်းလှည်း ၄-စီးရှေ့သို့ တိုးထွက်လာသည်။ ရှေ့သို့ တိုးထွက်လာကြသော မြင်းလှည်းများတွင် ယန်ထယ်မို့နှင့် ခမ်းယန်ကွမ်းတို့၏ မြင်းလှည်း ၂-စီးလည်းပါ၏။

ကျန်မြင်းလှည်း ၆-စီးကတော့နောက်ကျန်နေကြသည်။ ထိုမြင်းလှည်းများသည် ရှေ့သို့ တိုးထွက်သွားသော မြင်းလှည်းများကို အမီလိုက်နိုင်ရန် အပြင်းအထန် ကြိုးစားနေကြသည်။

ရှေ့သို့ တိုးထွက်လာနိုင်သော မြင်းလှည်း ၄-စီးကလည်း ဦးဆောင်နေရာကိုရနိုင်ရန် အသေအလဲပင် ကြိုးပမ်းကြသည်။

မြင်းလှည်းများ သူတင်ကိုယ်တင် အပြင်းမောင်းနေမှုများနှင့်အတူ တကူးချင်းချင်းလည်း စိတ်လှုပ်ရှားသာ၏။ မြင်းလှည်းပြိုင်ပွဲဟက်ကြွမှုသည် သူမကို လွှမ်းမိုး၍သာ၏။ သည်မြင်းလှည်းပေါ်သို့ မရောက်လိုဘဲရောက်ခဲ့ရသည့်အဖြစ်ကိုပင် မေ့ပျောက်သလိုဖြစ်လာသည်။

သို့သော် ထူးခြားသည်မှာ သူမစိတ်ထဲတွင် သူမကိုယ်တိုင် စီးနင်းလိုက်ပါလာသော ယန်ထယ်မို၏ မြင်းလှည်းကို အနိုင်ရစေလိုသည့်ဆန္ဒမရှိ။

ခမ်းယန်ကွမ်း၏ မြင်းလှည်းကိုသာ ပထမရလိုစိတ်များက ပြင်းပြထက်သန်နေသည်။

သစ်ခွပန်းလမ်းဆုံသို့ ရောက်လာသည်။

ရှေ့သို့တိုးထွက်နေသည့် မြင်းလှည်း ၄-စီးတွင် ဦးဆောင်မှုနေရာကို ရယူနိုင်သည့် မြင်းလှည်း ပေါ်ထွက်မလာသေး။ ယှဉ်ပြိုင်မှုကတော့ အကြိတ်အနယ်ရှိနေသည်။

သစ်ခွပန်းလမ်းဆုံကိုပတ်ကာ တာလွှတ်သည့်နေရာဖြစ်သော ယန်ဖူးမြင်းနားစခန်းဟောင်း၏ မြစ်ကွေ့သို့ပြန်လှည့်ကြသည်။

တာထွက်နေရာသည် ယခုတော့ ပန်းတိုင်နေရာဖြစ်သွားပြီ။ သစ်ခွပန်းလမ်းဆုံမှပတ်ပြီး ပြန်အထွက်တွင် ယန်ထယ်မိုနှင့် ခမ်းယန်ကွမ်းတို့၏ မြင်းလှည်းများသည် တတိယနှင့် စတုတ္ထနေရာတို့တွင် ရှိနေကြသည်။ ရှေ့တိုးဟက်နိုင်ရေး ကြိုးစားနေကြသည်။

သစ်ခွပန်းလမ်းဆုံသည် သိုင်းပညာစွမ်း ပြသယှဉ်ပြိုင်မှု စတင်ပြုလုပ်ရန် သတ်မှတ်ထားသည့်နေရာ ဖြစ်လေရာ ထိုလမ်းဆုံနေရာသို့ ဝင်မိသည်နှင့် မြင်းလှည်းမောင်းလာကြသော သိုင်းသမားတို့သည် တစ်လှည်းနှင့် တစ်လှည်း လှမ်း၍ တိုက်ခိုက်မှုများပြုကြလေတော့သည်။

ဓားပျံ၊ လက်ပစ်မြားတို၊ လုံငယ်စသည် လျှို့ဝှက်လက်နက်ပုန်းဟု မဆိုနိုင်သော အဝေးသို့လှမ်းပစ်နိုင်သည့် လက်နက်များကို အဓိကသုံးကာ ပစ်လွှတ်တိုက်ခိုက်သည်။

ယန်ထယ်မိုသည် အရှည် တစ်ပေခန့်ရှိသော လုံငယ်လေးများနှင့် လှမ်းပစ်တိုက်ခိုက်သည်။ သူ၏အဓိကပစ်မှတ်မှာ ခမ်းယန်ကွမ်းဖြစ်သည်။ ခမ်းယန်ကွမ်းကတော့ မြောက်



လက်မသာသာလောက်ရှည်သော လက်ပစ်မြားတိုများကို အားကိုးပြု အသုံးချသည်။

ခမ်းယန်ကွမ်းကလည်း ယန်ထယ်မိုကို အဓိက ပစ်မှတ်အဖြစ် ထားရှိသည်။

သစ်ခွပန်းလမ်းဆုံကို ကွေ့ပတ်ပြီး မူလ တာလွှတ်နေရာဆီသို့ ပြန်မောင်းရသည့် အချိန်တွင်တော့ လှည်းဆွဲမြင်းများ၏ ဇက်ကြိုးကို ဆွဲထိန်းမှုအတွက် သိပ်စိုးရိမ်စရာမလိုတော့သောကြောင့် တိုက်ခိုက်မှုများက ပို၍ များပြားသွက်လက်လာသည်။

ယန်ထယ်မိုဆိုလျှင် လှည်းဆွဲမြင်းတို့၏ ဇက်ကြိုးကိုပင် မကိုင်တော့။ ဇက်ကြိုးကိုချပစ်ကာ ညာလက်မှ လုံငယ်လေးများ တစ်စင်းပြီးတစ်စင်း ပစ်လွှတ်သလို၊ ဘယ်ဘက်တွင် ဓားရှည်ကိုင်ဆောင်ကာ မိမိထံဝင်လာသော အဝေးပစ်လက်နက်များကို ရိုက်ထုတ်ဖယ်ရှားသလို လက်လှမ်းမီလျှင် လှမ်း၍ ထိုးခုတ်တိုက်ခိုက်မှုလုပ်သည်။

သူ့ရှေ့ ဒုတိယနေရာတွင် ရောက်နေသော မြင်းလှည်းမောင်းသမားမှာ ယန်ထယ်မို၏ ဓားရှည်ထိုးခုတ်ချက်ကို ရှောင်တိမ်းရင်း မြင်းလှည်းမောင်းနှင်မှုတွင် လစ်ဟွာသွားလေရာ ယန်ထယ်မို၏ မြင်းလှည်းက ဒုတိယနေရာသို့ တိုးဝင်ယူလိုက်သည်။

"ဝှီး...ဝှီး... ဝှီး"

လက်ပစ်မြားတိုသုံးခု လွင့်ပျံဝင်လာသည်။

"ဒလဲ...ဒန်ဒန်"

ယန်ထယ်မိုက လူ့ထံသို့စင်လာသော လက်ပစ်မြားတို့ သုံးခုကို ဘယ်လက်တွင် ကိုင်ထားသော ဓားရှည်ဖြင့် ရိုက်ထုတ် ဖယ်ရှားပစ်လိုက်သည်။

ထိုသို့ ရိုက်ထုတ်ဖယ်ရှားပစ်လိုက်သည့် အချိန်မှာပင် ခမ်းယန်ကွမ်း၏ မြင်းလှည်းက ယန်ထယ်မို၏ မြင်းလှည်းကို လျင်မြန်စွာ ဖြတ်ကျော်တက်သည်။ ဒုတိယနေရာကို အကျခင်ယူသည်။

"တောက်..."

ယန်ထယ်မို မကျေမနပ် ဆောက်ခတ်မိသည်။

ခမ်းယန်ကွမ်းကို ဓားရှည်နှင့် လှမ်းပိုင်းရန်ပင် ဟန်ပြင်သည်။

သို့ရာတွင် သိုင်းပညာစွမ်းပြယှဉ်ပြိုင်ရန် သတ်မှတ်ပေးထားသည့်နေရာမှ ကျော်လွန်သွားသည့်အတွက် ယန်ထယ်မို ဓားရှည်ကို မဝင့်နိုင်တော့။ လှံငယ်သည်း မလွှတ်သာတော့။

ချထားသော မြင်းဇက်ကြိုးကို ညာလက်ဖြင့် ကောက်ယူကာ မြင်းလှည်းဆွဲ မြင်းများသာ အရှိန်အဟုန်မြင့် မောင်းနှင်ရလေတော့သည်။

သူ၏မြင်းလှည်း အမြန်နှုန်း ရုတ်တရက်မြင့်လာ ခမ်းယန်ကွမ်း၏ မြည်းလှည်းကို ကပ်ကာ ကျော်နိုင်သည်။ နှာတစ်ဖျားလောက် အသာဖြင့် ပထမနေရာသို့ ရောက်သွားသည်၊ ခမ်းယန်ကွမ်း၏ မြင်းလှည်းကလည်း အရှိန်တိုးကာ ကပ်လိုက်လာသည်။



ဤသို့ဖြင့် သူတို့နှစ်ယောက်၏ မြင်းလှည်းများသည် ပထမနှင့် ဒုတိယ နေရာတို့တွင် တစ်လှည့်စီ ရှိနေကြကာ အကြိတ်အနယ်ပင် ယှဉ်ပြိုင်မောင်းနှင်နေကြသည်။

တတိယနှင့် စတုတ္ထနေရာရှိ မြင်းလှည်းများကိုလည်း အတော်ကွာလှမ်းနေအောင် ဖြတ်ထားနိုင်ကြသည်။ ကျန် မြင်းလှည်း ခြောက်စီးကတော့ အနောက်ဘက်တွင် ပြတ်ကျန်နေကြလေပြီ။

ယန်ထယ်မိုနှင့် ခမ်းယန်ကွမ်းတို့နှစ်ယောက်သာ ဗိုလ်လုကြရတော့မည့် အနေအထားက ထင်ရှားလာသည်။

နှစ်ယောက်သား မြင်းလှည်းမောင်းစွမ်းရည်၊ သိုင်းပညာစွမ်းရည်တို့သာမက ကြံရည်ဖန်ရည်များပါ အိတ်သွန်ဖာမှောက် ဆိုသလို အကုန်အစင်ထုတ်သုံးကာ ယှဉ်ပြိုင်ကြရပေတော့မည်။

* * *

မြင်းလှည်းကို အပြင်း မောင်းရင်း သိုင်းပညာစွမ်းရည်ပြ ယှဉ်ပြိုင်ရန် သတ်မှတ်ပေးထားသည့်နေရာနယ်ပယ်ထဲ ဝင်လာသည်။

ဝင်မိသည်နှင့် ယန်ထယ်မိုနှင့် ခမ်းယန်ကွမ်းတို့ နှစ်ယောက် အသေအကျေ ပစ်ခတ်တိုက်ခိုက်ကြသည်။ ယန်ထယ်မိုက လှံငယ်သုံးစင်းလှမ်းပစ်သည်။ ခမ်းယန်ကွမ်းထံမှ

လည်း လက်ပစ်မြားတို့ သုံးခုနှင့် ဓားပျံတစ်ချောင်းလွင့်ပျံထွက်လာသည်။

နှစ်ယောက်လုံးပင် သူတို့ထံသို့ ဦးတည် ဝင်လာသော လက်နက်များကို လွတ်အောင် ရှောင်နိုင်ကြသည်။

ထိုသို့ ရှောင်တိမ်းရင်း ယန်ထယ်မိုက လှံတံရှည်ကို ဆတ်ခနဲ ဆွဲယူကာ ခမ်းယန်ကွမ်းအား လှမ်းထိုးသည်။

မြင်းလှည်းနှစ်စီးသည် ဘေးချင်းယှဉ်ကာ သူနိုင် ကိုယ်နိုင် အပြိုင်လုသလို မောင်းနှင်နေကြရာ အရိုးရှည် တပ်ထားသော လှံရှည်ဖြင့် လှမ်းထိုးရန် လက်လှမ်းမီနေလေသည်။ ဘယ်လက်ဖြင့် မြင်းဇက်ကြိုးကိုထိန်းကိုင်ကာ ညာလက်တွင် လှံရှည်ကိုင်၍ လှမ်းထိုးတိုက်ခိုက်ရာတွင် ရုတ်တရက် ဘယ်လက်ရှိ မြင်းဇက်ကြိုးကို လွှတ်ကာ လှံငယ်လေးတစ်ချောင်း ကောက်ယူ၍ ခမ်းယန်ကွမ်းကို လှမ်းပစ်သည်။

လှံရှည်နှင့်လှမ်းထိုးတိုက်ခိုက်မှုတွင် လှံငယ်ပစ်လွှတ်မှုပါ အားဖြည့်ကာ တိုက်စစ်ဆင်ခြင်း ဖြစ်သည်။ လှံငယ်လေး အဟုန်ပြင်းစွာ လွင့်ပျံထွက်သွားချိန်တွင် လက်ခနဲ အလင်းရောင်တစ်ချက်သည် လင်းလက်သွားသည်ကို တုကူးချင်းချင်း မြင်ရသည်။

လှံငယ်လေးနှင့်အတူ လက်နက်ပုန်းလို့လို့ အရာတစ်ခုလည်း ပါရှိသွားသည်။ ထိုအရာကို လရောင်ထိုးဟပ်သောကြောင့် တစ်ချက်ပြိုးပြက် လင်းလက်သွားခြင်း ဖြစ်သည်။



အဆင့်မြင့် သိုင်းပညာများ တတ်မြောက်ထားပြီး အတွေ့အကြုံလည်း အတန်အသင့်ရှိနေသည့် အတွက်သာ တုကူးချင်းချင်းက ထိုလင်းလက်သွားခြင်းကို မြင်ရပေသည်။ မဟုတ်လျှင် လှံငယ် ပစ်လွှတ်လိုက်မှုနှင့် ရောထွေးသွားနိုင်သည်။

"အလို.... ဒီလူ လက်နက်ပုန်းတစ်ခုခုနဲ့များ လှမ်းပစ်လိုက်တာလား"

တုကူးချင်းချင်း၏စိတ်ထဲတွင် တစ်ချက်ထင့်ခနဲဖြစ်ကာ သံသယ ပွားမိသည်။

ခမ်းယန်ကွမ်းက လှံတံရှည်ထိုးနှက်လာမှုကို သံတုတ်ရှည်ဖြင့် ရိုက်ထုတ်ဖယ်ရှားသည်။ လှံငယ်လေးကိုတော့ ကိုယ်ယိမ်းကာ ရှောင်တိမ်းသည်။ ကိုယ်ယိမ်းကာ ရှောင်တိမ်းရင်း ယန်ထယ်မိုကို တန်ပြန် တိုက်ကွက်ဆင်မည်အလုပ် လှံငယ်လေးနှင့် ကပ်ကာပါလာသော ရွှေလက်စွပ်ကွင်းတို့ ရင်ဆိုင်ရသည်။

ရွှေလက်စွပ်ကွင်းဆိုသော်လည်း အချွန်အတက်ကလေးများ ပါရှိလျက် ပစ်လွှတ်သော အရှိန်အဟုန်ကလည်း ပြင်းထန်လှပေရာ အထိခံရလျှင် ဆက်သာမည်မဟုတ်။

ခမ်းယန်ကွမ်းမှာ ထိတ်ခနဲ ဖြစ်သွားရသည်။ သို့သော် လေ့ကျင့်သားရနေသော သိုင်းသမား တစ်ယောက်ပီပီ အလိုအလျောက်စင် ဇက်တို့ပုချလိုက်ရာ ရွှေလက်စွပ်ကွင်းလေးသည် ဘယ်နားထင်နားမှ ကပ်ကာ သီသီလေးလွဲထွက်သည်။

"လက်နက်ပုန်း သုံးတယ်"

ခမ်းယန်ကွမ်း၏ ပါးစပ်မှလည်း လွှတ်ခနဲ ထွက်သည်။

ထိုနေရာမှာ ပန်းတိုင်နှင့် အတန်ဝေးသော်လည်း သိုင်းပညာသုံးကာ အပြန်အလှန် တိုက်ခိုက်မှုပြုလုပ်ရန် သတ်မှတ်ပေးထားသည့် နေရာဖြစ်သောကြောင့် ပြိုင်ပွဲဝင် ပြေးလမ်း တစ်ဖက်တစ်ချက်တွင် စောင့်ကာ ကြည့်နေကြသော ပရိသတ် အသင့်အတင့်ရှိသည်။

ရှေ့လက်စွပ်နှင့် လှမ်းပစ်တိုက်ခိုက်မှုကို မမြင်မတွေ့ကြသော်လည်း ကြည့်နေသူများအနက် အချို့က ခမ်းယန်ကွမ်း၏ ရေရွတ်သံကို ကြားလိုက်ကြသည်။

အတုန်ပြင်းပြင်း မောင်းနေသော မြင်းလှည်းနှစ်စီးသည် ထိုနေရာကို လျင်မြန်စွာ ဖြတ်ကျော်သွားကြရာ ကြည့်နေသူတို့မှာ ဘယ်လိုဘယ်နည်း ဖြစ်ပျက်သည်ကို သေသေချာချာ စူးစမ်းနိုင်ခြင်း မရှိကြပေ။

သို့သော် လက်နက်ပုန်းသုံးကြောင်း ရေရွတ်လိုက်သံ အကြောင်းကတော့ ထိုသူများအကြား သတင်းပျံ့သွားလေပြီ။

ဇက်ကြိုးလွှတ်ချကာ ခမ်းယန်ကွမ်းကို ဖိဖိစီးစီးတိုက်ခိုက်လိုက်ခြင်းကြောင့် ယန်ထယ်မို၏ မြင်းပြေးနှုန်း မဆိုစလောက် တုံ့သည်။ ဤတွင် ခမ်းယန်ကွမ်း၏ မြင်းလှည်းသည် ရှေ့သို့ တစ်လျားတိုးတက်သွားသည်။

* * *



ယန်ထယ်မိုသည် လွှတ်ချထားသော မြင်းဇက်ကြိုးကို အမြန်ပြန်ကိုင်သည်။ လုံ့ရှည်လက်တိုင်တိုကြိမ်လုံးလို့သုံးကာ လှည်းဆွဲ မြင်းနှစ်ကောင်ကို ခပ်ဆတ်ဆတ်ကြိမ်သွင်းသည်။

ပထမဆုံး ကြိမ်သွင်းမှုဖြစ်ကာ မြင်းနက်ကြီးနှစ်ကောင်၏ ပြေးလွှားမှုကလည်း နှစ်ဆတိုး၍ လာသည်။ ခမ်းယန်ကွမ်း၏ မြင်းလှည်းကို အမီလိုက်လာနိုင်သည်။ ကျော်၍မူ မတက်နိုင်။ မြင်းလှည်း နှစ်စီးသည် ရင်ပေါင်တန်းကာ အပြိုင်အဆိုင် ပြေးနေကြသည်။

ခမ်းယန်ကွမ်းက မြင်းနှစ်ကောင်ကို တုတ်ရှည်နှင့်လှမ်းတို့ကာ အပြင်းမောင်းသည်။ ကြိမ်သွင်းသလိုမျိုးမို့ မြင်းနှစ်ကောင်၏ ပြေးနှုန်းကလည်း တစ်ဟုန်ထိုး မြန်ဆန်လာ၏။ ပန်းဝင်ရမည့်နေရာနှင့် မိုင်ဝက်ခန့်အကွာသို့ ရောက်လာကြသည်။

ထိုနေရာမှာ သိုင်းပညာ ထုတ်သုံးတိုက်ခိုက်ရန် ခွင့်ပြု သတ်မှတ်ပေးထားသော နေရာဖြစ်သည်။

မြင်းလှည်းပြိုင်ပွဲ လမ်းတစ်လျှောက် သိုင်းပညာ ယှဉ်ပြိုင်ရန် ခွင့်ပြုပေးထားသော နေရာ သုံးနေရာရှိသည်။ ယခုနေရာသည် နောက်ဆုံးနေရာပင်။ သတ်မှတ်ပေးထားသည့် အကွာအဝေးမှာလည်း ပထမနှင့် ဒုတိယနေရာများထက် ပို၍ရှည်သည်။

ယှဉ်ပြိုင်မှု အထွတ်အထိပ် နေရာဖြစ်ရာ ပြေးလမ်း၏ တစ်ဖက်တစ်ချက်တွင် ကြည့်နေကြသည့် ပရိသတ်တလည်း များပြားသည်။

သိုင်းပညာ အသုံးပြု တိုက်ခိုက်နိုင်သည့် နေရာဖြစ်ကြောင်း ပြထားသည့် အလံတိုင်ကို ဖြတ်မိသည်နှင့် ယန်ထယ်မိုနှင့် ခမ်းယန်ကွမ်းတို့ နှစ်ယောက်လည်း အကြိတ်အနယ်ပင် တိုက်ခိုက်ကြလေတော့သည်။

ယန်ထယ်မို၏လှံရှည်နှင့် ခမ်းယန်ကွမ်း၏ တုတ်ရှည်တို့သည် ကြောလည်သလို လည်ပတ် ဝှေ့ယမ်းနေကြသည်။ လှံရှည်နှင့်တုတ်ရှည် ထိမိရိုက်မိသည့်အသံများလည်း ဟိန်းဟိန်းညံညံ ပေါ်ထွက်သည်။

ရင်ဆိုင်ယှဉ်ပြိုင် နေကြသူနှစ်ယောက်ကို အားပေးကြသည့် ပွဲကြည့်ပရိသတ်တို့၏ အသံကလည်း ဆူညံနေသည်။

ထိုနေရာတွင် ပြေးလမ်းသည် ဖြောင့်တန်းကာ အတော်လည်း ကျယ်ဝန်းပေရာ နှစ်ယောက်လုံး လှည်းဆွဲမြင်းများကို ဇက်ပုံ၍ မောင်းလိုက်ကြသည်။ ဇက်ကြိုးကို ဆွဲမနေကြတော့။

လေ့ကျင့်သား ရခဲ့နေသော မြင်းကောင်းများမို့ ဇက်ကြိုးကို မဆွဲတော့သော်လည်း ပန်းတိုင်သို့ ဦးတည်ကာ ခြေကုန်ပြေးနေကြသည်။

“ပြေးလိုက်ကြစမ်းဟေ့.... အားကုန် ပြေးလိုက်ကြစမ်း”

ခမ်းယန်ကွမ်းသည် ယန်ထယ်မိုကို တုတ်ရှည်နှင့် တရကြမ်းဝှေ့ယမ်းတိုက်ခိုက်နေရာမှ သူ၏လှည်းဆွဲ မြင်းနှစ်ကောင်ကို အော်ဟစ် အားပေးလိုက်သည်။



ဤအော်ဟစ်သံသည် သာမန် အားပေးသံ သဘောမဟုတ်။ ထိုအော်သံကြားရလျှင် ဘာလုပ်ရမည်ကို မြင်းများ ကျကျနနနားလည်တတ်သိစေရန် သေသေချာချာလေ့ကျင့်ပေးထားသည့် အော်ဟစ်သံဖြစ်သည်။

လှည်းဆွဲမြင်းကြီးနှစ်ကောင်ကို ရှိသမျှ အားအင်များ အကုန်အာင်ထုတ်သုံးကာ အသားကုန်ပြေးကြရန်စေ့ဆော် အချက်ပြမှုဖြစ်သည်။

အချက်ပေးသံ အော်ဟစ်သံကြားရလျှင် ဘာလုပ်ရမည်ကို လှည်းဆွဲမြင်းကြီးနှစ်ကောင်က ကောင်းကောင်း သိကြသည်။

အရေးပေါ်အရန်အင်အားပင် ချန်မထားဘဲရှိသမျှအင်အားများ အကုန်ထုတ်သုံးကာ ပြေးကြသည်။ ပြေးနှုန်းသည် အံ့မခန်းပင် လျင်မြန်လာသည်။ ခမ်းယန်ကွမ်း၏ မြင်းလှည်းသည် ရှေ့သို့ဖြတ်ကျော်တက်သွားသည်။

ယန်ထယ်မိုသည် ဤနေရာတွင် ခမ်းယန်ကွမ်းကို မြင်းလှည်းပေါ်မှ အောက်သို့ပြုတ်ကျသွားအောင် အတင်းဖိ တိုက်ခိုက်ရန် စိတ်ကူးထားသည်။ ခမ်းယန်ကွမ်း မြင်းလှည်းပေါ်မှ ကျသွားလျှင် ပွဲပြီးပြီ။

ယန်ထယ်မိုတစ်ယောက်တည်းပန်းတိုင်ရှိရာသို့လွတ်လွတ် ကျွတ်ကျွတ် မောင်းသွားရန်သာ ရှိပေတော့သည်။

သို့သော်....ခမ်းယန်ကွမ်း၏ မြင်းလှည်းက ရုတ်တရက် ရှေ့သို့ တိုးကျော်သွားသော အခါ ယန်ထယ်မို၏ အကြံ ပျက်သွားရသည်။

"ပြေးကြွစမ်း....ပြေးကြစမ်း....အားကုန် ပြေးကြစမ်း"

ယန်ထယ်မိုကလည်း သူ၏ လှည်းဆွဲမြင်းများကို အော်ဟစ်အားပေးသည်။သို့သော် မြင်းနက်ကြီးများသည် ခမ်းယန်ကွမ်း၏ လှည်းဆွဲမြင်းများလို လေ့ကျင့်ပေးမှု မရှိသောကြောင့်ယန်ထယ်မို၏အော်သံမှာ ရိုးရိုးအားပေးမှု သဘောသာ ရှိနေသည်။

မြင်းနက်ကြီးနှစ်ကောင်ကို ရှိသမျှ အားကုန်ထုတ် သုံးကာ ရေကုန်ရေခန်း ပြေးလွှားအောင် စေ့ဆော်မှုမလုပ်နိုင်။

ဖြတ်ကျော် တိုးဆက်နေသော ခမ်းယန်ကွမ်း၏ မြင်းလှည်းကို ဘယ်လိုမျှအမီမလိုက်နိုင်တော့။ ခမ်းယန်ကွမ်း၏ မြင်းလှည်းက လုံးလုံးလျားလျားဖြတ်ကျော်ကာ ရှေ့တိုးတက်သွားတော့သည်။

အခြေအနေ သိသာ ထင်ရှားနေလေပြီ။

ယန်ထယ်မို၏မျက်နှာမည်းခနဲဖြစ်သည်။

တီးတိုးဆဲရေးပြီး လှံရှည်ဖြင့် ခမ်းယန်ကွမ်း၏ မြင်းလှည်းမှ ညာဘက်လှည်းဆွဲမြင်း၏ ပေါင်ရင်းကို လှမ်းထိုးသည်။

"ဟာ—"

"ဟယ်..."

"မြင်းကို ဘာကြောင့် လှံနဲ့ထိုးတာလဲ"

"ညစ်ပတ်လှချည်လား"



ထိုအဖြစ်ကိုမြင်လိုက်ရသော ပရိသတ်တို့၏ အော်ဟစ်ပြောဆိုသံများ တစ်ယောက် တစ်ပေါက် ပေါ်လာလေသည်။

ပေါင်ရင်းကို လှံချက်ထိလျှင် ထိုမြင်းကြီး ခွေခနဲ လဲကျမည်ဖြစ်ရာ ခမ်းယန်ကွမ်း အနေဖြင့်လည်း မြင်းလှည်းကို ဘယ်လိုမျှဆက်၍မောင်းနှင်နိုင်တော့မည်မဟုတ်။ သူ၏မြင်းလှည်းပင် ပိုးလိုးပက်လက်လဲကျ ပျက်စီး သွားပေလိမ့်မည်။

ခမ်းယန်ကွမ်း လက်မြန်လွန်းသောကြောင့်သာ တော်ပေတော့သည်။

ယန်ထယ်မို၏ လှံရှည်ထိုးချက်ကို ခမ်းယန်ကွမ်းတတုတ်ရှည်ပင့်ရိုက် ကာကွယ်ပေးလိုက်သည်။

"ဒလံ"

လှံရှည်ကို လွှဲဖယ်ထွက်သွားအောင် ရိုက်ပင့် ပစ်လိုက်နိုင်သည်။

သို့ရာတွင်....

ထိုသို့ ကြိုးစားပမ်းစားလှမ်းတာရိုက်လိုက်ရမှုကြောင့် ခမ်းယန်ကွမ်း၏ကိုယ်မှာ ရှေ့သို့ အတော်ပင် ကိုင်းကျရာ ဟန်ချက်ပျက်သလိုဖြစ်လျက် ယိမ်းယိုင်သည်။

မြင်းလှည်း ကလည်း တစ်ချွန်နဲ့ထိုး ပြေးနေလေရာ ခမ်းယန်ကွမ်းမှာ မြင်းလှည်းပေါ်မှ လဲကျတော့မလို ဖြစ်သည်။ ဆွဲမိဆွဲရာ ဆွဲလိုက်ရာ လှည်းဆွဲ မြင်းတစ်ကောင်၏ ကျောသိုင်းကြိုးကို ဆွဲမိသည်။ သူ့လက်ထဲမှ တုတ်ရှည်လည်းလွတ်ကျသွားလေပြီ။

မြင်းလိမ္မာများ ဖြစ်သောကြောင့် လှည်းဆွဲ မြင်းနှစ်ကောင် မိမိတို့သခင် မြင်းလှည်းပေါ်မှကျသွားမလိုဖြစ်နေသည်ကို ရိပ်မိကြသည်။ ဤတွင် အလိုလိုပင်အရှိန်တုံ့ပေးလိုက်ကြသည်။

ခမ်းယန်ကွမ်း ကလည်း ချက်ချင်းပင် မြင်းလှည်းမောင်းသူနေရာသို့ပြန်ဝင်သည်။

မြင်းလှည်းပေါ်တွင် ပါလာသော မုလီဟွာ ကလည်း ခမ်းယန်ကွမ်းကို လှမ်း၍ ဖေးမတွဲထိန်းပေးသည်။

ခမ်းယန်ကွမ်း မြင်းလှည်းမောင်းသူ နေရာတွင် ပြန်အခြေကျသွားသောအခါတွင် ယန်ထယ်မို၏ မြင်းလှည်းသည် ဆယ်ကိုက်ကျော်ကျော်လောက်အကွာရှေ့မှ သွားနေလေပြီ။

ခမ်းယန်ကွမ်း၏သက်ထဲမှ သံတုတ်ရှည် လွှတ်ကျလျက်လက်နက်မဲ့သလို ဖြစ်နေရာ ယန်ထယ်မို တိုက်ခိုက်လျှင်တစ်ဖက်သတ်ခံရမှာသေချာ၏။

သို့သော် ၁၀-ကိုက်ခန့် အသာရနေသည့်အတွက် ယန်ထယ်မိုသည် သူ့ကိုတိုက်ခိုက်ရန်စိတ်မကူးတော့။

မိုင်ဝက်ပင် မဝေးတော့ပြီဖြစ်သော ပန်းတိုင်ရှိရာသို့သာ မြင်းကို အရကြမ်းမောင်းလေတော့သည်။

နောက်ကျန်နေခဲ့သော ခမ်းယန်ကွမ်းလည်း အားမလျှော့ဘဲ သူ၏မြင်းနှစ်ကောင်ကို အားပေးအော်ဟစ်သံပြုလျက် အပြင်းမောင်းကာလိုက်လာလေ၏။

✱ ✱ ✱



ပန်းတိုင်သည် တစ်စတစ်စ နီးကပ်လာသည်။

ယန်ထယ်မိုက ရှေ့မှ ဦးဆောင်နေသည်မို့ ကျားဘုရင်ဂိုဏ်းသားများနှင့် သူတို့၏ ဘက်တော်သားများက မိုးတိန်းလုမတတ် အော်ဟစ်အားပေးနေကြ၏။

ခမ်းယန်ကွမ်းဘက်မှ အားပေးကြသူများရှိသော်လည်း သူတို့ အားပေးသံတို့ကား ကျားဘုရင်ဂိုဏ်းသားနှင့် ဘက်တော်သားများ၏ အော်သံဟစ်သံများအကြားတွင် နစ်မြုပ် ပျောက်ကွယ်နေ၏။

မြင်းလေွကတအား ကျုံးပြေးလျက်မြင်းလှည်းသည်လိမ့်လူးတုန်ခါနေသည်။ လေကိုခွဲကာ ပြေးနေမှုကြောင့် လေတိုးသံက တရှီးရှီးနှင့်။ အားပေးသူတို့၏ အော်သံများကလည်း သောသောညံနေရာ တုကူးချင်းချင်းမှာ ခေါင်းထဲမှုံနောက်နောက်ဖြစ်လာ၏။ မျက်လုံးထဲ ရီဝေလာသည်။

လေတိုးမှုအားပြင်းလှသောကြောင့် မျက်လုံးများစုံမှိတ်ထားလိုက်ရသည်။

အသံမျိုးစုံတို့ကတော့ ဆူညံလို့နေဆဲ။

ထို့နောက် အသံများသည် မီးကို ရေနှင့်လောင်းချိတ်လိုက်သလို ရုတ်တရက် ရပ်တန့်သွားသည်။ လေတိုးသံတရှီးရှီးသာ ဆက်ပေါ်ထွက်နေသည်။

"ဟေး...."

အားရဝမ်းသာ အော်ဟစ်လိုက်သံကြီးပေါ်လာသည်။

"ခမ်းယန်ကွမ်းကွ...ခမ်းယန်ကွမ်း"

အော်သံတွေ ဆက်ပေါ်လာသည်။

မျက်လုံးကို စုံမှိတ်ထားသော်လည်း မြင်းလှည်းမောင်းပြိုင်ပွဲတွင် ခမ်းယန်ကွမ်းက အရင်ဆုံးပန်းဝင်အနိုင်ရသွားကြောင်းကို တုကူးချင်းချင်း နားလည်သည်။

ရှေ့မှ ဦးဆောင်နေသော ယန်ထယ်မို၏မြင်းလှည်းကို ခမ်းယန်ကွမ်းက ဘယ်အချိန်တွင် အမီလိုက်ကာ ဖြတ်ကျော်သွားကြောင်းကိုတော့ တုကူးချင်းချင်း ရှင်းလင်းသေချာစွာ မသိခဲ့ပေ။

★

## အခန်း (၃)

မှိတ်ထားသောမျက်လုံးများကို တုကူးချင်းချင်းဖွင့်လိုက်သည်။

ယန်ထယ်မိုကိုလှမ်းကြည့်ရာ မျက်နှာသည် သွေးဆုတ်သလို ဖြူရော်ရော်ဖြစ်လျက် မဲ့ပြုံးလေးပြုံးထားသည်ကို တွေ့ရသည်။

ပန်းဝင်ပြီးဖြစ်သော်လည်း မြင်းလှည်းတို့မှ မရပ်သေး။ အသားကျသဘော ဆက်၍ မောင်းနေဆဲ။

ပန်းတိုင်နေရာက နောက်ဘက်တွင် ကျန်နေခဲ့ပြီ။ မြင်းလှည်းမောင်းပြိုင်ပွဲတွင် အနိုင်ရသွားသော ခမ်းယန်ကွမ်းကို ချီးမွမ်းဂုဏ်ပြုနေကြသည့် ဩဘာသံများကို တော့ အနောက်ဘက်ဆီမှ ကြားနေရဆဲ။

ယုန်ထယ်မိုသည် ပြိုင်ပွဲတွင် အရေးနိမ့်ခဲ့ရသည့်အတွက် လူပရိသတ်နှင့်ဝေးရာသို့ မြင်းလှည်းကို မောင်းထွက်လာခြင်းဖြစ်မည်ဟု သူမ တွေးလိုက်မိသည်။

တုကူးချင်းချင်းအနေဖြင့် ပြောရလျှင် ယုန်ထယ်မို၏ မြင်းလှည်းပေါ်တွင် ဆက်စီးနင်းလိုက်ပါခြင်း မပြုလိုတော့။ မြင်းလှည်းပေါ်မှ ဆင်းချင်နေပြီ။

သို့ရာတွင် ရှုံးနိမ့်ခဲ့ရမှုကြောင့် စိတ်မကောင်းဖြစ်နေမည့် ယုန်ထယ်မိုကို စာနာထောက်ထားသည့်အနေဖြင့် ဘာမျှမပြောဘဲ အသာပင် ငြိမ်၍လိုက်လာသည်။

"ခွပ်... ခွပ်... ခွပ်

ဖြောင်း... ဖြောင်း... ဖြောင်း"

ထိုအခိုက် အပြင်းစိုင်းနှင်လာသော မြင်းခွာသံများ ကြားရသည်။ ကျားဘုရင်ဂိုဏ်းသားတစ်ယောက် မြင်းကို ဒုန်းစိုင်းစီးကာ ယုန်ထယ်မို၏မြင်းလှည်းနား ရောက်လာသည်။

"ကျားဘုရင်ဂိုဏ်းကို အန်တုဖက်ပြိုင်လုပ်တဲ့ လူတစ်ယောက် ဖမ်းမိထားပါတယ်၊ ဂိုဏ်းခွဲမှူးကြီး လိုက်ကြည့်ပြီး ဆုံးဖြတ်စီရင်ပေးပါ"

ကျားဘုရင်ဂိုဏ်းသားသည် မြင်းပေါ်မှကမန်းကတန်း ခုန်ဆင်းကာ ဦးညွှတ်အရိုအသေပေးပြီးပြောသည်။

ယုန်ထယ်မိုကလည်း အသားကျလေး ပြေးနေသော မြင်းနက်ကြီးနှစ်ကောင်ကို ဇက်ဆွဲကာ တုံ့ရပ်လိုက်သည်။

"ဘယ်နေရာမှာ ဖမ်းမိထားတာလဲ"



"ကင်းစခန်း အမှတ်ကိုးမှာပါ"

"အဲဒီလူကို တစ်ညတော့ ကင်းစခန်း အမှတ်ကိုးမှာပဲ ချုပ်ထားလိုက်၊ အခု ငါ့မြင်းတွေရော ငါရော ပင်ပန်းနေပြီ၊ မနက်ကျမှပဲ စစ်ဆေးစရာရှိတာ စစ်ဆေးစီရင်မယ်"

ယုန်ထယ်မိုသည် ဤသို့ပြောပြီးနောက် အနိုင်ရသူခမ်းယန်ကွမ်းကို ချီးကျူးဟစ်ကြွေးနေကြသော ပရိသတ်ရှိရာသို့ လှမ်းမျှော်ကြည့်ကာ ထပ်ပြောသည်။

"မဟုတ်သေးဘူးဟေ့၊ ငါအခုပဲလိုက်ကြည့်မယ်"

မိမိ အရေးနိမ့်ရပြီး အနိုင်ရသွားသော ခမ်းယန်ကွမ်းကို ချီးမွမ်းဂုဏ်တင်နေသည့် ပရိသတ်မှ ဝေးရာသို့ သွားလိုသည့်အတွက် စကားကို ချက်ချင်း ပြန်ပြောခြင်း ဖြစ်နိုင်သလို တုကူးချင်းချင်းကို မြင်းလှည်းပေါ်မှ မဆင်းစေလိုဘဲ သူနှင့်အတူ လိုက်ပါစေလိုသည့် အကြောင်းကြောင့်လည်း ဖြစ်နိုင်သည်။

ယုန်ထယ်မိုသည် စကားထပ်ပြောပြီးသည်နှင့် ဇက်ကြိုးကို ဆတ်ခနဲ တစ်ချက်လှုပ်ခါလိုက်ရာ လှည်းဆွဲမြင်းနက်ကြီး နှစ်ကောင်လည်း ခပ်သွက်သွက် ပြေးထွက်ကြသည်။ မောင်းနှင်ထွက်သွားသော မြင်းလှည်းပေါ်တွင် တုကူးချင်းချင်းလည်း ပါသွားရလေတော့သည်။

"ဟာ... ဘယ်ကိုသွားမလို့လဲ၊ မြင်းလှည်းမောင်းပြိုင်ပွဲလဲ ပြီးသွားပြီမဟုတ်လား၊ ကျွန်မအဖော်တွေက စောင့်နေကြတော့မယ်၊ ကျွန်မ ပြန်မယ်"

တုကူးချင်းချင်းက ပြောသည်။

"ရေသူမ နတ်မယ်လေးရဲ့ အပေါင်းအဖော်တွေက အခုဆိုရင် အနိုင်ရသွားတဲ့ ခမ်းယန်ကွမ်းကို ဝိုင်းချီးကျူးထောမနာပြုနေရတာနဲ့ မအားလပ်အောင် ဖြစ်နေကြမှာပါ၊ ကျွန်တော်ကလဲ အဲဒီနေရာကို ပြန်မသွားချင်တာကြောင့် ရေသူမနတ်မယ်လေး ဒီအတိုင်း လမ်းလျှောက်ပြန်သွားရမယ်ဆို မကောင်းပါဘူး၊ ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ၊ သိပ်မကြာပါဘူး၊ တစ်အောင့်လောက်ပါပဲ၊ ပြီးရင် ရေသူမနတ်မယ်လေးကို အိမ်တိုင်ယာရောက် ကျွန်တော့်မြင်းလှည်းနဲ့ လိုက်ပို့ပေးပါ့မယ်"

ယန်ထယ်မိုရဲ့ အပြောမှာ ရည်မွန်သော်လည်း ဆုံးဖြတ်ချက် ချထားသည့်အသွင်ကတော့ သိသာစွာ ပါဝင်နေ၏။ မိမိ ငြင်းဆန်လျှင်လည်း ရမည်မဟုတ်ဘဲ သူသွားလိုရာသွားမည်ကို တုကူးချင်းချင်း နားလည်သည်။

ထို့ပြင် ယခုလို ယန်ထယ်မို၏ မြင်းလှည်းပေါ် ပါလာခြင်းမှာ မိမိစိတ်ဆန္ဒအရမဟုတ်ဘဲ ထူးခြားသော မြင်းလှည်းပြိုင်ပွဲ အစဉ်အလာနှင့် ကျောင်းဖန်းယောင်၏ အူကြောင်ကြောင်နိုင်စွာ လွှတ်ခနဲ သဘောတူ ခွင့်ပြုစကားထွက်သွားမိ၍သာ ဖြစ်ကြောင်း တွေးမိပြန်သည်။

သည်လို လွှတ်ခနဲ ပြောထွက်သွားလေသော ကျောင်းဖန်းယောင်ကို အရွဲ့တိုက်လိုသည့် စိတ်လေးလည်း ဖြစ်ပေါ်လာရာ ယန်ထယ်မို၏ မြင်းလှည်းပေါ်တွင် ဆက်လက်လိုက်ပါသွားမိပြန်လေတော့သည်။



ယန်ထယ်မိုသည် ဇက်ကြိုးကိုလှုပ်ခါဆတ်ကာ မောင်းနေရာ မြင်းနက်ကြီးများ၏ ပြေးနှုန်းက ပိုမြန်လာသည်။ သူတို့မြင်းလှည်းနှင့်ယှဉ်ကာ လိုက်ပါလာသော ကျားဘုရင်ဂိုဏ်းသား မြင်းစီးသမားပင် နောက်တွင် ပြတ်ကျန်နေခဲ့လေပြီ။

မြင်းလှည်းကို အသော့မောင်းရင်း ယန်ထယ်မိုသည် တုကူးချင်းချင်းက သူ့ကိုဂုဏ်ပြုကာ မြင်းလှည်းပေါ် လိုက်ပါလာသော်လည်း သူက အနိုင်ရအောင် မမောင်းနိုင်မှုအတွက် တောင်းပန်စကားတို့ကို ရည်မွန် ယဉ်ကျေးစွာ ပြောဆိုနေသည်။

အပြောအဆို ရည်မွန်လှသောကြောင့် ခမ်းယန်ကွမ်းကို လက်နက်ပုန်းနှင့်ပစ်၊ ခမ်းယန်ကွမ်း၏ လှည်းဆွဲမြင်းကို လုံ့နှင့်ထိုးဖို့ ကြိုးစားခဲ့မှုများလို ကောက်ကျစ်သော အလုပ်တွေကို လုပ်ခဲ့သူမှာ သည်လူမှ ဟုတ်ပါလေစဟူပင် တုကူးချင်းချင်း အတွေးပွားရသည်။ တုကူးချင်းချင်းကတော့ အပြောကောင်းကောင်းနှင့် ပြောနေသော ယန်ထယ်မို၏ စကားများကို အာရုံမရောက်။ 'အင်း' 'အဲ' ဟု စကားထောက်ပေးမှုမျှကိုသာ အားတုံ့အားနာသဘော လုပ်နေသည်။

* * *

ကျားဘုရင်ဂိုဏ်း၏ ကင်းစခန်းအမှတ်(၉)သို့ ရောက်လာကြသည်။

ကင်းစခန်း အမှတ်(၉)သည် ယန်ဖူးမြို့လေး အပြင်ဘက် တစ်မိုင်သာသာခန့် အကွာ မြေပြန့်လွင်ပြင်လေး အစပ်နားတွင်ရှိသည်။ အနီးအနားတွင် လူနေအိမ်ခြေမရှိ။

ကင်းစခန်းအဝနားတွင် လူတစ်စုရပ်နေသည်။

ကျားဘုရင်ဂိုဏ်းသား သုံးယောက်နှင့် အမျိုးသမီးကြီး နှစ်ယောက်တို့ ဖြစ်ကြသည်။ အမျိုးသမီးကြီးနှစ်ယောက်မှာ ကြာသေးမီကမှ ယန်ဖူး မြင်းနှာစခန်းတောင်း အနားတွင် တွေ့ဆုံခဲ့ရသော ငါးပျံ မာအန်းနားနှင့် ပင့်ကူနက် ယောက်စွမ်းကီတို့ ဖြစ်နေသည်ကို သိရသည်တွင် တုကူးချင်းချင်း အံ့သြမိသည်။

ငါးပျံမာအန်းနားမှာ လက်ပြန်ကြိုး အတုပ်ခံရပြီး ဒူးထောက်လျက်သားရှိနေသည်။ မာအန်းနား၏ ရှေ့ဘက်နားတွင် လူသေအလောင်းများ မြှုပ်နှံသည့် မြေကျင်းမျိုး တူးထားသည်။

ပင့်ကူနက် ယောက်စွမ်းကီကတော့ မာအန်းနား၏ ဘေးတွင် မားမားကြီး ရပ်၍နေသည်။

“အကျိုးအကြောင်း မြန်မြန်ပြောစမ်း”

ယန်ထယ်မိုက မေးလိုက်သည်။

“ဘာမှ ရှုပ်ရှုပ်ထွေးထွေးမရှိပါဘူး၊ ဟောဒီ ငါးပျံ မာအန်းနားဆိုတဲ့ အမျိုးသမီးဟာ ကျွန်တော်တို့ ကျားဘုရင်ဂိုဏ်းကို အန်တုလို့ တိုက်ခိုက်ချေမှုန်းခြင်း ခံခဲ့ရတဲ့ ကြိုးကြာဂိုဏ်းကပါ၊ သူ့ခင်ပွန်းသည် ကြိုးကြာဂိုဏ်းချုပ် ကြူးပတ်နှင်နဲ့ ဂိုဏ်းဝင်တွေ ချေမှုန်းသုတ်သင်ခြင်း ခံရချိန်က သူဟာကျွယ်လွတ်ရုန်း ထွက်ပြေးလွတ်မြောက်သွားပြီး ရှောင်တိမ်း ပုန်းအောင်းနေခဲ့တယ်၊ သူ့ကို ကျွန်တော်တို့ရဲ့ သတင်းပေး ပင့်ကူနက် ယောက်စွမ်းကီက မြေရာခံမိပြီး အကြောင်းကြားလာလို့ ကျွန်တော်တို့ ကင်းစခန်း အမှတ်ကိုးက အမိဖမ်းခဲ့တာပါ”



ငါးပျံမာအန်းနားအနီးရှိ ကျားဘုရင်ဂိုဏ်းသား သုံးယောက်အနက်မှ အရပ်မြင့်မြင့်လူက ပြန်အဖြေပေးသည်။

သူသည် ကင်းစခန်း အမှတ်ကိုး၏ ခေါင်းဆောင်လည်း ဖြစ်သည်။

“သက်သေ အထောက်အထားတော့ ခိုင်ခိုင်လုံလုံရှိသလား”

ယန်ထယ်မိုက မေးလိုက်သည်။

တကယ်တော့ ယန်ထယ်မိုသည် ကျားဘုရင်ဂိုဏ်းကို ဆန့်ကျင်အာခံသူဟု သံသယရှိလျှင်ပင် ဖြတ်ဖြတ်ထန့်ထန့် အပြစ်ပေးစီရင်လေ့ ရှိသည်။ သက်သေခိုင်လုံမှုရှိမရှိ သိပ်ကြည့်ပါ။

ယခု သူ့ဘေးနားတွင် ပင်လယ်ဂဟာ၏သခင်မလေး တုကူးချင်းချင်း ရှိနေသည့်အတွက် မိမိတို့ကျားဘုရင်ဂိုဏ်းက တရားလက်လွတ် ရမ်းကားခြင်းမပြုဘဲ သေသေချာချာ စစ်ဆေးလုပ်ဆောင်တတ်ကြောင်း နာမည်ကောင်းရယူနိုင်ရန် မေးလိုက်ခြင်း ဖြစ်သည်။

ကင်းစခန်း အမှတ်(၉) ခေါင်းဆောင်က ပင့်ကူနက်ယောက်စွမ်းကီကို မျက်ရိပ်တစ်ချက်ပြသည်။

ပင့်ကူနက် ယောက်စွမ်းကီသည် ယန်ထယ်မိုကို အရိုအသေပေးလိုက်ပြီး မာအန်းနားက ကျားဘုရင်ဂိုဏ်းတို့အန့်တုဆန့်ကျင်သည့်စကားများ ပြောဆိုသည်ကို မိမိကိုယ်တိုင် ကြားခဲ့ရပုံများကို စီကာပတ်ကုံး ပြောပြသည်။

ထိုသို့ပြောပြရာတွင် မြင်းလှည်းမောင်းပြိုင်ပွဲမကျင်းမမီ အချိန်အနည်းငယ် အလိုကပင် မာအန်းနားသည် ရေသူမနတ်မယ် တုကူးချင်းချင်းကို ကျားဘုရင်ဂိုဏ်းအကြောင်း အပုပ်ချ ပြောဆိုနေကြသည်ကို မိမိ အမြင်အကြား ဖြစ်ကြောင်း ထည့်သွင်းပြောဖြသည်။

''ရေသူမ နတ်မယ်လေး ကျွန်တော့် မြင်းလှည်းခေါ်အဖော်ပြု လိုက်ပါလာတာ အဆင်ပြေသွားတယ်၊ ကျွန်တော်က မှန်မှန်ကန်တန်ဆုံးဖြတ်စီမံချင်ပါတယ်၊ဟောဒီကကြေးစားသတင်းပေး အမျိုးသမီးကြီးရဲ့ တစ်ဖက်သတ်စကားတွေကို မျက်စိမှိတ်ပြီး မယုံကြည်ပါဘူး၊ ကျွန်တော်တို့ ကျားဘုရင်ဂိုဏ်းကို မလိုလား ဆန့်ကျင်တဲ့စကားတွေကို မာအန်းနားဆိုတဲ့ အမျိုးသမီးကြီးက ရေသူမနတ်မယ်လေးကို တကယ်ပဲ ပြောကြားခဲ့တာ ဟုတ်မဟုတ် အတိအကျ သက်သေခံ ပေးစေချင်ပါတယ်၊ ရေသူမ နတ်မယ်လေးရဲ့ သက်သေခံ ထွက်ဆိုချက်အပေါ်မှာ မူတည်ပြီးကျွန်တော် စဉ်းစားဆုံးဖြတ်ပါမယ်''



ယန်ထယ်မိုက တုကူးချင်းချင်းကိုလှမ်းပြောသည်။

''ဒီလိုအဖြစ်မျိုးကြုံရမယ်လို့ ကျုပ် မျှော်လင့်ထားပြီးသားပါ၊ သေရမှာတို့မကြောက်ပါဘူး၊ ဒါပေမယ့် ကျုပ်လုပ်ဆောင်စရာကိစ္စ တစ်ခုပြီးပြတ်အောင်မလုပ်ရသေးတာကိုတော့ နောက်ဆံတင်းနေတယ်၊ အဲဒီကိစ္စပြီးပြတ်အောင်လုပ်နိုင်ဖို့ အသက် ဆက်ရှင်ချင်သေးတယ်၊ ကိစ္စ ပြီးပြတ်သွားပြီးရင်တော့ အသက်သေဖို့အသင့်ပဲ'' ,

မာအန်းနားသည် ဒူးထောက်ထိုင်နေရာမှ ခေါင်းမော့ထောင်ကာ ပြတ်သားသော အသံဖြင့် ခပ်ကျယ်ကျယ်ပြောသည်။

တုကူးချင်းချင်းမှာ သိုင်းကညာပျို တစ်ယောက် ဖြစ်သော်လည်း ပင်ကို စိတ်ထား နူးညံ့သည်။ သနားကြင်နာတတ်သည်။

မာအန်းနား၏ စကားကို ကြားရသောအခါ အတော်စိတ်မကောင်းဖြစ်သည်။ ထို့ပြင် မိမိ၏ မျက်စိရှေ့မှောက်တွင် လူတစ်ယောက် ရက်ရက်စက်စက်အပြစ်ဒဏ်စီရင်ခြင်းခံရမည်ကိုလည်း မကြည့်လို။

လူကဲခတ်တော်လှသော ယန်ထယ်မိုသည် တုကူးချင်းချင်း၏ စိတ်နေသဘောထားကို ခန့်မှန်း သိရှိသွားသည်။ အကောက်ဉာဏ်များကာ ။ အကင်းပါးသူတစ်ယောက် ဖြစ်သည့်အတိုင်း သူ့အတွက် အခွင့်အလမ်းကောင်းတို့လည်း ကြုံမြင်သည်။

*  *  *

''အမှန် ပြောရရင် ဒီလို ဆင်းဆင်းရဲရဲ နုံနုံချာချာ ဖြစ်နေတဲ့ အမျိုးသမီးတစ်ယောက်ကိုလဲ အပြစ်ဒဏ် ပြင်းပြင်းထန်ထန်မပေးချင်ပါဘူး၊ လွှတ်ပစ်ချင်ပါတယ်၊ ဒါပေမယ့် သူဟာ ကျားဘုရင်ဂိုဏ်းကိုအန့်တုဆန့်ကျင်ကြောင်း ထင်ရှားနေရင်တော့ ကျွန်တော့်အနေနဲ့ ဘယ်လိုမှအပြစ်မပေးဘဲ မရပါဘူး....

''အပြစ်ပေးတာမှ ကြီးလေးတဲ့ အပြစ်ဒဏ် ပေးပြီး အဆုံးစီရင်ပစ်ရမှာပဲ၊ အခုကိစ္စမှာ ရေသူမနတ်မယ်လေးဟာ အဓိကသက်သေဖြစ်နေပါတယ်၊ ပင့်ကူနက်ယောက်စွမ်းကိုကတော့ ကြေးစားသတင်းပေးတစ်ယောက်မို့ သူ့စကားကိုအလေးအနက်မထားဘဲ လျစ်လျူရှုလို့ရပါတယ်၊ ရေသူမနတ်မယ်လေး သက်သေခံချက်တွေပေါ်မှာပဲ စဉ်းစားပြီး ဒီအမျိုးသမီးကိုလွှတ်ဖေးလိုက်ပါမယ်''

ယန်ထယ်မိုက တုကူးချင်းချင်း ကြားနိုင်ရုံ တိုးတိုး နှစ်ကိုယ်ကြားပြောသည်။

ငါးပျံမာအန်းနားအတွက် အသက်ဘေးမှ လွတ်ရန်လမ်းစပေါ်လာသည့်အတွက် တုကူးချင်းချင်း၏ 'ခပ်အိုအို' ဖြစ်နေသော မျက်နှာလေး 'ဝင်း' သွားသည်။ ယန်ထယ်မိုကိုလည်းတစ်ချက်ကြည့်သည်။

ယန်ထယ်မိုက ခပ်တိုးတိုးဆက်၍ပြောပြန်သည်။

''ဒါဟာ ရေသူမနတ်မယ်လေးရဲ့မျက်နှာကို ထောက်ထားပြီး အထူးအခွင့်အလမ်းပေးလိုက်တာပေါ့၊ ဒီအတွက်



ရေသူမနတ်မယ်လေးကလဲ ကျွန်တော့်ကို ပြန်အခွင့်အရေးပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်''

သည်တော့မှပင် ယန်ထယ်မို၏ စိတ်ရင်းအကြံအစည်ကို တုကူးချင်းချင်း ကောင်းကောင်း နားလည်ရလေတော့၏။ ယန်ထယ်မိုသည် တကယ်ပင် ပါးနပ်ကောက်ကျစ်လှသည်။ အခွင့်အရေးကို အသုံးချတတ်၏။

ငါးပျံမာအန်းနားကြမ္မာဆိုးမကြုံရဘဲ အန္တရာယ်မှလွတ်အောင်ကယ်တင်ပေးလို့လျှင် တုကူးချင်းချင်းအနေနှင့် ယန်ထယ်မိုကို မျက်နှာသာပေးရမည်။ ရင်းရင်းနှီးနှီးဆက်ဆံရမည်။ မိမိထံ လာရောက်လည်ပတ်ခွင့်လိုမျိုး အခွင့်အရေးတွေလည်း ပေးရပေမည်။

တုကူးချင်းချင်းသည် ကျားဘုရင်ဂိုဏ်းနှင့် အဆင်ပြေပြေ ရှိချင်သော်လည်း ယန်ထယ်မိုကိုမူ ကောက်ကျစ်ဉာဏ်များသော အခွင့်အရေးရှာသမားတစ်ယောက်ဖြစ်ကြောင်း သိရသည်နှင့် အမြင်ကတ်နေသည်။

ယန်ထယ်မိုက မိမိကို ရစ်ဝဲလိုနေကြောင်းလည်း အကဲခတ်မိသည့်အတွက် ခပ်တန်းတန်း ခပ်ထင်းကင်းနေလိုသည်။

တစ်ဖက်ကလည်း တုကူးချင်းချင်းသည် ငါးပျံမာအန်းနားကို ကူညီကယ်တင်ပေးချင်သည်။ မာအန်းနားပြောသောကိစ္စဆိုသည်မှာ ဘာဖြစ်ကြောင်း ရေရေရာရာ မသိသေးသော်လည်း မာအန်းနား၏ဘဝအတွက် အလွန်အရေးပါလှမည်ဟုတော့ မှန်းဆတွေးမိသည်။

မာအန်းနားကို ကယ်တင်ပေးလိုသည့်အာသီသကလည်း ရှိနေသည်။

ကျားဘုရင်ဂိုဏ်းကိုဆန့်ကျင်သည့်စကားများ မာအန်းနား ပြောကြားခဲ့သည်ကလည်း အမှန်ပင်။ မာအန်းနားကို ကယ်တင်ပေးလိုလျှင် ထိုသို့သော စကားမျိုး ပြောကြားခဲ့ခြင်းမရှိဟု တုကူးချင်းချင်းက သက်သေခံဖြေရမည်။ တစ်နည်းအားဖြင့် လိမ်လည်ပြောဆိုရပေလိမ့်မည်။

တုကူးချင်းချင်းမှာ စည်းကမ်းကျစွာ ပြုစုပျိုးထောင်ခြင်းခံထားရသော မိန်းမတစ်ယောက်မို့ မုသားပြောဖူးခြင်းမရှိ။

လူတစ်ယောက်၏အသက်ကိုကယ်တင်ရန်ပြောရမည်ဖြစ်သော်လည်း သူမအနေဖြင့် ရှုံ့တွန့်တွန့်ဖြစ်နေသည်ကတော့ အမှန်။

သူမသည် မည်သို့ ပြုမူပြောဆိုရမည်ကို ဆုံးဖြတ်ရခက်ကာ စဉ်းစားရင်း ပတ်ဝန်းကျင်ကို ငေးမောကြည့်နေမိသည်။

မာအန်းနားသည် မျက်နှာတင်းတင်းနှင့် ရှိနေသည်။ သို့သော် သူမ၏မျက်လုံးများတွင်တော့ တုကူးချင်းချင်းကို မျှော်လင့်ချက်ကြီးနှင့် အသနားခံသလို အရိပ်အသွင်များ ယှက်သန်းနေသည်။

ပင့်ကူနက်ယောက်စွမ်းကိုကတော့ စိတ်မငြိမ်သလိုရှိနေသည်။ တုကူးချင်းချင်းတို့လည်း စိတ်မချသလိုမျိုးကွက်ကြည့်ကွက်ကြည့်လုပ်နေသည်။ တုကူးချင်းချင်းက မာအန်းနား



ကို ကယ်တင်နိုင်ရန် လိမ်လည်သက်သေခံ ပြောဆိုမည်ကို တွေးမိနေသလိုရှိသည်။

ကျားဘုရင်ဂိုဏ်းသား (၃)ယောက်တို့ကတော့ ကိစ္စ မြန်မြန်ပြီးပြတ်စေလိုသည့် အသွင်များရှိနေသည်။ ယန်ထယ်မိုထံမှ အမိန့်ချမှတ်မှုကိုသာ စောင့်နေကြသည်။ ယန်ထယ်မို အမိန့်ချသည့် အတိုင်း လိုက်နာလှုပ်ဆောင်ဖို့သာ စိတ်စောနေကြသည်။

ယန်ထယ်မိုကတော့တုကူးချင်းချင်း၏မျက်နှာကို စူးစူးရဲရဲပင် ငေးမောကြည့်နေသည်။

တုကူးချင်းချင်းသည် အသက် ငယ်ရွယ် သော်လည်း ပင်လယ်ဂေဟာ၏ အရှင်သခင်မလေးအဖြစ် ယန်ဖူးမြို့လေးတွင် အတော်ပင်အရှိန်အဝါရှိလျက် ချမ်းသာကြွယ်ဝကြောင်းကို ယန်ထယ်မိုက ကောင်းကောင်း သိထားပြီးဖြစ်သည်။

ရုပ်ရည် ချောမောသည်ဟုလည်း ကြားသိနေသည်။ ယခုလူကိုယ်တိုင် တွေ့မြင်ရသည့်အခါ သူထင်ထားသည့်ထက်ပင် ချောမောလှပနေသည်ကို တွေ့ရသည်။

ယန်ထယ်မိုမှာ 'အကြံကြီးသူ' တစ်ယောက် ဖြစ်သည်။ သူ၏ တိုးတက် ကြီးပွားအောင်မြင်ရေး အတွက် 'အခွင့်အလမ်းကောင်းများ' ကို အမြဲ ရှာနေသည်။ အခွင့်အလမ်းကောင်းတွေ့လျှင်လည်း ကောင်းကောင်း အသုံးချတတ်သည်။

တုက္ကူးချင်းချင်းသည်သူ့အတွက် အခွင့်အလမ်းကောင်းများစွာ ပေါ်ထွက်အောင် လုပ်ဆောင်နိုင်သူ တစ်ယောက်ဟု ယန်ထယ်မိုက မှတ်ယူထားလိုက်သည်။ တုက္ကူးချင်းချင်းကို အရယူကာ ဘဝတက်လမ်းရှာရန်လည်း စိတ်ပိုင်းဖြတ်မိသည်။

မည်သူမျှ စကားမဆိုကြ။

သည်တော့ ထိုနေရာဝန်းကျင်သည် စကားသံ တိတ်၍နေသည်။ လရောင်ကြောင့် အနီးအနားရှိ သစ်ပင် ချုံပုတ်များကို ထင်ထင်ရှားရှားမြင်ရသည်။ အဝေးရှိ ယန်ဖူးမြို့လေးကိုလည်း ခပ်ပျပျလှမ်းမြင်နိုင်သည်။

ညလေအေးကတော့ တသုန်သုန် တိုက်ခတ်နေသည်။

* * *

''ကိုင်း....စဉ်းစားစရာ ရှိတာတွေ စဉ်းစားလို့ ပြီးပြီထင်ပါရဲ့၊ ရေသူမနတ်မယ်လေးကို မေးခွန်းနည်းနည်းပါးပါးမေးပါတော့မယ်၊ ဂရုစိုက် နားထောင်ပြီး အမှန်အတိုင်းပြန်ဖြေပါ''

တိတ်ဆိတ်နေခြင်းကို ယန်ထယ်မို၏ စကားသံက ဖြိုခွဲလိုက်သည်။

တုက္ကူးချင်းချင်းလည်း သက်ပြင်းတစ်ချက် ခိုး၍ချကာခေါင်းအသာ ညိတ်ပြလိုက်သည်။



''မြင်းလှည်းခေါင်း မြို့ပွဲမစခင်က ငါးပျံ မာအန်းနားနဲ့ ဆုံတွေ့ခဲ့ပါသလား''

ယန်ထယ်မိုက စတင်မေးမြန်းသည်။

''ဆုံတွေ့ခဲ့ပါတယ်''

သူမက ခတ်ပြတ်ပြတ်ပြန်ဖြေသည်။

''အဲဒီလို ဆုံတွေ့ကြတဲ့အခါမှာ ပင့်ကူနက်ယောက်စွမ်းကိုစွပ်စွဲသလိုကျား ဘုရင်ဂိုဏ်းအပေါ် အဆိုးမြင်ဆန့်ကျင်တဲ့စကားတွေကို ဒီအမျိုးသမီးကြီးပြောခဲ့ပါသလား''

သူမက ထိုအမေးကို ချက်ချင်းပြန်မဖြေ။ တွေဝေ စဉ်းစားနေသည်။ ဘယ်လိုအဖြေမျိုး ပေးသင့်သည်ကို ချင့်ချိန်စဉ်းစားနေသည်။

ထိုအချိန်မှာပင် ဘယ်ကဲ့သို့ ဖြစ်သည်မသိ၊ ငါးပျံမာအန်းနားသည် 'ခစ်' ခနဲ တစ်ချက်ရယ်လိုက်သည်။

''အမျိုးယုတ်မ....ရယ်မနေနဲ့၊ ခဏကြာရင် ရှင်သေရတော့မှာ''

ပင့်ကူနက်ယောက်စွမ်းကကခပ်မာမာပြောကာမာအန်းနားကို ခြေထောက်နှင့်တစ်ချက်ဆောင့်ကန်သည်။ ဒူးတုပ်ထိုင်နေသော မာအန်းနား ယိမ်းယိုင်လဲကျသည်။ ကျားဘုရင်ဂိုဏ်းသားတစ်ယောက် ခပ်ကြမ်းကြမ်းပြန်ဆွဲထူပေးသည်။

ဤအဖြစ်အပျက်သည် တုက္ကူးချင်းချင်းကို ဘယ်လိုအဖြေပေးရမည်ဟု သိနားလည်သွားစေသည်။

''အဲဒီလို စကားမျိုးတွေ မပြောခဲ့ပါဘူး''

သူမက အဖြေပေးလိုက်သည်။

အမျိုးသမီးကြီးနှစ်ယောက်စလုံးက သူမကို လှမ်းကြည့်ကြသည်။ မာအန်းနားအကြည့်တွင် ကျေးဇူးတင်မှုသိသာစွာပေါ်လွင်နေသည်။ ယောက်စွမ်းကို၏ အကြည့်ကတော့ မုန်းတီးမှုအပြည့်နှင့် ဖြစ်သည်။ မကျေမနပ်သည်းရေရွတ်သည်။

"ဒါဆိုရင် မာအန်းနားက ဘယ်လို စကားမျိုးတွေ ပြောခဲ့တာလဲ"

ယန်ထယ်မိုက ခပ်အေးအေးပင် ဆက်မေးသည်။

တုကူးချင်းချင်း၏အဖြေစကားသည်ယန်ထယ်မိုအတွက် သဘောကျစရာဖြစ်သည်။ သူချထားသော ခွင်ထဲသို့ သူမ တိုးဝင်လာလေပြီမို့ အားရကျေနပ်သည်။

"သူဟာ ကျွန်မဖေဖေနဲ့ရင်းနှီးသိကျွမ်းတယ်လို့ ပြောတယ်၊ သူ့ကို ပေးကမ်း စွန့်ကြဲဖို့လဲ အသနားခံတယ်၊ ဒီနောက် ဟိုမိန်းမကြီးပင့်ကူနက် ယောက်စွမ်းကို လာနေတာကိုလဲ မြင်ရော အလန့်တကြား ထွက်ပြေးသွားတော့တာပါပဲ"

"လိမ်တာ၊ မဟုတ်တာတွေပြောနေတာယ်"

ပင့်ကူနက် ယောက်စွမ်းကိုက ကြားဝင်ကာ အော်ဟစ်ပြောဆိုသည်။

"ခင်ဗျားပါးစပ်ပိတ်ပြီး တိတ်တိတ်နေစမ်းပါ၊ ဒီမှာ ကျွန်တော်စစ်မေးနေပါတယ်"



ယန်ထယ်မိုက ခပ်ဆတ်ဆတ်ပြောလိုက်မှ ယောက်စွမ်းကို ပါးစပ်ပိတ်သွားသည်။

"ယောက်စွမ်းကိုက ဒီအမျိုးသမီးဟာ ကျားဘုရင်ဂိုဏ်းကို ဆန့်ကျင်အန်တုတဲ့စကားတွေ ပြောတယ်လို့ စွပ်စွဲတယ်၊ ရေသူမနတ်မယ်လေးကတော့ မပြောဘူးလို့ သက်သေခံတယ်၊ ကျွန်တော့်အနေနဲ့ကတော့ ကြေးစားသတင်းပေး တစ်ယောက်ရဲ့ စကားထက် ရေသူမနတ်မယ်လေးလို မိန်းကလေးတစ်ယောက်ရဲ့ သက်သေခံချက်ကို ပိုအလေးထားပါတယ်၊ မာအန်းနားကို လွှတ်ပေးလိုက်ပါမယ်"

ယန်ထယ်မိုက တုကူးချင်းချင်းကို ပြောသည်။

"မာအန်းနားဟာ ကျားဘုရင်ဂိုဏ်းရဲ့ ရန်သူဖြစ်တာ အမှန်ပါပဲ၊ အချိန်နည်းနည်း ပေးမယ်ဆိုရင် သက်သေအခိုင်အလုံ ပြနိုင်ပါတယ်၊ သူ့ကို အပြစ်ဒဏ်မစီရင်သေးရင်လဲ ဖမ်းတော့ချုပ်ထားပါ"

ယောက်စွမ်းကိုက ကြားဝင်ပြောပြန်သည်။

"ဖမ်းချုပ်ထားစရာ မလိုပါဘူး၊ သူ့ကိုလွှတ်ပေးလိုက်ကြတော့"

ယန်ထယ်မိုက တစ်ဆက်တည်း အမိန့်ပေးလိုက်ရာ ကျားဘုရင် ဂိုဏ်းသားတစ်ယောက်က မာအန်းနားတွင် တုပ်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်သည်။

"မင်းရဲ့ သက်သေခံ စကားတွေအတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ ဒီအတွက် မင်းအများကြီး အကျိုးခံစားရပါလိမ့်မယ်၊ ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့"

ကြိုးပြေသွားသည်နှင့် မာအန်းနားသည် ဆတ်ခနဲ ထရပ်ကာ တုကူးချင်းချင်းကို ပြောသည်။

ထို့နောက် လှစ်ခနဲ ပြေးထွက်သွားသည်။ ပြေးလွှားပုံက မြန်လွန်းလှသည်။ တစ်ခဏအတွင်းမှာပင် အဝေးသို့ ရောက်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ပင့်ကူနက် ယောက်စွမ်းကိုလည်း ယန်ထယ်မို့နှင့် တုကူးချင်းချင်းတို့ကို တစ်ချက် စူးစူးရဲရဲကြည့်ကာ ဘာစကားတစ်ခွန်းမျှ စောဒကတက် ပြောမနေတော့ဘဲ လျှောက်လှမ်းထွက်သွားသည်။

"ညီနောင်တို့ရေ၊ ကျွန်တော့်ရဲ့ လှည်းဆွဲမြင်းနက်ကြီးတွေနဲ့ ညီနောင်တို့စခန်းက မြင်းချောနှစ်ကောင် လဲပြီးတပ်ပေးကြပါဦး၊ မြင်းနက်ကြီးတွေကို မနက်ဖြန်ကျမှပဲအယူလွှတ်လိုက်မယ်၊ သူတို့ အတော်ပင်ပန်းနေကြပြီ၊ ဒီမှာပဲ အနားပေးထားတော့မယ်"

ယောက်စွမ်းကို ထွက်ခွာသွားသောအခါ ယန်ထယ်မိုက ကျားဘုရင်ဂိုဏ်းသားများကို ပြောသည်။

* * *

"ကျွန်တော်တို့ မြို့တစ်ပတ် မြင်းလှည်းလျှောက်စီးကြရအောင်လား"



မြင်းများ လဲလှယ်ပြီးသောအခါ ယန်ထယ်မိုက ပြောသည်။

"ဟို....ကျွန်မ အိမ်ပဲပြန်ချင်တယ်"

သူမသည် ယန်ထယ်မိုနှင့် မြန်မြန်လမ်းခွဲနေချင်သည်မို့ ငြင်းဆန်လိုက်သည်။

"ရေသူမနတ်မယ်လေးရဲ့ သက်သေခံ ပြောကြားချက်တွေကို ကျွန်တော်က အလေးအနက်ထားယုံကြည်လို့ အဲဒီသက်သေခံချက်အရ ငါးပျံမာအန်းနားကို လွှတ်ပေးလိုက်ပါပြီ၊ ဒါဟာ ရေသူမ နတ်မယ်လေးကို ကျွန်တော်က အရေးပေးခဲ့တာပါ၊ အဲဒီအတွက် ရေသူမနတ်မယ်လေးကလဲ ကျွန်တော့်အပေါ် တုံ့ပြန်ပြီ အလေးပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ လကလဲ သာပြီးနေတာကြောင့် အပန်းဖြေ မြင်းလှည်းလျှောက်စီးရတာ သိပ်ကိုကောင်းမှာပါ....

"မြို့လေးက ငယ်ငယ်လေးမို့ မြို့တစ်ပတ်ဆိုတာ ဘာမှလဲ အချိန်မကြာပါဘူး၊ ပြီးရင် ညစာစားသောက်ကြတာပေါ့၊ ရေသူမနတ်မယ်လေးကို အိမ်တိုင်ယာရောက် ပြန်ပို့ပေးတဲ့အတွက် ရေသူမနတ်မယ်လေးကလဲ အိမ်ရှင်က ဧည့်ဝတ်ပြုတဲ့အနေနဲ့ ကျွန်တော့်ကို ညစာကျွေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

သူမမှာ ယန်ထယ်မို၏ပါးနပ်လိမ္မာပြီးစကားပရိယာယ်ကြွယ်လှမှုကို နားလည်သိရှိကာ အံ့သြတုန်လှုပ် သွားရလေသည်။ ယန်ထယ်မိုက သူမအပေါ်တစ်ဆင့်ပြီးတစ်ဆင့် ရစ်ပတ် တုပ်နှောင်လာခဲ့လေပြီ။

သူမအပေါ် အခွင့်အရေးယူနိုင်ရန်လည်း ယန်ထယ်မိုက အကြောင်း ခိုင်ခိုင်လုံလုံ အသာစီးရယူထားပြီးဖြစ်သည်။

တုကူးချင်းချင်းသည် ငါးပျံမာအန်းနား၏ အသက်ကို ကယ်တင်နိုင်ရန်အတွက် မုသားသက်သေ ထွက်ဆိုခဲ့သည်။ ယန်ထယ်မိုသည် သူမ မုသားသက်သေ လုပ်ကြောင်းသိလျက်နှင့် သူမ၏စကားကို အတည်ယူကာ မာအန်းနားကို အပြစ်မယူဘဲ လွှတ်ပေးခဲ့သည်။

ဤတွင် တုကူးချင်းချင်းမှာ မုသားသက်သေထွက်ဆိုမှု အပြင် ယန်ဖူး မြို့လေးတွင် အုပ်ချုပ်ရေး အာဏာပိုင် မြို့စားတမျှ ဩဇာထက်လွှမ်းမိုးနေသော ကျွားဘုရင်ဂိုဏ်းကို ဆန့်ကျင်အာခံသူတစ်ယောက်ကို ကာကွယ်မှုပင် လုပ်မိခဲ့သည်။ ကျွားဘုရင်ဂိုဏ်းကို အန်တုအာခံသူနှင့် ပူးပေါင်းသည်ဟုပင် စွပ်စွဲနိုင်သောအခြေအနေသို့ရောက်ရှိနေသည်။

တုကူးချင်းချင်းသည် ဘာကြောင့် မာအန်းနားအတွက် သည်လိုလုပ်ဆောင် ပေးခဲ့ရသည်ကို သူ ရှင်းရှင်းလင်းလင်း နားမလည် နိုင်သေးပေ။ မာအန်းနားအပေါ် ဖခင်ကြီး၏ မိတ်ဟောင်းဆွေဟောင်း တစ်ယောက်အဖြစ် သနားကရုဏာသက်မှု ရှိသော်လည်း ထိုအချက်သည် အဓိက မဟုတ်။ အရေးသိပ်မပါ။

သူမကိုယ်တိုင် လုံးဝနားမလည်သော်လည်း တွန်းလှန်ဖယ်ရှားခြင်းငှာ ဘယ်လိုမျှမစွမ်းသာသော အင်အားကြီး တစ်ခုခုက ငါးပျံမာအန်းနား၏အသက်ကို ကာကွယ်ကယ်တင်ပေးရန် တိုက်တွန်းသလိုလို ထင်မိရသည်။



ထို့ပြင် ငါးပျံမာအန်းနား၏အသက်ကိုကယ်တင်ပေးခဲ့သည့်အတွက် မိမိအနေဖြင့် ကြီးမားသောအကျိုးကျေးဇူးများကိုတစ်ချိန်ချိန်တွင်ရရှိလိမ့်မည်ဟုလည်း တုကူးချင်းချင်း ခံစားမိ၏။

ယခုလောလောဆယ်တွင်မူ သူမသည် ယန်ထယ်မို၏ ပိုက်ကွန်ချက်ထဲရောက်နေသော ငါးတစ်ကောင်လိုဖြစ်နေသည်။ ယန်ထယ်မိုကို မလွန်ဆန်နိုင်။

ယန်ထယ်မိုက လဲလှယ်တပ်ဆင်ထားသော လှည်းဆွဲမြင်းနှစ်ကောင်ကို ဇက်ကြိုးဆွဲကာ မောင်းနှင်လိုက်သည့်အခါ သူမလည်း မြင်းလှည်းပေါ်တွင် အတူလိုက်ပါသွားရလေတော့သည်။

* * *

လမင်းက ထိန်ထိန်သာနေသည်။

ညလေအေးကလည်း တသုန်သုန်တိုက်ခတ်နေသည်။

ဆွတ်ပျံ့ဖွယ်ရာရှိသော ပတ်ဝန်းကျင်ကြောင့် မြို့ပတ်၍ မြင်းလှည်းစီးရသည်မှာ မဆိုးလှပေ။ အကယ်၍ မကျေမနပ်မှုများရှိမနေဟုဆိုလျှင် သူမသည် အတော်ပင်ကြည်နူးပျော်ရွှင်မိပေလိမ့်မည်။

မြင်းလှည်းမောင်းရင်း ယန်ထယ်မိုက ကျွားဘုရင်ဂိုဏ်းအကြောင်းနှင့် သူ၏ ဆွေမျိုးစုများအကြောင်းကို

ပြောပြနေသည်။ သူမကတော့ စိတ်မဝင်စား။ ဝတ်ကျေဝတ်ကုန်ဖြင့်သာ နားထောင်နေ၏။

မြို့တစ်ဝက်လောက် ပတ်ပြီးသွားချိန်တွင် မြင်းစီးသမားတစ်ယောက်နှင့်ဆုံမိသည်။ ထိုမြင်းစီးသမားကလမ်းမှပိတ်ရပ်ကာ လက်ပြတားခြင်းကြောင့် ယန်ထယ်မိုလည်း မြင်းလှည်းကို အသာတုံ့ရပ်ပေးလိုက်သည်။

ထိုမြင်းစီးသမားမှာ ကျောင်းဖန်ယောင်၏မိတ်ဆွေ အိုက်တာ့လိုင်ဖြစ်ကြောင်း တုကူးချင်းချင်း မှတ်မိလိုက်သည်။

"ဟော....အိုက်တာ့လိုင်တို့း"

သူမက နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်ပါပဲ၊ သခင်မလေးပျောက်နေတယ်သတင်းကြားလို့ ကျွန်တော်လိုက်ရှာနေတာ၊ ကျောင်းဖန်းယောင်လဲ အတော်စိုးရိမ်နေတယ်"

အိုက်တာ့လိုင်က ပြန်ပြောသည်။

"ရေသူမနတ်မယ်လေးပျောက်ဆုံးမသွားပါဘူး၊ သူက ကျွန်တော့်ကို အဖော်လုပ်ပြီး မြင်းလှည်း လျှောက်စီးနေတာပါ၊ မိတ်ဆွေလေး ကျောင်းဖန်းယောင်ကို ဘာမှစိုးရိမ်စရာမရှိဘူးလို့ ပြောပြလိုက်ပါ၊ ရေသူမနတ်မယ်လေးကို ကျွန်တော်ကိုယ်တိုင် အိမ်တိုင်ယာရောက် ပို့ပေးပါ့မယ်၊ ရေသူမနတ်မယ်လေးက ကျွန်တော့်ကို ညစာစားသောက်ဖို့ ဖိတ်ခေါ်ထားတယ် ဆိုတဲ့အကြောင်းကိုလဲ မိတ်ဆွေလေး ကျောင်းဖန်းယောင်ကိုပြောပြလိုက်ပါ"



ယန်ထယ်မို၏ ခပ်ပိုင်ပိုင်ပြောလိုက်သောစကားကြောင့် တုကူးချင်းချင်းနှင့်အိုက်တာ့လိုင်တို့နှစ်ယောက်လုံးပင်အံ့ဩသွားကြသည်။

"ကဲ....ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ယန်ထယ်မိုက ပြောပြောဆိုဆို မြင်းလှည်းကို အသော့မောင်းထွက်လိုက်လေရာ တုကူးချင်းချင်းမှာ အိုက်တာ့လိုင်ကို ရှင်းပြရန်ပင် အချိန်မရလိုက်တော့ပေ။

# အခန်း (၄)

ပင်လယ်ဂေဟာ၏ ပင်မတံခါးကြီးရှေ့တွင် ယန်ထယ်မိုက သူ၏မြင်းလှည်းကို ဇက်သတ်တာရပ်လိုက်သည်။

ပင်လယ်ဂေဟာတည်ရှိရာလမ်းမကြီးတစ်လျှောက် ခွာသံ တဖြောင်းဖြောင်းမြည်အောင် လှည်းဆွဲမြင်းများကို အသော့နှင်လာခဲ့ပြီးမှ ရပ်တန့်လိုက်ခြင်းဖြစ်သည်။ မြင်းခွာသံများကို ပင်လယ်ဂေဟာထဲရှိလူများ ကောင်းကောင်းကြားကြရသည်။

မြင်းလှည်းရပ်ပြီးသည်နှင့် ယန်ထယ်မိုသည် မြင်းလှည်းမောင်းသမားနေရာမှ ပေါ့ပါးလှစွာ လွှားခနဲခုန်ဆင်းသည်။ တုကူးချင်းချင်း ထိုင်နေရာဘက်သို့လာတာ မြင်းလှည်းတံခါးကို အလိုက်သင့်ဖွင့်ပေးသည်။



ထိုအချိန်မှာပင် ပင်မတံခါးကြီးပွင့်ကာ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်း၏အဒေါ်ဝမ်းကွဲ တုပိုးလော့တို့နှစ်ယောက် ထွက်လာကြသည်။

"ဟုတ်တယ် ဒေါ်လေးပိုးလော့ရေ၊ အခု ရောက်လာတာ ညီမလေး ချင်းချင်းပဲ"

ကျောင်းဖန်းယောင်က ပြောသည်။

"ကျွန်တော် ယန်ထယ်မို မိတ်ဆွေလေးဆီက ခွင့်ပန်ပြီး ခေါ်ဆောင်သွားခဲ့တဲ့ မိန်းမချောလေးကို ဘေးမသီရန်မခ ပြန်ပို့အပ်နှံပါတယ်"

ယန်ထယ်မိုက ဟန်ပါတ်အပြည့်ပါသော ရည်မွန်မှုဖြင့် အသာ ဦးညွှတ်ကာပြောသည်။

ကျောင်းဖန်းယောင်သည်း တုံ့ပြန် ဂါရဝပြုလိုက်ပြီး....

"ကျွန်တော့်ဆီက ခွင့်ပန်ပြီး ခဏ ခေါ်သွားတာကတော့ မှန်ပါတယ်၊ ဒါပေမယ့် မိတ်ဆွေရဲ့ခဏကလဲ အချိန်လေးနာရီကျော်ကျော် ငါးနာရီနီးပါးတောင် ကြာသွားတာပါလား၊ ကျွန်တော်ဖြင့် ညီမလေးချင်းချင်းအတွက် စိတ်တောင်ပူမိတယ်"

"အပြစ်တင်မယ်ဆိုရင်လဲ ခံရမှာပါပဲ၊ ဒီလို အချိန်ကြာလင့်သွားတာတို့ ရှင်းပြနိုင်ပါတယ်၊ ရေသူမနတ်မယ်ဈေးက ကျွန်တော်တို့ ညစာစားသောက်ဖို့ ဖိတ်ကြားထားတဲ့အတွက် ညစာစားသောက်ရင်း အေးအေးဆေးဆေး ရှင်းပြပါရစေ"

ထိုသို့ပြောပြီးနောက် ယန်ထယ်မိုသည် တုကူးချင်းချင်းကို အသာဦးညွှတ်ကာ ကိုယ်ကိုယို့လျက် လမ်းပေးသည့်အသွင်ပြုသည်။

သူမမှာလည်း ဖြစ်ပေါ်နေသော အခြေအနေအရ ဘာမျှမတတ်သာဘဲ ပင်လယ်ဂေဟာ ပင်မဧည့်ခန်းဆောင်ကြီးရှိရာသို့ အသာလျှောက်လှမ်းသွားရသည်။ ယန်ထယ်မိုသည် တုကူးချင်းချင်း၏ ညာဘက်နားမှ ကပ်၍ လိုက်ပါလာသည်။

အထူးဧည့်သည်တစ်ယောက် အနေဖြင့် အိမ်ရှင် ဖိတ်ခေါ်ရာနောက်မှ လိုက်လာသည့်သဘော ဖြစ်သော်လည်း ခပ်ခွာခွာမဟုတ်ဘဲ ကပ်၍ရှိနေရာ တုကူးချင်းချင်းနှင့်အတူယှဉ်လျက်သွားသည်ဟုမဆိုနိုင်ရုံမျှသာ ရှိနေသည်။

ကျောင်းဖန်းယောင်နှင့် တုပိုးလော့တို့နှစ်ယောက်ပင်နောက်မှ လိုက်ပါခဲ့ရလေသည်။

မြင်းလှည်းပြိုင်ပွဲပြုလုပ်သည့် အချိန်အခါတွင် ယန်ဖူးမြို့ငယ်လေးရှိ မြို့မျက်နှာဖုံးအသိုက်အဝန်းက ညစာစားသောက်ပွဲများ တည်ခင်းကြလေ့ရှိကြရာ ပင်လယ်ဂေဟာတွင်လည်း ညစာစားသောက်ပွဲ တည်ခင်းမည်မို့ ပင်မဧည့်ခန်းဆောင်ကြီးထဲတွင် ဖိတ်ကြားထားသော ဧည့်ပရိသတ်များ ရောက်နေကြလေပြီ။

တုကူးချင်းချင်းသည် ဘယ်လိုမျှ မလွှဲသာမရှောင်သာဘဲ ယန်ထယ်မိုကို မိမိ၏ အထူးဧည့်သည်သဘောမျိုးဖြင့် ဧည့်ခန်းဆောင်ထဲရှိနေကြသော ဧည့်ပရိသတ်များကို မိတ်



ဆက်ပေးရသည်။ ထို့နောက် အဝတ်အစားများ လဲလှယ်ဝတ်ဆင်ရန်ဟု အကြောင်းပြကာ ဧည့်ခန်းဆောင်ကြီးထဲမှ ထွက်လာခဲ့သည်။

ညစာစားသောက်ပွဲတွင် အိမ်ရှင်အနေဖြင့် ဧည့်ခံရန် ဝတ်ကောင်းစားလှများ လဲလှယ်ဝတ်ဆင်ရန် လိုအပ်သည်မို့ ယန်ထယ်မိုအနေဖြင့်လည်း သူ့အပါးတွင် တုကူးချင်းချင်း ရှိနေအောင် မပြောသာတော့ပါ။

“ရှုတ်ပါရဲ့၊ ကျွန်တော်လဲ မြင်းလှည်းပြိုင်ပွဲကနေပြီး တန်းလာရသလိုမို့ အဝတ်အစား မသေမသပ်ဖြစ်နေတယ်၊ အဝတ်အစား သေသေသပ်သပ်နဲ့ ဖြစ်အောင် ပြင်ဆင်နိုင်မယ့် နေရာလေးတစ်ခုခုလောက်ကို ညွှန်ပြပေးပါလား”

တုကူးချင်းချင်း ဧည့်ခန်းဆောင်ကြီးမှ ထွက်သွားသောအခါ ယန်ထယ်မိုက ကျောင်းဖန်းယောင်ကို ခပ်တိုးတိုး ပြောသည်။

ကျောင်းဖန်းယောင်သည် ယန်ထယ်မိုအပေါ် သိပ်အမြင်မကြည်လှသော်လည်း ပင်ကိုစိတ်ရင်းကောင်းကာ ရိုးဖြောင့်သူတစ်ယောက်မို့ အကူအညီတောင်းလာသည်ကို မငြင်းသာဘဲ အဝတ်အစား ပြင်ဆင်လဲလှယ်နိုင်သော အခန်းငယ်တစ်ခုသို့ ပို့ဆောင်ပေးလိုက်ရသည်။

ထိုသို့လိုက်ပို့ပေးမှုကို ထောက်၍ ပင်လယ်ဂေဟာထဲရှိ အခန်းများအနေအထားကို ကျောင်းဖန်းယောင် ကောင်းကောင်း သိနေကြောင်း ယန်ထယ်မို အကဲခတ်မိသည်။

တုကူးချင်းချင်းနှင့်လည်း များစွာ ရင်းနှီးမှု ရှိနေမည်ဟု လည်း အကဲခတ်မိသည်။

ကျောင်းဖန်းယောင်ကို အားဖယ် ဖယ်ထုတ်နိုင်မှ တုကူးချင်းချင်းကို ရယူနိုင်ဖို့ အဆင်ပြေမည်ကို နားလည်သည်။ ဖြစ်သည့်နည်းနှင့် ကျောင်းဖန်းယောင်ကို တုကူးချင်းချင်း၏ အနီးတွင် ရှိမနေတော့အောင် လုပ်ဆောင်ရန်လည်း စိတ်ထဲတွင် တေးမှတ်ထားလိုက်သည်။

ယန်ထယ်မိုက ကျောင်းဖန်းယောင်ကို ကျေးဇူးတင်စကားဆိုကာ မိမိ၏ မသေမသပ်ဖြစ်နေသည်များကို သေသပ်အောင် ပြုပြင်သည်။ ယန်ထယ်မိုမှာ ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ ကြော့ကြော့မော့မော့ သားသား နားနား နေတတ်သူမို့ အနည်းအကျဉ်း ပြုပြင်လိုက်သည်နှင့် အထက်တန်းစား ညစာစားသောက်ပွဲတက်ရန် အဆင်ပြေသည့်အခြေအနေဖြစ်သွားသည်။

ညစာစားပွဲသို့ တုကူးချင်းချင်း၏ အထူးဧည့်သည်တော်အဖြစ် ယန်ထယ်မို တက်ရောက်လာသည်ကို ကျောင်းဖန်းယောင်က သိပ်မလိုလားပါ။

သို့သော် မြင်းလှည်းမောင်းပြိုင်ပွဲတွင် ယန်ထယ်မိုက လျှို့ဝှက်လက်နက်ပုန်းသုံးမှု၊ အစိုကပြိုင်ဘက်ဖြစ်သူ ခမ်းယန်ကွမ်း၏ လှည်းဆွဲမြင်းကို လုံရှည်နှင့် လှမ်းထိုးခဲ့မှုတို့အတွက် လူပြောသူပြောများနေရာ အများရှေ့မှောက်တွင် ထိုကိစ္စများကို ဖွင့်ဟပြောဆိုနိုင်မည့် အခွင့်အလမ်း ရှိလာ



သည်မို့ ညစာစားသောက်ပွဲသို့ ယန်ထယ်မို တက်ရောက်လာခြင်းသည် တစ်နည်းတော့ ကောင်းသည်ဟု တွေးမိ၏။

စကားစပ်မိသည်ဖြစ်စေ၊ မစပ်မိသည်ဖြစ်စေ ညစာစားသောက်ပွဲတွင် ထိုအကြောင်းများကို ထုတ်ဖော် ပြောဆိုမည်ဟုလည်း ကျောင်းဖန်းယောင် ဆုံးဖြတ်ထားသည်။

ယန်ထယ်မိုသည် သေသေသပ်သပ်ဖြစ်အောင် လုပ်ပြီး သွားသည့်တိုင် ဧည့်ခန်းဆောင်ကြီးထဲသို့ ပြန်မသွားသေး။ ဟိုယောင်ယောင် သည်ယောင်ယောင်လုပ်ကာ အချိန်ဆွဲနေသည်။ တုကူးချင်းချင်း အဝတ်အစားလဲလှယ်ပြီး ပြန်ဆင်းလာမည့်အချိန်ကိုခန့်မှန်းကြည့်ပြီး အချိန်ကိုက်လောက်သည့်အခါတွင်မှ အခန်းငယ်လေးထဲမှ ထွက်လာခဲ့သည်။

* * *

ယန်ထယ်မိုနှင့် ကျောင်းဖန်းယောင်တို့နှစ်ယောက် ရောက်ရှိပြီး ခဏအကြာမှာပင် ပင်လယ်ဂေဟာသခင်မလေး တုကူးချင်းချင်း ပင်မ ဧည့်ခန်းဆောင်ကြီးထဲသို့ ရောက်လာသည်။

"ဂေဟာရှင်သခင်မလေးကို အထူးဧည့်သည်တော်ဖြစ်တဲ့ ကျွန်တော် ယန်ထယ်မိုက အဖော်ပြု လိုက်ပို့ပေးပါရစေ"

သူမရောက်လာသည်နှင့် ယန်ထယ်မိုက ဧည့်ခန်းဆောင်ကြီးအဝမှ ဆီး၍ပြော၏။

မိမိ၏အထူးဧည့်သည်တော်ဟု ပြောဆို မိတ်ဆက်ပေးထားမှုကရှိနေရာ ဧည့်သည်များရှေ့မှောက်တွင် ခပ်ရဲရဲ ပြောဆိုလာသည့် ယန်ထယ်မိုကို သူမ ငြင်းဆန်ကန့်ကွက်ဖို့ ခက်နေသည်။

မည်သို့မျှမတတ်နိုင်ဘဲ ဧည့်ခန်းဆောင်ကြီးအတွင်းဘက်တွင် ညစာတည်ခင်းရန်ပြင်ဆင်ထားသော စားပွဲဝိုင်းကြီး ၃-ဝိုင်းရှိရာသို့ ယန်ထယ်မို၏ အဖော်ပြုပို့ဆောင်ပေးမှုကို လက်ခံလိုက်ရသည်။

ကျောင်းဖန်းယောင်မှာ တုပိုးလော့နှင့်အတူ တုကူးချင်းချင်းတို့နောက်မှသာ လိုက်ပါရသည်။

ခင်ကျင်းထားသည့် စားပွဲဝိုင်း ၃-ဝိုင်းအနက် ထိပ်ဆုံးစားပွဲဝိုင်း၏ထိပ်ပိုင်းနေရာတွင် ယန်ထယ်မိုနှင့် တုကူးချင်းချင်းတို့ ဘေးချင်းယှဉ်ကာထိုင်ကြသည်။ ကျောင်းဖန်းယောင်နှင့် တုပိုးလော့တို့လည်း ထိုစားပွဲဝိုင်းကြီးတွင်ပင် ထိုင်ကြသော်လည်း ယန်ထယ်မိုလို အဓိက ထိပ်ပိုင်းနေရာတွင်တော့ မဟုတ်။

အဆင့် ၃-နှင့် အဆင့် ၄-နေရာတို့တွင်သာထိုင်ရသည်။

ကျန်ဧည့်သည်များလည်း မိမိတို့အဆင့်အလိုက် နေရာအသီးသီးတွင် ဝင်ထိုင်ကြသည်။

စားပွဲဝိုင်းတစ်ဝိုင်းလျှင် လူ ၁၂-ယောက်စာ ပြင်ဆင်ထားကာ လူ ၁၀-ယောက်သာ ဝင်ထိုင်ကြသည့်အတွက် ချောင်ချောင်ချိချိရှိသည်။ ထိပ်ဆုံးဝိုင်းတွင်တော့ လူ ၁၁-ယောက်ရှိနေသည်။



အိမ်ရှင်ဖြစ်သူ တုကူးချင်းချင်းရောက်ရှိနေရာယူပြီးသည်နှင့် ညစာစားပွဲစတင်သည်။ ပဏာမအနေဖြင့် အရက်ချိုတစ်ခွက်စီ သောက်ကြရသည်။

ထိုနေရာတွင်လည်း ယန်ထယ်မိုသည် အထူးဧည့်သည်တော်တစ်ယောက်၏ အခွင့်အရေးကိုအသုံးချကာ တုကူးချင်းချင်းထက် အရင်ဦးအောင် ဆုမွန်တောင်းစကားကို ပြောသည်။

"မြင်းလှည်းပြိုင်ပွဲကြီးမှာ အနိုင်ရ ဗိုလ်စွဲသွားတဲ့ ခမ်းယန်ကွမ်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီအရက်တစ်ခွက်ကိုသောက်ကြပါစို့၊ ခမ်းယန်ကွမ်း ကျန်းမာပျော်ရွှင်ပါစေ"

ခမ်းယန်ကွမ်းမှာလည်း ထိုညစာ စားသောက်ပွဲတွင် တက်ရောက်ပါဝင်နေပြီး ထိပ်ပိုင်းစားပွဲဝိုင်းကြီး၏အဆင့် ၅-နေရာတွင်ထိုင်နေရာ ယန်ထယ်မို၏ ဆုမွန်တောင်းမှုမှာ အတော်ကို အဆင်ပြေနေသည့်အပြင် မိမိကိုယ်မိမိ နှိမ့်ချကာ သဘောထားကြီးမှုကို ပြသည့်အသွင်လည်း ဖြစ်သွားသည်။ ဧည့်သည် တော်တော်များများက ယန်ထယ်မိုကို စိတ်သဘောထားကြီးသောသိုင်းသမား လူကြီးလူကောင်းတစ်ယောက်ဟု အမြင်ရှိလာကြသည်။

ယန်ထယ်မို၏ အကောက်ဉာဏ်များ အကင်းပါးပြီး ပရိယာယ်ကြွယ်လှပုံအကြောင်းသိထားသော တုကူးချင်းချင်းကသာ မည်သို့သော အကွက်မျိုးထွင်လို၍ သည်လိုချီးမွမ်းစကားစလေသနည်းဟု တွေးနေမိသည်။

အရက်တစ်ကျိုက်သောက်ချလိုက်ပြီးနောက် ယန်ထယ်မို က ဆက်လက်၍—

“မိတ်ဆွေကြီး ခမ်းယန်ကွမ်းလဲရှိ၊ ဧည့်သည်လဲစုံခိုက် ကျွန်တော် စန့်ခံစရာလေးတွေဆို ဝန်ခံပါရစေ၊ ဒါမှ ကျွန်တော်လိပ်ပြာသန့်သွားမှာမို့ပါ၊ သိုင်းပညာအစွမ်းပြ ယှဉ်ပြိုင်ခွင့်ပြုထားတဲ့ ဒုတိယနေရာမှာ ခမ်းယန်ကွမ်းကို လှံငယ်လေးနဲ့လှမ်းအပစ်မှာ ကျွန်တော့် လက်သူကြွယ်မှာ ဝတ်ထားတဲ့ ရွှေလက်စွပ်လဲ ကျွတ်ထွက်သွားပါတယ်၊ အဲဒီ လက်စွပ်က မြင်းလှည်းမောင်းပြိုင်ပွဲမှာ အဆောင်သဘော မျိုးဝတ်ထားဖို့ ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးက ချီးမြှင့်ခဲ့တဲ့ လက်စွပ်ပါ၊ နည်းနည်းချောင်နေတာကို အံကျဖြစ်အောင် မပြုပြင်ဘဲ ဝတ်လိုက်တာကြောင့် ဒီလိုဖြစ်သွားရတာပါ၊ မတော်တဆ လက်စွပ်ကျွတ်သွားတာဖြစ်ပေမယ့် လျို့ဝှက် လက်နက်ပုန်းနဲ့ လှမ်းပစ်တဲ့သဘောမျိုး ယူဆရင်လဲ ရနိုင် တာမို့ ကျွန်တော်တောင်းပန်ပါရစေ”

ထိုသို့ပြောရင်း ယန်ထယ်မိုသည် ခမ်းယန်ကွမ်းကို မသိ မသာ ဦးညွှတ်ရာ ခမ်းယန်ကွမ်းလည်း ရောယောင်၍ ခေါင်းအသာညိတ်ပြမိသည်။ ဤတွင် ယန်ထယ်မို၏တောင်း ပန်မှုကို ခမ်းယန်ကွမ်းက ကျေနပ် လက်ခံသည့်သဘော ဖြစ်သွားသည်။

“နောက်ဆုံး သိုင်းပညာယှဉ်ပြိုင်ခွင့်ပေးထားတဲ့နေရာ မှာလဲ အကြိတ်အနယ်ယှဉ်ပြိုင်ရင်း အားအသုံးများသွား ပြီး ကိုယ့်ဟန်ချက်ကိုယ်မထိန်းနိုင်ဘဲ မိတ်ဆွေကြီးခမ်းယန်



ကွမ်းရဲ့ လှည်းဆွဲမြင်းတစ်ကောင်ရဲ့ တင်ပါးကို လှံနဲ့လှမ်း ထိုးမိတော့မလို ဖြစ်ခဲ့ရပြန်ပါသေးတယ်....

“မိတ်ဆွေကြီးခမ်းယန်ကွမ်းက မျက်စိရှင်ရှင် လက်မြန် ခြေမြန်နဲ့ ကျွန်တော့်ရဲ့လှံရှည်ကို ပုတ်ထုတ်ပစ်လိုက်လို့သာ ပေါ့၊ မဟုတ်ရင် ကျွန်တော့်မှာ ပြိုင်ဘက်ရဲ့မြင်းကို လှံနဲ့ လှမ်းထိုးမိတဲ့အဖြစ်ကြီးနဲ့ ကြုံရတော့မှာ၊ ဒီကိစ္စအတွက် မိတ်ဆွေကြီး ခမ်းယန်ကွမ်းကို ကျေးဇူးတင်ကြောင်း ပြော လိုပါတယ်၊ တောင်းလဲ တောင်းပန်ပါတယ်”

စကားအဆုံးတွင် ယန်ထယ်မိုသည် ဦးတစ်ချက်ညွှတ် ကာ အရက်ခွက်ထဲကကျန်နေသေးသော အရက်များကို မော့ သောက်ချလိုက်သည်။ ကျန်ဧည့်သည်များလည်း ယန်ထယ် မိုနည်းတူသောက်ကြသည်၊ တုကူးချင်းချင်းပင်ကျွင်သောက် ချလိုက်မိသည်။

ခမ်းယန်ကွမ်းကို ချီးကျူးဂုဏ်ပြုထားသည့်ညမို့ အရက် တစ်ခွက်ကို ကုန်စင်အောင် သောက်ချသည်လား၊ ယန် ထယ်မို၏ ဝန်ခံ ပြောကြားချက်များကို လက်ခံနားလည် သည့်သဘော သောက်ချသည်လား မကွဲပြားတော့ပါ။

မည်သို့ဆိုစေ....မြင်းလှည်းမောင်းပြိုင်ပွဲတွင် ယန်ထယ် မိုအပေါ် အမြင် မကြည်မလင်ရှိခဲ့သည်ကတော့ အလိုလို ပင် ပြေပျောက်သွားခဲ့ကြလေပြီ။

“အခု ညစာစားသောက်ပွဲကို အထူး ဧည့်သည်တော် အဖြစ် တက်ရောက်လာတဲ့ ယန်ထယ်မိုတို့ ဂုဏ်ပြုတဲ့အနေနဲ့ အရက်တစ်ခွက် သောက်ကြပါစို့လား ခင်ဗျား”

ခမ်းယန်ကွမ်းက အရက်ခွက်ထဲအရက်အနည်းငယ်ထည့်ကာ အသာမြှောက်၍ပြောသည်။ ကျန်ဧည့်သည် များကလည်း အရက်များဖြည့်ယူကာ ကိုင်မြှောက် ဆုတောင်း၍သောက်လိုက်ကြသည်။

မြင်းလှည်းမောင်း ပြိုင်ပွဲတွင် အနိုင်ရခဲ့မှု အပေါ် ဂုဏ်တင်ကာ ဆုမွန်တောင်းပေးခဲ့သည့် ယန်ထယ်မိုကို ခမ်းယန်ကွမ်းက ထုံးတမ်းစဉ်လာတုံ့ပြန် ဂုဏ်ပြုမှု ဖြစ်နိုင်သော်လည်း ယန်ထယ်မို့အဖို့တော့ ပို၍မျက်နှာသာရသွားခဲ့လေသည်။

"ကျွန်တော့်အနေနဲ့ အကျိုးအကြောင်း ရှင်းပြစရာကိစ္စတစ်ခု ရှိနေပါတယ်၊ အဲဒါကတော့ သခင်မလေး တုကူးချင်းချင်းကို မြင်းလှည်းပြိုင်ပွဲမှာ ကျွန်တော့် မြင်းလှည်းပေါ် လိုက်ပါ အဖော်ပြုပေးဖို့ မိတ်ဆွေလေး ကျောင်းဖန်းယောင်ရဲ့ ခွင့်ပြုချက်နဲ့ခေါ်သွားပြီး အချိန်လေးနာရီကျော်ကျော် ငါးနာရီနီးနီးကြာပြီးမှ ပင်လယ်ဂေဟာဆီ ပြန်ပို့ပေးနိုင်ခဲ့တဲ့အကြောင်းပါပဲ"

ယန်ထယ်မိုက စကားစလိုက်ပြန်သည်။

ကျောင်းဖန်းယောင်တို့ အပါအဝင် ဧည့်သည်အားလုံးသည် ထိုအကြောင်းကိုသိလိုနေကြပေရာ ယန်ထယ်မို ရှင်းပြမည်ကို စိတ်ဝင်တစားပင် နားစွင့်လိုက်ကြသည်။ ညစာစားသောက်ပွဲသည် ခေတ္တတိတ်ဆိတ်၍ပင် သွားသည်။

ယန်ထယ်မိုသည် စကားတိတ်တာ မိမိ ပြောကြားလိုသည်ကို အာရုံစိုက်နေကြသည့် ဧည့်သည်များကို တစ်ချက်



သိမ်းကျုံးကြည့်လိုက်ပြီးနောက် မြင်းလှည်းမောင်း ပြိုင်ပွဲအပြီးတွင် ကျားဘုရင်ဂိုဏ်းကို အန်တုဆန့်ကျင်သည့်စကားများပြောခဲ့သည့် ငါးပျံမာအန်းနားကို ဖမ်းထားသည်ဟု သတင်းပို့လာ၍ တုကူးချင်းချင်းကိုပါ အတူခေါ်၍ လိုက်သွားကြောင်း....

မာအန်းနားက ကျားဘုရင်ဂိုဏ်းအား ဆန့်ကျင်သည့် စကားများကို တုကူးချင်းချင်းအား ပြောကြားခဲ့သည်ဟု ပင့်ကူနက် ယောက်စွမ်းကီက စွပ်စွဲရာ တုကူးချင်းချင်း အပေါ်တွင်လည်း အမှု မပတ်နိုင်အောင် မိမိက သေသေချာချာစစ်မေးခဲ့ရကြောင်း....

တုကူးချင်းချင်းက ထိုသို့ စကားများ မပြောပါဟု သက်သေခံခဲ့သည့်အတွက် မာအန်းနားကို လွှတ်ပေးလိုက်သည့်အကြောင်းများကို အာဝဇ္ဇန်း ရွှင်ရွှင်နှင့် သေသေချာချာ ရှင်းလင်းပြောကြားသည်။

ယန်ထယ်မို အပြောကောင်းသည့် အတွက် ဧည့်သည်အပေါင်း ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

ဧည့်သည်များသည်တုကူးချင်းချင်းတို့ ချစ်ခင်ကြသည်။ အချို့က မာအန်းနားအပေါ်တွင် ကရုဏာသက်ကြသည်။ ယောက်စွမ်းကီ၏ စွပ်စွဲချက်မှာ မာအန်းနားသာမက တုကူးချင်းချင်းပါ အန္တရာယ် ကြုံစရာရှိနေလျက် ယန်ထယ်မိုက နှစ်ယောက်လုံး အပြစ်လွတ်အောင် လုပ်ဆောင်နိုင်ခဲ့သည့်အတွက် ကျေနပ်ကြသည်။

ဧည့်သည်များသည် ယန်ဖူးမြို့လေး၏ ထင်ရှားသော သိုင်းသမားများဖြစ်ကြလျက် အများစုက အင်အားကောင်းသော ကျားဘုရင်ဂိုဏ်းနှင့် အဆင်ပြေပြေ ဆက်ဆံလိုကြသည်။

ကျားဘုရင်ဂိုဏ်းကို နယ်ခဲ့ချိတန်းများ၏ လက်ကိုင်တုတ်အဖြစ် မလိုမလားဖြစ်နေကြသူ အနည်းအကျဉ်းသာ ပါဝင်သည်။

ထိုသူများပင်လျှင် ယန်ထယ်မို၏ လုပ်ဆောင်မှု များကို ကျေနပ်သဘောကျကြသည်။

ညစာ စားသောက်ရင်း ယန်ထယ်မိုသည် ဟွင်းလျာများ အထက်တန်းကျ ကောင်းမွန်ကာ အရသာ အလွန်ကောင်းကြောင်း တဖွဖွပြောဆိုချီးမွမ်းသည်။ ညစာစားပွဲအတွက် ဟင်းလျာများ စီမံသူ တုပိုးလော့မှာ ကျေနပ်ပီတိဖြစ်ဖြိုးရင်းဖြစ်နေရသည်။

ကျောင်းဖန်းယောင်နှင့်လည်းစကားအဆင်ပြေခအောင်ပြောဆိုနိုင်ခဲ့သည်။

ထိုနေ့ညက တည်ခင်းသော ပင်လယ်ဂေဟာ၏ ညစာစားသောက်ပွဲကို ယန်ထယ်မိုက ကောင်းကောင်း 'ထိန်း' လိုက်နိုင်ပေသည်။

ထိုညစာ စားသောက်ပွဲ ပြီးသွားသည့်နောက် မြင်းလှည်းမောင်း ပြိုင်ပွဲတွင် ယန်ထယ်မို ညစ်ပတ်ခဲ့သည်ဟု ပြောဆိုနေမှုများလည်း ရပ်တန့်သွားကြသည်။



ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်မှာတော့ အောင့်သက်သက်သာ ကျိတ်၍ ဖြစ်နေ ကြရသည်။

* * *

ညသန်းခေါင်ကျော် လောက်တွင် ညစာစားသောက်ပွဲ လက်စသိမ်းသည်။

ဧည့်သည်များ ပြန်သွားကြပြီးနောက် တုကူးချင်းချင်းသည် မိမိ၏ အိပ်ခန်းသို့ မဝင်သေးဘဲ ပင်လယ်ဂေဟာ၏ ပန်းခြံလေးတစ်ခုထဲတွင် တစ်ယောက်တည်းလမ်းလျှောက်နေသည်။

ထိုပန်းခြံသည် ပင်လယ်ဂေဟာအတွင်းဘက် ပိုင်းတွင် ရှိသည်။ သီးသန့် အပန်းဖြေ ပန်းခြံလေးတစ်ခု ဖြစ်သည်။ သေးငယ်သော်လည်း ပန်းပေါင်းစုံတို့ကို စနစ်တကျ စိုက်ထားကာ ရေကန်ငယ်လေးတစ်ခုနှင့် တောင်အတုတစ်လုံး ပင်ရှိသည်။

ဆောက်လုပ်ပုံ စနစ်ကျသည့်အတွက် လှပတင့်မောကာ ဆွတ်ပျံ့ဖွယ်ရာကောင်းသည်။

သူမသည်အတော်ပင် မကျေမနပ်ဖြစ်နေသည်။သို့သော် မကျေနပ်မှုများ အတွက် မည်သူ့ကို အပြစ်တင်ရမည်ကို တော့မသိ။

မြင်းလှည်းမောင်း ပြိုင်ပွဲတွင် ယန်ထယ်မို ညစ်ပတ်ခဲ့သည်ကို သူမ ကိုယ်တိုင် မျက်မြင်ဖြစ်ခဲ့သည်။ သို့ရာတွင် ယန်ထယ်မိုက အပြောကောင်းကောင်း၊ ပရိယာယ်ကြွယ်ကြွယ်ဖြင့် ပါးနပ်ကောက်ကျစ်စွာ လုပ်ဆောင်ပြောဆိုသွားခဲ့ရာ ခမ်းယန်ကွမ်းအပါအဝင် အားလုံးကပင်သူ့အပေါ် အပြစ်မမြင်ကြသည့် အတွက် တုကူးချင်းချင်း အနေဖြင့် ဘာမျှမလုပ်နိုင်တော့။ မိမိမျက်မြင် တွေ့ခဲ့သည်များကိုပင် မထုတ်ဖော်သာတော့။

ခြေသံဖွဖွလို ကြားမိသောကြောင့် အတွေးများနေရာမှ တုကူးချင်းချင်း ဆတ်ခနဲ လှမ်းကြည့်မိသည်။

သူ့အနားတွင် လူတစ်ယောက် ရပ်နေသည်။

ငါးပျံမာအန်းနားပင် ဖြစ်သည်။

တုကူးချင်းချင်း၏စိတ်ထဲတွင် သူမထံသို့ ငါးပျံမာအန်းနား တစ်ချိန်ချိန်တွင် ရောက်လာလိမ့်မည်ဟု သိနေသည်။ သို့သော် သည်မျှ မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မည်လို့တော့ မထင်မိပေ။

မာအန်းနား ရုတ်တရက်ရောက်လာမှုကြောင့် မအံ့သြသော်လည်း အနည်းငယ်တော့ စိတ်လှုပ်ရှားသွားမိလေသည်။

"ဟော...ဒေါ်လေး ရောက်လာပြီကိုး"

သူမပါးစပ်မှ ရေရွတ်သလို ပြောထွက်သည်။



"ဟုတ်တယ်.... ကျုပ်ပဲ၊ မင်းကို မေးစရာလေးတွေ အရေးတကြီးရှိနေတာကြောင့် မြန်မြန်ဆန်ဆန်ရောက်လာတာ"

"ဘာများမေးမလို့လဲ ဒေါ်လေး"

"ကျောင်းဖန်းယောင်ဆိုတဲ့ သူငယ်လေးအပေါ် မင်းက ဘယ်လိုသဘောထား ရှိလဲ"

"အို...ဒေါ်လေးကလဲ"

တုကူးချင်းချင်း မျက်နှာလေး ရဲခနဲဖြစ်ကာ ခေါင်းငုံ့သွားသည်။

မာအန်းနားမှာ အတွေ့အကြုံများစွာရင့်ကျက်နေသည့် အမျိုးသမီးကြီးဖြစ်လေရာ တိတိကျကျ ဝန်ခံထုတ်ဖော် မပြောသော်လည်း ကျောင်းဖန်းယောင်နှင့် ပတ်သက်၍ တုကူးချင်းချင်း၏ ရင်ထဲတွင် မည်သို့သောခံစားမှု ရှိနေကြောင်း ကောင်းကောင်း အကဲခတ်မိသွားသည်။

"ကျောင်းဖန်းယောင်ဟာ အရှေ့ပင်လယ်က သိုင်းမျိုးဆက် တစ်ယောက်လို့ ပြောသံ ကြားရတယ်၊ အဲဒါ တကယ်ပဲလား"

မာအန်းနားက ဆက်မေးသည်။

"ဟုတ်ပါတယ်၊ သူဟာ ကျွန်းနက်စံအိမ်ရဲ့ နောက်ဆုံး ကျန်နေတဲ့ မျိုးဆက်ပါ"

ဤစကား ကြားရသောအခါ မာအန်းနား၏အမူအရာ အထူးပင် လေးနက်တည်ကြည်လာသည်။ စိတ်အားထက်

သန့်သည့် အရိပ်အသွင်များသည်း သိသိသာသာပင် ပေါ်လွင်လာသည်။

"ဒီလိုဆိုရင် သူ့လက်ထဲမှာ မဟူရာကမာခွံ ရှိနေမှာပေါ့"

မာအန်းနား၏ အမေးစကားက အဓိပ္ပာယ်ကြီး နိုင်သည်။ အသံလည်း တုန်ခါနေသည်။ စိတ် အကြီးအကျယ် လှုပ်ရှားနေကြောင်း သိသာသည်။

တုကူးချင်းချင်းက ချက်ချင်း အဖြေမပေး။ တွေးဆ ခဉ်းစားနေသည်။

သူမသည် အသက်ငယ်ရွယ်သော်လည်း ပင်လယ်ဓားပြလို့ သိုင်းအဖွဲ့ကြီး တစ်ခု၏ သခင်မလေးအဖြစ် ဦးစီးခေါင်းဆောင်နေရာ ချင့်ချင့်ချိန်ချိန် လုပ်ဆောင်လေ့ ရှိသည်။ အသက်ကို ကယ်တင်ကူညီပေးခဲ့မှု ရှိသည့်အတွက် မာအန်းနားအနေဖြင့် မိမိတို့အကောက်ကြံလိမ့်မည်မဟုတ်ဟု စဉ်းစားသည်။

"မဟူရာကမာခွံဟာ ကျုပ်လုပ်ဆောင်ရမယ့်ကိစ္စကြီးနဲ့ ပတ်သက်နေတယ်၊ ကျောင်းဖန်းယောင်လက်ထဲမှာ ကျွန်းနက်စံအိမ် မိသားစုရဲ့ မဟူရာကမာခွံ ရှိတယ်ဆိုရင် သူ့အတွက် အများကြီးအကျိုးရှိနိုင်တယ်၊ မင်းလဲ အကျိုးထူးခံစားရမှာပဲ"

စဉ်းစားချင့်ချိန်နေသော တုကူးချင်းချင်းကို မာအန်းနားက ပြောသည်။



ကျောင်းဖန်းယောင်က သူသည် အရှေ့ပင်လယ် ကျွန်းနက်စံအိမ် မိသားစု၏ နောက်ဆုံးကျန်နေသော မျိုးဆက်ဖြစ်ကြောင်း စကားစပ်ပြောဆိုမိစဉ်က သူ့ထံတွင် မဟူရာကမာခွံ ရှိနေကြောင်း ပြောသည်ကို သူမကိုယ်တိုင်ကြားဖူးသည်။ သူမ၏ဖခင်အား ကျောင်းဖန်းယောင်က မဟူရာကမာခွံ ပြသသောအခါတွင်လည်း တုကူးချင်းချင်း တွေ့ဖူး မြင်ဖူးသည်။

ကျွန်းနက်စံအိမ် မိသားစုများ အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ပစ္စည်းတစ်ခုအဖြစ်သာ သဘောထားခဲ့သည်။ နောက်ကွယ်တွင် လျှို့ဝှက်ချက် ရှိလိမ့်မည်ဟု မထင်ခဲ့။

မာအန်းနား၏ ပြောစကားအရ မဟူရာကမာခွံသည် လျှို့ဝှက်ကိစ္စတစ်ရပ်နှင့် အဆက်အစပ်ရှိနေသည်။

"သူ့ဆီမှာ မဟူရာကမာခွံ ရှိပါတယ်"

နောက်ဆုံးတော့ တုကူးချင်းချင်းက အမှန်အတိုင်း ပြောလိုက်သည်။

"ကောင်းတယ်၊ အားလုံးအဆင်ပြေတော့မယ်၊ ရှေ့လ လပြည့်ည သန်းခေါင်ယံ အချိန်မှာ အကွေ့တစ်ထောင်နဲ့ အိုင် အရှေ့ဘက်ကမ်းစပ်က သစ်ခြောက်ပင်ကြီးအောက်ကို အရောက်လာခဲ့ပါ"

စကားဆုံးသည်နှင့် ငါးပုံ မာအန်းနားသည် လှစ်ခနဲ ပြေးထွက်သွားသည်။

သူမက တစ်စုံတစ်ရာမေးမည်ပြုသော်လည်း မမီတော့။ ကိုယ်ဖော့ပညာ ကောင်းလှသော မာအန်းနား သည် အမှောင်ရိပ်များထဲ တိုးဝင်ပျောက်ကွယ်သွားလေပြီ။

* * *

ကျောင်းဖန်းယောင်မှာလည်း ပင်လယ်ဂေဟာ ညစာ စားသောက်ပွဲမှ ပြန်လာပြီးနောက် အိပ်ချင်စိတ်လည်း မရှိသောကြောင့် သူနေထိုင်ရာ တဲအိမ်လေးနှင့် မလှမ်း မကမ်းရှိ စမ်းချောင်းအစပ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ခပ်ဖွဖွခြေသံလိုလို ကြားရသောကြောင့် ကြည့်လိုက်ရာ သူ့အနားတွင် ငါးပျံမာအန်းနားရောက်နေသည်ကို တွေ့ ရသည်။

"ဩော်...ဒေါ်လေးပါလား"

ကျောင်းဖန်းယောင်က နှုတ်ဆက်စကားဆိုလိုက်သည်။

သူသည် ကျားဘုရင်ဂိုဏ်းကို တိုင်းတစ်ပါးသားနယ်ချဲ့ များ၏ လက်ကိုင်တုတ် အမျိုးသားသစ္စာဖောက်များအဖြစ် ရှုမြင်နေသည်။ ကျားဘုရင်ဂိုဏ်းကို ဆန့်ကျင်ချေမှုန်းလို သည့်ဆန္ဒ ပြင်းပြ ထက်သန်နေသော်လည်း အခြေအနေ အချိန်အခါအရ အောင့်အည်း သိမ်းသိမ်းနေရသည်။



ယန်ဖူးမြို့လေးတွင် ကျားဘုရင်ဂိုဏ်းအင်အားတောင့် တင်းသည့်အတွက် ရင်ဆိုင်နိုင်ရန် တတ်နိုင်သမျှ အင်အား စုဆောင်းနေသည်။

ငါးပျံမာအန်းနားတို့၏ကြိုးကြာဂိုဏ်းကို ကျားဘုရင် ဂိုဏ်းက ရက်ရက်စက်စက် ချေမှုန်းပစ်ခဲ့သည်ကို ကျောင်း ဖန်းယောင်သိသည်။ မာအန်းနားအနေဖြင့်လည်း ကျား ဘုရင်ဂိုဏ်း၏ ရန်စွယ်ကို ပုန်းရှောင်ရင်း ကျားဘုရင် ဂိုဏ်း၏ တိုင်းတစ်ပါးသြဇာခံ မလုပ်ရန် များကို အခါ အခွင့်သင့်တိုင်း ဖွင့်ထုတ်ပြောဆိုနေရာ သည်လုပ်ရပ်သည် မိုက်ရူးရဲဆန်သည်ဟု ဆိုနိုင်သော်လည်း ကျောင်းဖန်း ယောင်ကတော့ နှစ်သက်သဘောကျသည်။

မာအန်းနားကိုလည်း မိတ်ဆွေ တစ် ယောက် အဖြစ် သဘောထားသည်။ ထို့ကြောင့် မာအန်းနား ရောက်လာ သည်တွင် ခင်ခင်မင်မင် အားကြိုနှုတ်ဆက်စကား ဆိုလိုက် ခြင်း ဖြစ်သည်။

"ရှေ့လ လပြည့်နေ့ည သန်းခေါင်အချိန်မှာ အကွေ့ တစ်ထောင်နဲ့အိုင် အရှေ့ဘက်ကမ်းစပ်က သစ်ခြောက်ပင် ကြီးအောက်ကို ဆက်ဆက်လာခဲ့မါ"

မာအန်းနားက တည်ကြည်လေးနက်သောအမူအရာဖြင့် ပြောသည်။

"ဟုတ်ကဲ့....လာခဲ့ပါ့မယ်"

လေးနက် တည်ကြည်သော အပြောအဆိုကြောင့် ထူး ခြားသည့် အင်အားကြီးတစ်ခု လွှမ်းမိုးလိုက်သလို ခံစား

ရတာ မည်သည့်အကြောင်းကိစ္စဟုပင် မမေးမြန်းတော့ဘဲ ကျောင်းဖန်းယောင်က ခေါင်းညိတ်လက်ခံလိုက်သည်။

ကျောင်းဖန်းယောင် ထံမှ ချိန်းဆိုချက်ကို လက်ခံကြောင်း အဖြေရသည်နှင့် မာအန်းနားသည်း လှစ်ခနဲ ပြေးထွက်သွားသည်။

ထိုသို့ ထွက်အသွားတွင် စကားတစ်ခွန်း ရေရွတ်ပြောဆိုသည်။

"အရိပ်မဲ့ မှော်သိုင်း"

ကျောင်းဖန်းယောင် အံ့ဩတုန်လှုပ်သွားသည်။

ရုတ်တရက် ကြက်သေ သေသလိုပင်ဖြစ်သည်။ ထို့နောက် သတိဝင်လာကာ မေးမြန်းမည်ပြုသည်။

သူ့အနားတွင် မာအန်းနား မရှိတော့။

လေပွေတစ်ခုလို လျင်မြန်စွာ ရွေ့လျားကာ ပျောက်ကွယ်သွားခဲ့လေပြီ။

ကျောင်းဖန်းယောင်၏ ခေါင်းထဲတွင်တော့ တွေးစရာတွေ အများကြီး ကျန်နေခဲ့သည်။

အရိပ်မဲ့မှော်သိုင်းသည် အရှေ့ပင်လယ်သိုင်းလောက၏ လျှို့ဝှက်အစွမ်းထက် သိုင်းပညာရပ်တစ်ခုဖြစ်ကြောင်း သိုးသိုးသံ့သံ့တော့ ကျောင်းဖန်းယောင် ကြားဖူးထားသည်။ ဘာမျှတော့ ရေရေရာရာ မရှိ။

သိုင်းလောကတွင် ပေါ်ပေါက်နေတတ်သော ယုံတမ်းစကားဟူသာ ကျောင်းဖန်းယောင်က သဘောထားခဲ့၏။ စိတ်ဝင်စားမှုလည်းမရှိခဲ့။



ယခု အရှေ့ပင်လယ်နှင့် ဝေးကွာလှသော အနောက်မြောက် နယ်ခြား ဒေသတွင် ထိုအရိပ်မဲ့မှော်သိုင်း၏အမည်ကိုသာ ကြားနေရသည်။

မာအန်းနားနှင့် ထိုသိုင်းပညာ ဘယ်လိုပတ်သက်မှု ရှိလေသနည်း။ မိမိနှင့် လာရောက် အချိန်းအချက်လုပ်ခြင်းသည် အရိပ်မဲ့မှော်သိုင်းနှင့် ဆက်နွှယ်ပတ်သက်မှု ရှိနေလေသလား။

တွေးစရာတွေက များလှသည်။

* * *

ယန်ထယ်မိုသည်း အိပ်မပျော်ပေ။

သူသည် ကျားဘုရင်ဂိုဏ်း၏ အရေးပါသော ဂိုဏ်းခွဲမှူးတစ်ယောက်ဖြစ်လေရာ ကျားဘုရင်ဂိုဏ်းစခန်းတွင် သီးသန့်အဆောင်တစ်ခုရထားသည်။ သူ့ကို ပြုစုဖြေဖျော်ရန် လက်ပါးစေနှင့် အချောတော် မိန်းကလေးများပင် ရရှိထားသည်။

သည်နေ့ညတွင်တော့ ပင်လယ်ဂေဟာ၏ ထိပ်တန်းဟင်းလျာများနှင့် နှစ်ချို့အရက်ကောင်းများ သောက်စားခဲ့သေးသည်။ သူ၏ အဆောင်သို့ ပြန်ရောက်သောအခါ အချောတော် မိန်းကလေးများကို သူ့အပါးတွင်

မနေ့စေတော့ဘဲအိပ်ခန်းဆောင်ဝရန်တာတွင် တစ်ယောက်တည်းထိုင်ကာ စဉ်းစား၍ နေသည်။

တုက္ကူးချင်းချင်းနှင့် ပတ်သက်၍ သူချထားသည့် ခွင်ကတော့ အတော်ကို အားရစရာ ကောင်းနေသည်။ တုက္ကူးချင်းချင်းသည် သူ၏ ပြန့်ကြက်လိုက်သည့် ပရိယာယ် ကွန်ရက်ထဲတွင် တိုးဝင်၍နေသည်။

ပိုင်နိုင်တော့မှာကတော့ သေချာသလောက်ရှိနေသည်။

သို့ရာတွင်...

တုက္ကူးချင်းချင်းသည် ကျောင်းဖန်းယောင်အပေါ်တွင် အတော်လေး စိတ်တိမ်းညွတ် နေကြောင်းကိုလည်း ယန်ထယ်မို အကဲခတ်မိသည်။

ကျောင်းဖန်းယောင်ကို တစ်နည်းမဟုတ် တစ်နည်း ဘေးဖယ်ထုတ်ပစ်ဖို့ကတော့ လိုအပ်နေသည်။

လှုပ်ရှားသံသဲ့သဲ့ကြောင့် ယန်ထယ်မို၏ အတွေး စိတ်ကူးများ ရပ်တန့်သည်။

ထိုင်နေရာမှ ဆတ်ခနဲထရပ်မိသည်။

သူ့ရှေ့တွင် ရပ်လာသောလူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိသည်။

"ဟင်...ဦးလေး"

ယန်ထယ်မို၏ ပါးစပ်မှ ထွက်သွားသော နှုတ်ဆက်သံတွင် အံ့အားသင့်မှု အရိပ်အယောင်တွေ ပြည့်လျှံနေသည်။ နှုတ်ဆက်သံထက် အံ့ဩရေရွတ်မိသံဟုဆိုလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။



သူ့ရှေ့တွင် ရပ်နေသူမှာ ကျားဘုရင်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး တိုးဖောင်ကျား ယန်လုယုန် ကိုယ်တိုင်ဖြစ်နေ၏။

ယန်လုယုန်သည် နေ့ဘက်အချိန်များတွင်ပင် ယန်ထယ်မို၏ သီးသန့်အဆောင်သို့ လာရောက်လေ့မရှိ။ ယခု ညဥ့်ဦးသန်းခေါင် ဆိုင်းမဆင့်ဗုံမဆင့် ရုတ်တရက်ကြီး ပေါက်ချလာသည်မှာ အတော်ပင် ထူးခြားသည်။

အရေးကြီးသော အကြောင်းကိစ္စထူး တစ်ခုခုရှိကြောင်း သိသာလှသည်။

"ကြီးကြီးဂိုဏ်းချုပ်ကတော် ငါးပျံမာအန္တနားကို ဖမ်းမိထားတာ မင်းက လွှတ်ပစ်လိုက်တယ်ဆို"

ယန်လုယုန်က ဒက်ခနဲဆိုသလို မေးသည်။

ယန်ထယ်မို၏စိတ်ထဲ ထင့်ခနဲ ဖြစ်သည်။ သည်ကနေ့ ညဥ့်ဦးပိုင်းလောက်က ဖြစ်ခဲ့သော ဤကိစ္စသည် ယခု သန်းခေါင်ကျော်ချိန်တွင်ပင် ကျားဘုရင်ဂိုဏ်းချုပ်ကြီး သိနေသည်မှာ တကူးတက လာရောက် သတင်းပို့အကြောင်းကြားသူရှိမှာအမှန်။

ထိုသို့ လာသတင်း ပို့ပေးသူမှာလည်း ပင့်ကူနက်ယောက်စွမ်းကိုမှလွဲ၍ အခြားသူမဖြစ်နိုင်။

ဖုံးဖိမနေဘဲ အမှန်အတိုင်းပြောပြရန် ယန်ထယ်မို ဆုံးဖြတ်လိုက်သည်။

"ဟုတ်ပါတယ် ဦးလေး၊ ကျားဘုရင်ဂိုဏ်းရဲ့ အကျိုးကျေးဇူးအတွက် ဒီလိုလုပ်လိုက်တာပါ"

ယန်ထယ်မိုက အဖြေပေးလိုက်သည်။

“ကျားဘုရင်ဂိုဏ်းအတွက် ဘယ်လို အကျိုးကျေးဇူး ရနိုင်မှာလဲ”

ယန်ထယ်မိုက ဖြစ်ပျက်ပုံများကို အကျဉ်းချုပ် ရှင်းပြသည်။

ထို့နောက် ဆက်သက်၍....

“သူ့ရဲ့ မုသားသက်သေခံစကားကို လက်ခံပြီး ငါးပျံမာအန်းနားကို လွှတ်ပေးလိုက်တဲ့အတွက် တုကူးချင်းချင်းဟာ ကျွန်တော့်ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ မျက်နှာသာပေးရပါတော့မယ်၊ ကျွန်တော်က ဒီအခွင့်အရေးကို အသုံးချပြီး တုကူးချင်းချင်းကို လက်ထပ်ထိမ်းမြားသူဖို့ စိတ်ကူးထားပါတယ်၊ ဒီလိုဆိုရင် ပင်လယ်ဂေဟာရဲ့ စည်းစိမ်ချမ်းသာနဲ့ အင်အားအစုစုဟာ ကျွန်တော်တို့ ကျားဘုရင်ဂိုဏ်းလက်အောက်ကို အလိုလို ရောက်လာကြပါလိမ့်မယ်”

ကိုးတောင်ကျား ယန်လုယုန်သည် မျက်မှောင် မသိမသာ ကြုတ်၍ နေသည်။

ထို့ကြောင့် ယန်ထယ်မိုက ဆက်၍ ပြောလိုက်ပြန်သည်။

“ငါးပျံမာအန်းနားက ကျွန်တော်တို့ကိုဘာမှအနှောင့်အယှက် မပေးနိုင်ပါဘူး”

“ဒီနေ့ ဒီအချိန်လို အခြေအနေမျိုးဆိုရင်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မနက်ဖြန်ဆိုရင် အခြေအနေက တစ်မျိုး တစ်ဖုံ ပြောင်းသွားလိမ့်မယ်”

“ဘယ်လိုများ ပြောင်းလဲသွားမှာလဲ”



ယန်လုယုန်က အနီးဝန်းကျင်ကို ဝေ့ဝိုက်ကာ ကြည့်လိုက်ပြီး လေသံကို နှိမ့်ကာ...,

“အထဲဝင်ပြီး ပြောကြရအောင်”

အလွန်အရေးကြီးသော လျှို့ဝှက်စကားများ ဖြစ်ရမည်ဟု နားလည်လိုက်သည့်အတွက် ယန်ထယ်မိုက ဘာမျှ မေးမနေတော့။ ယန်လုယုန်ကို အဆောင်ဧည့်ခန်းဆီသို့ ခေါ်လာခဲ့သည်။

“မနက်ဖြန်ဆိုရင် ချီတန်းတပ်တွေ ထိုးစစ်ဆင် တိုက်ခိုက်လာတော့မယ်၊ သူတို့နဲ့ သဘောတူထားတဲ့ လျှို့ဝှက်အစီအစဉ်တွေကို ငါတို့ အကောင်အထည်ဖော်ကြဖို့ အချိန်ရောက်ပြီ၊ ဒီလိုအချိန်အခါမှာ ငါတို့အတွက် ရန်ဆူးရန်ငြောင့်တွေမရှိအောင် ဖယ်ရှားဖို့လိုတယ်”

ဧည့်ခန်းထဲသို့ ရောက်သောအခါ ယန်လုယုန်က ယန်ထယ်မိုကို နှစ်ကိုယ်ကြားပြောသည်။

★

## အခန်း (၅)

နယ်ချဲ့ ချီတန်းတို့၏ ကျူးကျော်စစ်စတင်သည်။

စစ်အင်အား အလုံးအရင်းဖြင့် နှစ်နိုင်ငံနယ်ခြားကို ဖြတ်ကျော်သော အပြင်းအထန် ထိုးစစ်ဆင်သည်။ ချီတန်း ကျူးကျော်ရေးတပ်များ၏ အဓိကပစ်မှတ်က ရှမ်းယန်းမြို့ ဖြစ်သည်။

ရှမ်းယန်းမြို့တွင် တရုတ်တပ်များ အခိုင်အမာ တပ်စွဲထားသည်။ ကျူးကျော်စစ်ဖင်လာလျှင် ခုခံတိုက်ခိုက်ရန် စစ်ပြင်ဆင်မှုများကိုလည်း သေသေချာချာ စီမံလုပ်ဆောင်ထားသည်။

ဒီရေလှိုင်းများတက်သလို အင်အား အလုံးအရင်းဖြင့် စစ်ဆင်တိုက်ခိုက်လာသော ချီတန်း ကျူးကျော်ရေးတပ်များသည် စနစ်ကျနစွာ အခိုင်အမာ တည်ဆောက်ထားသော ရှမ်းယန်းမြို့ခံစစ်ကြောင်းကို မထိုးဖောက်နိုင်။



ရှမ်းယန်း စစ်မြေပြင်တွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားသည်။

ချီတန်းကျူးကျော်ရေးတပ်များသည် ရှမ်းယန်းမြို့ကို မသိမ်းပိုက်နိုင်။ သူတို့၏ ထိုးစစ် အရှိန်အဟုန်သည် ရှမ်းယန်းမြို့ခံ စစ်ကြောင်းတွင် တန့်၍နေသည်။

ရှေ့ဆက်မတိုးနိုင်။

ထုနှင့်ထည်နှင့် ကြံ့ကြံ့ခိုင်ခိုင် ခုခံနိုင်ရန် အနောက်မြောက် နယ်ခြားဒေသရှိ တရုတ်တပ်ဖွဲ့ အားလုံးလိုလိုကို ချီတန်းတို့ ကျူးကျော်တိုက်ခိုက်လာသည်နှင့် ရှမ်းယန်းမြို့တွင် စုစည်းထားလိုက်ကြလေရာ ကျူးကျော်သူများအဖို့ ရှမ်းယန်းမြို့မှအပ ကျန်မြို့ငယ်များ၊ ရွာများတွင် လွတ်လပ်စွာ လှုပ်ရှားနိုင်နေသည်။

ယန်ဖူးမြို့လေးတွင်လည်း ထိုနည်းနှင်နှင်ပင်။

ချီတန်း ကျူးကျော်ရေးတပ်များ နယ်ခြားကို ဖြတ်ကျော် စစ်ဆင်လာသည့် ပထမနေ့မှာပင် ကျားဘုရင်ဂိုဏ်းက ယန်ဖူးမြို့လေးကို သိမ်းပိုက်လိုက်ကြသည်။ ကျားဘုရင်ဂိုဏ်းချုပ်ကြီး ကိုးတောင်ကျား ယန်လုယုန်က ယန်ဖူးမြို့လေး၏ မြို့စန် ဖြစ်လာသည်။

ကျားဘုရင်ဂိုဏ်းသည် ယန်ဖူးမြို့လေးတွင် မူလကပင် အင်အား အတောင့်ဆုံးဖြစ်ပြီး တွင်ကျယ်နေရာ ယန်ဖူးမြို့လေး၏ အုပ်ချုပ်မှုအာဏာကို သိမ်းပိုက်အုပ်စိုးရာတွင် ဘာမျှအခက်အခဲမရှိ။

ယန်ဖူးမြို့လေးရှိ သိုင်းဂိုဏ်းအများစုမှာ ကျားဘုရင်ဂိုဏ်း၏ မိတ်ဆွေသို့မဟုတ် ဩဇာခံကျွေးဖြစ်ကြလေရာ ကျားဘုရင်ဂိုဏ်းက သိမ်းပိုက်စိုးမိုးလိုက်မှုကို လိုလားနာခံကြသည်။

ကျောင်းဖန်းယောင်တို့လို တိုင်းတစ်ပါးသားတို့၏ နယ်ချဲ့မှုကို မလိုလား၊ အမျိုးသားသစ္စာဖောက် ကျားဘုရင်ဂိုဏ်းကို မလိုလားသူများပင် ပြောင်းလဲသွားသော အခြေအနေတို့ကြောင့် ခပ်လျှိုလျှိုလုပ်နေကြရသည်။

ဘာမျှ မလုပ်ရှာ။

စောင့်ကြည့်သလို ရှိနေသည်။

ပင်လယ်ဂေဟာသည် မူလကပင် ကျားဘုရင်ဂိုဏ်းနှင့် အပြန်အလှန် ဆက်ဆံမှုရှိပြီး ရင်းနှီးသလိုရှိနေရာ ဂေဟာရှင် သခင်မလေး စုကူးချင်းချင်းသည် ပုဂ္ဂိုလ်ရေးအရ ကျားရဲ ယန်ထယ်မိုအပေါ် အမြင်ကတ်သော်လည်း ယန်ဖူးမြို့ကို သိမ်းပိုက်အုပ်စိုးလိုက်သော ကျားဘုရင်ဂိုဏ်းနှင့် အလိုက်သင့် ပူးပေါင်းနေရသည်။

ထိုသို့ သိမ်းပိုက်အုပ်စိုးပြီး နောက်တစ်နေ့တွင် ချိတန်းတပ်ဖွဲ့ငယ်တစ်ခုရောက်ရှိလာကာ ကျားဘုရင်ဂိုဏ်းစခန်းတွင် တပ်ချအခြေစိုက်လိုက်ရာ ယန်ဖူးမြို့လေးတွင် ကျားဘုရင်ဂိုဏ်း၏ အနေအထားခိုင်မာသွားသည်။

ကျားဘုရင်ဂိုဏ်းကလည်း ခပ်ကြမ်းကြမ်းပင်လက်စွမ်းပြသည်။



သူတို့ကို မနာခံ ဆန့်ကျင်သူများကို ရက်ရက်စက်စက် ချေမှုန်းသည်။ ဆန့်ကျင်မည့်သူဟု သံသယဖြစ်လျှင်ပင် ဖမ်းဆီးချုပ်နှောင်သည်။ နှိပ်စက်ညှဉ်းပန်းသည်။

ယခင်က သူတို့နှင့် မကျေမလည်ရှိခဲ့သူများကို ရှာဖွေဖော်ထုတ်ကာ ဒဏ်ခတ်စီရင်သည်။

ငါးပျံမာအန်းနားမှာ ကျားဘုရင်ဂိုဏ်းမှ အလိုအရှိဆုံးလူလိုဖြစ်လာသည်။ ဖမ်းဆီးရမိနိုင်ရန် လိုက်လံရှာဖွေသည်။ စုံစမ်းသည်။

သို့သော်....

မာအန်းနားမှာ မြေလျှိုး မိုးပျံသွားသည့်အလား ပျောက်ချက်သား ကောင်းနေသည်။

ဘယ်လိုမှ စုံစမ်း၍မရ။ ရှာ၍မတွေ့။

* * *

ကျားရဲယန်ထယ်မိုသည် ယန်ဖူးမြို့လေး၏ လုံခြုံရေး အကြီးအမှူးဖြစ်လာသည်။ လုံခြုံရေးကို ထိပါးမည့်သူများဟု ယူဆလျှင် နေရာတွင်ပင် သေဒဏ် စီရင်နိုင်ခွင့် ရထားသည်။

ဤသို့ ဓားထက်လာသည်နှင့် ယန်ထယ်မိုသည် ကျောင်းဖန်းယောင်ကို တစ်ခါတည်းအဆုံးစီရင်ပစ်ဖို့ စိတ်ကူးပေါ်ခဲ့သည်။

သို့သော် ကျောင်းဖနီးယောင်သည် ယန်ဖူးမြို့လေးတွင် အသိအကျွမ်းများကာ လူချစ်လူခင်ပေါသည့်အပြင် တုကူးချင်းချင်းကလည်း ခင်မင်အရေးပေးနေလေရာ ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာမပြနိုင်ဘဲ သည်အတိုင်း ပေါ်တင်ကြီး အဆုံးစီရင်ပစ်၍ မဖြစ်နိုင်ပေ။

မြို့နေသိုင်းသမားအများစုက ယန်ထယ်မိုအပေါ် အမြင်စောင်းသွားနိုင်သည်။ အထူးသဖြင့် တုကူးချင်းချင်း၏ အချက်သို့ အမုန်းထားမှုကိုရင်ဆိုင်ရမည်။

ထို့ကြောင့် ယန်ထယ်မိုသည် စိတ်ထင်တိုင်း အရမ်းမလုပ်။

အဘက်နိုင်ဆုံး ထိန်းသိမ်းနေသည်။

ကျောင်းဖန်းယောင်ကို ဒဏ်ခတ်စီရင်နိုင်ရန် အကျိုးအကြောင်းရှိအောင် ကြိုးစားနေသည်။

သည်လိုကိစ္စမျိုးအတွက် အားထားရသူမှာ ပင့်ကူနက်ယောက်စွမ်းကိသာရှိသည်။

ယောက်စွမ်းကိသည် ကြေးစားသတင်းပေးတစ်ယောက်ဖြစ်သည်။ ဆုလာဘ် ငွေကြေးလည်း အလွန် မက်မောသည်။

ပြီးတော့ သည်အလုပ်မျိုးနှင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် မိန်းမကြီးတစ်ယောက်မို့ အကွက်သည်းမြင်၏။ ဘယ်လိုမျိုးလုပ်ရမည်ကိုလည်း အထာကျွမ်းသည်။

ထို့ကြောင့် ပင့်ကူနက်ယောက်စွမ်းကိုကို တွေ့ဆုံကာ သဆောင်းစုံစမ်းခိုင်းဖို့ ယန်ထယ်မို ဆုံးဖြတ်သည်။



ယောက်စွမ်းကိုကိုဆုံနိုင်ရန်ကတော့ လွယ်မယောင်နှင့် ခက်သလိုရှိနေသည်။

တုကူးချင်းချင်း၏ သက်သေခံပြောကြားချက်ကို အမှန်ဟုယူကာ မာအန်းနားအား လွှတ်ပေးခဲ့ပြီးသည့်နောက် ယောက်စွမ်းကိမှာလည်း ပျောက်ချက်သား ကောင်းနေသည်။

ယန်ထယ်မိုကို လာမတွေ့တော့။ ကျားဘုရင်ဂိုဏ်းကို ဆန့်ကျင်အာခံသည့် သူများအကြောင်း သတင်းလာပေးခြင်းမျိုးပင် မလုပ်တော့။

ယောက်စွမ်းကိ ရောက်မလာတော့ ယန်ထယ်မိုက ယောက်စွမ်းကိကို လိုက်ရှာရတော့သည်။

သူ့ဂိုဏ်းခွဲမှ ဂိုဏ်းသားတစ်ယောက်ကို အထူးတာဝန်ပေးကာ ယောက်စွမ်းကိနှင့် တွေ့ဆုံဆက်သွယ်နိုင်အောင် သတင်းစုံစမ်းစေသည်။

ယန်ဖူးမြို့လေးကို ကျားဘုရင်ဂိုဏ်းက သိမ်းပိုက်အုပ်စိုးမှု ၃-ရက်မြောက်သောနေ့တွင် ယန်တယ်မို ကင်းစခန်းများကို လှည့်ပတ်စစ်ဆေးပြီး ကျားဘုရင်ဂိုဏ်းစခန်းသို့ ပြန်အရောက် သူ၏ လူယုံတော်သိုင်းသမားက သူ့နားကပ်ကာ တီးတိုးသတင်းပေးသည်။

"ဂိုဏ်းခွဲမှူးတွေ့ချင်နေတဲ့ ပင့်ကူနက်မကြီးကို ရှာတွေ့လို့ ခေါ်ထားပါတယ်"

"တော....ဟုတ်လားကွ၊ အဲဒီမိန်းမကြီး အခုဘယ်မှာလဲ"

ယန်ထယ်မိုက ဝမ်းသာအားရပင်ပြန်မေးသည်။

"ဂိုဏ်းခွဲမှူးရဲ့အဆောင်က သီးသန့်အခန်းငယ်လေးထဲမှာ ရှိနေပါတယ်၊ သူက မလိုက်ချင်ဘူး ဘာညာအင်တင်တင်လုပ်နေလို့ အတော်ကိုကြိုးစားပြီး ရအောင်ခေါ်လာခဲ့ရတယ်"

"မင်းတော်တယ်၊ ဒီအတွက် မင်းကိုကောင်းကောင်းဆုချမယ်"

"ကျေးဇူးတင်ပါတယ် ဂိုဏ်းခွဲမှူးခင်ဗျာ"

"ငါအခုပဲ သူ့ကိုသွားတွေ့မယ်၊ သူနဲ့ငါ တွေ့ဆုံနေတုန်း ငါ့အဆောင်ထဲကို ဘယ်သူမှ ဝင်မလာစေနဲ့"

"ဟုတ်ကဲ့ခင်ဗျ"

"ပင့်ကူနက်မကြီး ပြန်တဲ့အခါမှာလဲ နောက်ယောင်ခံလိုက်သွား၊ သူ အိမ်ကိုတန်းတန်းမတ်မတ် ပြန်သလား၊ တစ်ယောက်ယောက်ဆီ ဝင်တွေ့သေးလားဆိုတာ သေသေချာချာ ကြည့်ခဲ့"

"ဟုတ်ကဲ့ခင်ဗျ"

* * *

သူနေထိုင်ရာအဆောင်၏ သီးသန့်အခန်းငယ်လေးထဲသို့ ယန်ထယ်မို ဝင်လိုက်သည်။

အထဲသို့ဝင်ပြီးသည်နှင့် တံခါးကိုသေသေချာချာ ပိတ်ပစ်လိုက်သည်။



သီးသန့် အခန်းငယ်လေးတွင် ပြတင်းပေါက်ပင် မရှိ။ ဖယောင်းတိုင်အလတ်စားတစ်တိုင် ထွန်းထားသည့်အတွက် မှောင်ပိန်း၍တော့ မနေ။

အားပျော့မပျော့ အလင်းရောင် ရှိနေသည်။ ထင်ထင်ရှားရှား မဟုတ်သည့်တိုင် ဝိုးတိုးဝါးတား မြင်နိုင်သည်။

ဝိုးတဝါး အလင်းရောင်ကြောင့် သီးသန့် အခန်းငယ်လေးထဲရှိ ထိုင်ခုံတစ်ခုပေါ်တွင် ငူငူကြီး ထိုင်နေသော အမျိုးသမီးကြီး တစ်ယောက်၏ အသွင်သဏ္ဍာန်ကို ယန်ထယ်မို တွေ့မြင်ရသည်။

ပင့်ကူနက် ယောက်စွမ်းကိပင် ဖြစ်သည်။

ယောက်စွမ်းကိသည် ဘာသံမျှလည်း မပြု။ ဘယ်လိုမျှလည်း မလှုပ်ရှား။ နှုတ်ဆိတ်ငြိမ်သက်စွာငူငူကြီးထိုင်နေရာသားကောင်ကို ချောင်းနေသော ငှက်ဆိုးကြီးတစ်ကောင်နှင့် တူသည်ဟုပင် ယန်ထယ်မို၏စိတ်ထဲတွင် ထင်မိသည်။

ယန်ထယ်မိုသည် ယောက်စွမ်းကိအပေါ်တွင် အမြင်သိပ်မကြည်ပါ။ မတတ်သာသည့် အခြေအနေကြောင့်သာ ယောက်စွမ်းကိုကို သတင်းစုံစမ်းခိုင်းရန် ခေါ်ယူတွေ့ဆုံရခြင်းဖြစ်သည်။ သည်တော့ ယောက်စွမ်းကိုကို ငှက်ဆိုးတစ်ကောင်ဟု ထင်မြင်မိသည်က သိပ်မဆန်းလှပါ။

သူ့စိတ်ထဲတွင်လည်း အတော်ပင် လေးလံ ထိုင်းမှိုင်းသွားရသည်။ မပြောလျှင်လည်း မပြီးသည်မို့ နှုတ်ဆက်စကား စလိုက်ရသည်။

"ကျန်းကျန်းမာမာပဲ မဟုတ်လား ယောက်စွမ်းကို"

"ဟုတ်ကဲ့....ကျန်းမာပါတယ်၊ ကျုပ်ကိုဒီလိုအရေးတယူ မေးဖော်ရတာ ကျေးဇူးတင်ပါတယ်"

"ပင်လယ်ဂေဟာရဲ့ အရှင်သခင်မ ရေသူမနတ်မယ် တုက္ကူးချင်းချင်းအကြောင်း ခင်ဗျား အတော်သိမယ် ထင်တယ်"

"ဒီယန်ဖူးမြို့လေးမှာ သူ့အကြောင်းမသိတဲ့လူ ရှိမှာတဲ့လား၊ ကျုပ်ကတော့ သူများတွေထက် ပိုသိတာပေါ့၊ သူတို့မျိုးရိုးက အရှေ့ပင်လယ်က၊ အနောက်မြောက် နယ်ခြား ဒေသကိုရောက်လာပြီး အခြေစိုက် နေထိုင်ကြတာ၊ မျိုးဆက်သိုင်းပညာ အစွမ်းထက်တယ်၊ တုက္ကူးချင်းချင်းဟာ ဥစ္စာပေါ ရုပ်ချောပြီး သိုင်းပညာလဲ ထက်မြက်တော့ သူ့ရဲ့မေတ္တာကို ရယူချင်ကြတဲ့ လူငယ်လူရွယ် သိုင်းသမားတွေ အများကြီးပဲ၊ ဒါပေမယ့် ကျောင်းဖန်းယောင် ရှိနေတာဆိုတော့ အဲဒီလူတွေ တုက္ကူးချင်းချင်းကို ဘယ်လိုမှမရနိုင်ကြပါဘူး၊ တုက္ကူးချင်းချင်းရဲ့ ဖူးစာဖက်က ကျောင်းဖန်းယောင်ပဲ ဖြစ်လိမ့်မယ်"

"ဩော်....အင်း....ကျောင်းဖန်းယောင် အကြောင်းကိုကော ခင်ဗျား ဘယ်လောက်သိထားသလဲ"

"ကျောင်းဖန်းယောင်ရဲ့မျိုးရိုးကလဲ အရှေ့ပင်လယ်ကလို့ ပြောသံ ကြားတာပဲ၊ သူက ယန်ဖူးမြို့လေးမှာရှိတဲ့ မြင်းသုံးကောင် သယ်ယူပို့ဆောင်ရေးအဖွဲ့ စခန်းခွဲရဲ့ ဒုတိယတာဝန်ခံအလုပ် လုပ်နေတယ်၊ စိတ်ထားဖြောင့်မတ်



ပြီး ရိုးသားတယ်၊ ကြိုးစားတယ်၊ ရှေ့လျှောက် ကြီးပွားတိုးတက်မယ့် အလားအလာတွေ အများကြီးရှိတယ်"

"ကျွန်တော်က ကျောင်းဖန်းယောင်ရဲ့ ပျော့ကွက်နဲ့ ဟာကွက်တွေကို သိချင်နေတာ၊ ခင်ဗျားပြောတာက သူ့ကောင်းကြောင်း တွေချည်းပဲကိုး"

"သူ့အကြောင်း မကောင်းသတင်းတွေ ကြားချင်နေမယ်ဆိုတာ ကျုပ်ရိပ်မိပါရဲ့၊ ဂိုဏ်းခွဲမှူးနဲ့ ကျောင်းဖန်းယောင်တို့က မိန်းမ အပိုးပြိုင်ဘက်တွေလို ဖြစ်နေကြတာကိုး၊ ကျုပ်အနေနဲ့ကလဲ ဂိုဏ်းခွဲမှူးကြားချင်သလို ကျောင်းဖန်းယောင်ရဲ့ အပြစ်အနာအဆာတွေ၊ မကောင်းသတင်းတွေ ပြောပြချင်ပါရဲ့၊ ဒါပေမယ့် သူ့မှာအပြစ်ပြောစရာ တစ်ခုမှတောင် မရှိတာခက်နေတယ်"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်တာပေါ့၊ ကျောင်းဖန်းယောင်ဟာ အလောင်းအစား မလုပ်ဘူး၊ မိန်းကလေးတွေနဲ့ ရောရောနှောနှော ရှုပ်ရှုပ်ပွေပွေလဲ မနေတတ်ဘူး၊ စားသောက်ပွဲတွေ၊ ဧည့်ခံပွဲတွေ၊ အများအားဖြင့်တော့ ပင်လယ်ဂေဟာရဲ့ စားသောက်ပွဲတွေဆိုပါတော့....တက်ပြီး စားသောက်တဲ့အခါမှာ အရက်တစ်ခွက်တစ်ဖလား မော့တာကလွဲလို့ သောက်သောက်စားစားလဲ မရှိဘူး၊ သူတစ်ပါးအပေါ် အကောက်ကြံဖို့လဲ စိတ်မကူးဘူး၊ အလုပ်ချိန်တွေမှာဆိုရင် မြင်းသုံးကောင် သယ်ယူပို့ဆောင်ရေးအဖွဲ့ စခန်းခွဲမှာ လုပ်စရာရှိတာတွေကို မခိုမကပ်လုပ်တယ်၊ အချိန်ဆွဲတာတို့ဘာတို့

တောင် မရှိဘူး၊ အလုပ်ချိန်ပြီးရင် သူ့တဲအိမ်ကလေးကို ပြန်ပြီး စာဖတ်ချင်ဖတ်၊ သိုင်းလေ့ကျင့်ချင် ကျင့်တယ်၊ လပြည့်လကွယ်နေ့တွေမှာတော့ ပင်လယ်ဂေဟာကိုအလည်အပတ်သွားပြီး တုက္ကူးချင်းချင်းနဲ့ တွေ့ဆုံစကားပြောတယ်၊ ကဲ.... သူ့မှာ ဘယ်လိုလုပ်ပြီး အပြစ်အနာအဆာ ရှိမှာတဲ့လဲ"

"ကျောင်းဖန်းယောင်ဟာ ခြောက်မြစ်ကင်း သဲလဲစင်တဲ့ လူတစ်ယောက်တော့ မဖြစ်နိုင်ဘူး"

"ဂိုဏ်းခွဲမှူး ဘာကိုဆိုလိုချင်တယ်ဆိုတာ တည့်တည့်သာ ပြောပြပါလား၊ ဝေ့လည်ကြောင်ပတ်လုပ်မနေပါနဲ့တော့"

"ကျောင်း ဖန်း ယောင် ဟာ တုက္ကူးချင်းချင်းအတွက် ကောင်းကျိုးထက် ဆိုးကျိုးကိုပဲ ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်က ယုံထားတယ်၊ ဒါကြောင့် ကျောင်းဖန်းယောင်ကို တုက္ကူးချင်းချင်းရဲ့ ဘေးကနေ ဖယ်ထုတ်ပစ်ရမယ်"

"ဟုတ်ပါပြီ၊ အဲဒီအတွက် ကျုပ်က ဘာလုပ်ပေးရမှာလဲ"

ယန်ထယ်မိုက တစ်ချက်စဉ်းစားလိုက်ပြီး....

"ကျောင်းဖန်းယောင်ဟာ ချီတာန်း မိတ်ဆွေတွေကို မလိုလားဘူး၊ ကျွန်တော်တို့ ကျားဘုရင်ဂိုဏ်းကို ဆန့်ကျင်ဖို့ ကြံစည်နေတယ်လို့ ကျွန်တော် သံသယဖြစ်တယ်၊ ဒါပေမယ့် သက်သေအထောက်အထားမရှိလို့ ဘာမှမလုပ်နိုင်ဘူး၊ သက်သေအထောက်အထားတွေကို ခင်ဗျား ရှာပေးနိုင်တယ် မဟုတ်လား"



ယောက်စွမ်းကိက ကောက်ကျစ်သော အပြုံးတစ်ခု ပြုံးလိုက်သည်။

"ကျုပ်က ဒီအလုပ် လုပ်စားနေတာပဲလေ၊ ဂိုဏ်းခွဲမှူး လိုချင်တဲ့ သက်သေအထောက်အထားတွေ ရှာပေးနိုင်ပါတယ်"

"ခင်ဗျားကို ခေါ်တိုင်ပင်တာ မှန်သွားပြီ"

"အဲဒီလို သက်သေအထောက်အထားမျိုးဆိုတာ လွယ်လွယ်ကူကူနဲ့ ရနိုင်တာမဟုတ်မှန်း ဂိုဏ်းခွဲမှူး သိပါလိမ့်မယ်"

ယန်ထယ်မိုမှာ ယောက်စွမ်းကိကို ပါးဖြတ်ရိုက်ချင်လိုက်ချင်သည့်စိတ်များ ထောင်းခနဲ ထလာသည်။ သို့သော် ကျောင်းဖန်းယောင်ကို ချောက်ချနိုင်ရန်အတွက် ပင့်ကူနက် ယောက်စွမ်းကိကို အားကိုးရမည်ဖြစ်သည့်အတွက် စိတ်ကို ချုပ်တည်းလိုက်ရသည်။

"ခင်ဗျား ဘယ်လောက်လိုချင်သလဲ၊ ပြော"

ယန်ထယ်မိုက ပြောသည်။

"ငွေဒင်္ဂါး ငါးရာ"

"များလှချည်လားဗျ"

"များတယ်ထင်ရင် ကျုပ်ကို အကူအညီ မတောင်းနဲ့ပေါ့၊ ဈေးနည်းနည်းနဲ့ လုပ်ဆောင်ပေးနိုင်မယ့်သူကို သွားရှာပါ"

ယန်ထယ်မိုက ယောက်စွမ်းကိကို စိတ်ထဲကျိတ်ကာ ကျိန်ဆဲလိုက်သည်။

သည်လို ကလိမ်ကကျစ် အလုပ်မျိုးကို ယောက်စွမ်းကို တစ်ယောက်သာ လုပ်နိုင်သည့်အတွက် တောင်းသည့်ကြေး က များလှသော်လည်း ယန်ထယ်မိုမှာ မတတ်သာ။ မပေးချင်သည့်တိုင် ပေးရမည်သာဖြစ်သည်။

"ကောင်းပြီ....သဘောတူတယ်၊ ကျောင်းဖန်းယောင်ကို အရေးယူအပြစ်ပေးနိုင်တဲ့ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ ရတဲ့အခါကျတော့ ခင်ဗျားလက်ထဲကို ငွေဒင်္ဂါးငါးရာတိတိ ထည့်မယ်၊ ဟုတ်လား"

"မဟုတ်သေးဘူး"

"ဘာမဟုတ်တာလဲ"

"စရန်ပေးထားရမယ်"

"ကျွန်တော် ဆီကတောင် စရန်ယူချင်နေသသား"

"ဒါက အလုပ်သဘောပါ၊ ဂိုဏ်းခွဲမှူး နားလည်ပါလိမ့်မယ်"

"စရန် ဘယ်လောက်ပေးရမှာလဲ"

"ငွေဒင်္ဂါး နှစ်ရာငါးဆယ်"

ထို့နောက် ကျားရဲယန်ထယ်မိုနှင့် ပင့်ကူနက်ယောက်စွမ်းကီတို့သည်စရန်ငွေပမာဏနှင့်ပတ်သက်၍ တစ်ယောက်တစ်ခွန်းဆိုသလိုပြောဆို ဈေးဆစ်ကြသည်။

နောက်ဆုံးငွေဒင်္ဂါး(၁၀၀)နှင့် ဈေးတည့်သွားလျက် ယန်ထယ်မိုက မပေးချင်ပေးချင်နှင့် ထုတ်ပေးလိုက်လေသည်။



စရန်ငွေရယူပြီးနောက်ပင့်ကူနက် ယောက်စွမ်းကီသည် ကျားရဲယန်ထယ်မို၏ အဆောင်မှ တိတ်တဆိတ် ထွက်ခွာသွားလေသည်။

* * *

ကျားရဲ ယန်ထယ်မိုနှင့် ပင့်ကူနက် ယောက်စွမ်းကီတို့ လျှို့ဝှက်စွာတွေ့ဆုံကာ စရန်ငွေသတ်မှတ်လက်ခံပြီးနောက် ယောက်စွမ်းကီသည်ကျောင်းဖန်းယောင်ကိုနောက်ယောင်ခံလိုက်ကာ တိတ်တဆိတ် အသာ အကဲခတ် ကြည့်နေခဲ့လေသည်။

ချိတန်းတို့၏ ကျူးကျော်မှုကြောင့် အနောက်မြောက်နယ်ခြားဒေသတွင် အခြေအနေရှုပ်ထွေးနေလေရာ မြင်းသုံးကောင် သယ်ယူပို့ဆောင်ရေးအဖွဲ့ စခန်းခွဲ၏ အလုပ်များသည် ရပ်တန့်သလို ရှိနေသည်။

ကျောင်းဖန်းယောင်သည် အလုပ်လုပ်စရာ မည်မည်ရရ မရှိသည့်တိုင် ယန့်ဖူးမြို့လေးရှိ မြင်းသုံးကောင် သယ်ယူပို့ဆောင်ရေးစခန်းခွဲသို့ အချိန်မှန် ရောက်ရှိနေသည်။ သူ လုပ်နေကျအလုပ်များကို ပုံမှန်ဆိုသလိုပင်လုပ်နေသည်။

သံသယဖြစ်စရာ ထူးခြားသည့် လှုပ်ရှားမှုဟူ၍ ဘာမျှ မရှိသည့်အတွက် ယောက်စွမ်းကီမှာယန်ထယ်မိုလိုချင်သော

အထောက်အထားများရဖို့ လုပ်ကြံ ဖန်တီး ရသတော့မည့် အနေအထားဖြစ်နေသည်။

သို့ရာတွင် (၅)ရက်မြောက်နေ့တွင်တော့ အခြေအနေက ထူးခြားသလိုရှိလာသည်။

ထိုနေ့က ကျောင်းဖန်းယောင်သည် ခါတိုင်း နေ့များ လိုပင် မြင်းသုံးကောင် သယ်ယူပို့ဆောင်ရေး စခန်းခွဲတွင် အလုပ်ဆင်းသည်။ အချိန်ပြီးဆုံးသောအခါ သူနေထိုင်ရာ တဲအိမ်လေးသို့ ခါတိုင်းလိုပင် ပြန်လာသည်။

တိတ်တဆိတ် နောက်ယောင်ခံလိုက်နေသော ယောက်စွမ်းကီသည် တဲအိမ်လေးနှင့် မလှမ်းမကမ်းသစ်ပင်ချုံနွယ်များအကြားတွင် ပုန်းအောင်းကာ ဆက်စောင့်ကြည့်နေသည်။

နေဝင်ဖျိုးဖျအချိန်သို့ ရောက်သောအခါတွင် ကျောင်းဖန်းယောင်နေထိုင်ရာ တဲအိမ်လေးဆီသို့ လူတစ်ယောက် လျှောက်လှမ်းသွားသည်ကို ယောက်စွမ်းကီ တွေ့မြင်ရလေသည်။

ထိုသူသည် ပြီးခဲ့သော မြင်းလှည်းမောင်း ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော ခမ်းယန်ကွမ်း ဖြစ်ကြောင်းလည်း ယောက်စွမ်းကီ မှတ်မိသည်။

ယောက်စွမ်းကီ၏ စိတ်ထဲတွင် ဇဝေဇဝါနှင့် အတွေးပွားမိသည်။

ကျောင်းဖန်းယောင်နှင့် ခမ်းယန်ကွမ်းတို့သည် ခင်မင်သောမိတ်ဆွေများဖြစ်ကြရာ ကျောင်းဖန်းယောင်၏တဲအိမ်



သို့ ခမ်းယန်ကွမ်း လာရောက်သည်မှာ ထူးဆန်းသည်ဟု မဆိုနိုင်ပေ။

သို့ရာတွင် အခြေအနေအချိန်အခါနှင့် ယှဉ်၍စဉ်းစားလျှင်တော့ တွေးဆစရာတွေရှိနေသည်။

စစ်ရေး အခြေအနေ ရှုပ်ထွေးကာ သံသယ ပွားစရာ အကြောင်းကလေးရှိလျှင်ပင် ကြီးမားသော အန္တရာယ်ကျရောက်နိုင်သည်မို့ လူများသည် တတ်နိုင်သလောက် အသွားအလာမလုပ်ကြ။ အထူးသဖြင့်နေဝင်သည်ဆိုသည်နှင့် အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ကြတော့။

ပင့်ကူနက်ယောက်စွမ်းကီ သိထား သလောက်ကတော့ ခမ်းယန်ကွမ်းသည် မြို့အလယ်ပိုင်းတွင်နေထိုင်သည်။ ယခု မြို့အရှေ့ဘက်အစွန်းပိုင်းရှိ ကျောင်းဖန်းယောင် တဲအိမ်သို့ နေဝင်ဖျိုးဖျချိန်တွင် ခမ်းယန်ကွမ်းရောက်လာမှုသည် စဉ်းစားစရာဖြစ်နေသည်။

ခမ်းယန်ကွမ်းရောက်လာမှုတွင် လျှို့ဝှက်သော အငွေ့အသက်တွေပါနေသလိုလိုလည်း ယောက်စွမ်းကီ ထင်မိလေသည်။

"ဒီလူဘာလာလုပ်တယ်ဆိုတာ သေသေချာချာ သိရအောင် စုံစမ်းမှဖြစ်မယ်"

ပင့်ကူနက်ယောက်စွမ်းကီ၏စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

* * *

တဲအိမ်လေး၏ ရှေ့နားသို့ ခမ်းယန်ကွမ်း ရောက်သည်နှင့်အိမ်တံခါးပွင့်သွားသည်။ ခမ်းယန်ကွမ်း လာနေသည်ကိုလှမ်းတွေ့သောကြောင့် ကျောင်းဖန်းယောင်က အသင့်စောင့်ကာ တံခါးဖွင့်ပေး လိုက်ခြင်းဖြစ်သည်။

"ကျွန်တော်နည်းနည်း နောက်ကျသွားတယ်"

ခမ်းယန်ကွမ်းက ပြောသည်။

"ကိစ္စမရှိပါဘူး....ရပါတယ်"

ကျောင်းဖန်းယောင်က ပြန်ပြောပြီး ခမ်းယန်ကွမ်း ဝင်သာအောင်လမ်းပေးသည့်အနေဖြင့်အနောက်သို့အသာဆုတ်ပေးလိုက်သည်။

နေဝင်သွားပြီမို့ မှောင်ရိပ်သန်းနေသည်။

တဲအိမ်၏အလယ်ပိုင်းလောက်တွင် ဖယောင်းတိုင် တစ်တိုင်ထွန်းထားသည်။ ဖယောင်းတိုင်မှာ သိပ်မကြီးသည့်အတွက် တဲအိမ်အလယ်ပိုင်း တစ်ဝိုက်လောက် တွင်သာ လင်းလင်းကျင်းကျင်းရှိသည်။

တဲအိမ်တံခါးဝ ဘက်တွင်တော့ မှောင်တောင်တောင် ဖြစ်နေသည်။

ခမ်းယန်ကွမ်း တစ်ယောက် တဲအိမ်လေး၏ တံခါးမှ လှမ်းဝင်မည် အပြု ရုတ်တရက် လေတစ်ချက် ဝေ့တိုက်သွားသလို ထိတွေ့ ခံစားရလျက် တစ်ချက် တုံ့သွားလေသည်။

"ဘာဖြစ်တာလဲ"

ကျောင်းဖန်းယောင်က မေးသည်။



"တစ္ဆေ တစ်ကောင်ကောင် တွေ့လိုက်မိသလိုပဲ"

ခမ်းယန်ကွမ်းက ပြန်ဖြေသည်။

"မဟုတ်က ဟုတ်ကဗျာ....လောကကြီးမှာ တစ္ဆေသရဲဆိုတာ မရှိပါဘူး၊ တကယ်လို့ရှိတယ်ပဲထား၊ ကျွန်တော့်လိုလူတစ်ယောက်ရဲ့ တဲအိမ်လေးမှာတော့ ဘယ်တစ္ဆေသရဲမှ ဝင်ခိုကပ်နေမှာ မဟုတ်ပါဘူး"

ခမ်းယန်ကွမ်းလည်း ဘာမျှထပ်မပြောဘဲ တဲအိမ်လေးထဲလျှောက်လှမ်းဝင်သည်။ တဲအိမ်လေးထဲသို့ခမ်းယန်ကွမ်းရောက်လာသောအခါ ကျောင်းဖန်းယောင်က တံခါးကိုလုံခြုံအောင် ပြန်ပိတ်သည်။

ပြီးတော့ နှစ်ယောက်သား ဖယောင်းတိုင် ထွန်းထားသည့် အိမ်အလယ်ပိုင်းသို့သွားကြသည်။

"ဘာ့သတင်းထူးလဲ"

တဲအိမ်လေး၏ အလယ်ပိုင်းတွင် မျက်နှာချင်းဆိုင် တင်ပျဉ်ခွေထိုင်မိကြသောအခါ ကျောင်းဖန်းယောင်က မေးသည်။ အသံကတော့ ခပ်တိုးတိုး။

ကျောင်းဖန်းယောင် နေထိုင်ရာ တဲအိမ်လေး ထဲတွင် ထိုင်ခုံမရှိ။ ဖျာသာခင်းထားရာ ဖျာပေါ်တွင် ထိုင်ကြရသည်။

"ချီတန်း သိုင်းသမားတွေက သိုင်းကျမ်း တစ်ခုအကြောင်း အပူတပြင်း လိုက်လံ စုံစမ်းနေကြတယ်"

ခမ်းယန်ကွမ်းက တီးတိုးပြန်ဖြေသည်။

"ဘာသိုင်းကျမ်းများလဲ"

"အရိပ်မဲ့ မှော်သိုင်း ဆိုလားပဲ"

"ဟာ....အရိပ်မဲ့ မှော်သိုင်း ဟုတ်လား"

ကျောင်းဖန်းယောင်၏ အသံက အနည်းငယ်ကျယ်သလို ဖြစ်သည်။ အရိပ်မဲ့ မှော်သိုင်းဟူသော သိုင်းကျမ်း အမည်ကို ထင်မှတ်မထားဘဲ ကြားရပြန်သည့်အတွက် စိတ်လှုပ်ရှား သွားရသည် ဟာတော့ အမှန်။

"ဟုတ်တယ်....အဲဒီ သိုင်းကျမ်း အကြောင်း ခင်ဗျား ကြားဖူးသလား"

"ကြားဖူးတယ်၊ ဒါပေမယ့် ဒဏ္ဍာရီလိုလို ပုံပြင်လိုလို တွေပါဗျာ၊ အရိပ်မဲ့ မှော်သိုင်းကျမ်းက တကယ် ရှိတာ တဲ့လား"

"အတိအကျတော့ ကျွန်တော်လဲ ဘယ်ပြောနိုင်မှာလဲ၊ ချိတန်းသိုင်းသမားတွေက အဲဒီသိုင်းကျမ်းကို သဲသဲမဲမဲ သွိုက်ရှာနေကြတာကတော့ အမှန်ပဲ၊ သူတို့ ဘယ်နေရာက ဘာ သတင်းတွေ ရထားသလဲမသိဘူး"

"ဒီအတိုင်းဆိုရင် ကျွန်တော်တို့လဲ ချိတန်းသိုင်းသမား တွေနဲ့ ရင်ဆိုင်ကြရတော့မယ်ထင်တယ်"

"ကျွန်တော်တို့ လူအင်အား ငါးဆယ်လောက်စုစည်း မိနေပြီပဲ၊ ချိတန်း မိစ္ဆာကောင်တွေကို မတိုက် သေးဘူး လား"

တီးတိုးပြောနေရာမှ ခမ်းယန်ကွမ်းက အသံကို ပိုနှိမ့် ချကာ ပြောသည်။



"အခုစုမိထားတဲ့ အင်အားနဲ့ဆိုရင် လှုပ်ရှားတိုက်ခိုက် လို့ဖြစ်နေပါပြီ၊ ဒါပေမယ့် ပွဲဦးထွက်ကောင်းဖို့ လိုသလို တစ်ချီနှစ်ချီလောက် တိုက်ခိုက်ပြီး ရပ်တန့်တုံ့နှေးသွားတာ မျိုးဖြစ်သွားရင် မကောင်းဘူး"

ကျောင်းဖန်းယောင်ကလည်း အသံကို တိုးနိုင်သမျှတိုး ပြီး ပြောသည်။

"ဟုတ်တယ်....တိုက်ပြီဆိုဘာနဲ့ ဆက်တိုက်ကြီးလုပ်ရမယ်၊ ခင်ဗျားမှာ ဘယ်လိုအစီအစဉ်ရှိလဲ"

ခမ်းယန်ကွမ်းနှင့် ကျောင်းဖန်းယောင်တို့သည် နယ်ခြံ ကျူးကျော်ရေးသမားများကို တွန်းလှန်တိုက်ခိုက်ရေးအစီ အစဉ်များကို တီးတိုး ဆက်လက်တိုင်ပင်ကြသည်။

ထို့နောက် ခမ်းယန်ကွမ်း တိတ်တဆိတ်ပြန်လည်ထွက် ခွာသွားသည်။

* * *

ပင့်ကူနက်ယောက်စွမ်းကိုသည် တဲအိမ်လေးထဲသို့ တိတ် တဆိတ်ဝင်ရောက်ကာ ကျောင်းဖန်းယောင်နှင့် ခမ်းယန် ကွမ်းတို့ ပြောကြဆိုကြသည့် စကားများကို အကုန်အစင် မဟုတ်သည့်တိုင် အတော်များများ ကြားခဲ့သည်။

ကျောင်းဖန်းယောင်တို့ ဘာတွေကြံစည်၍ ဘယ်လို လှုပ်ရှားမှုတွေ လုပ်ကြမည် ဆိုခြင်းကိုတော့ ကောင်း ကောင်း မှန်းဆသိရှိနိုင်ခဲ့သည်။

တကယ့်သတင်းထူးတွေမို့ ကျားရဲ ယန်ထယ်မိုထံ ချက်ချင်း အကြောင်းကြားရန် အမြန်ထွက်လာခဲ့သည်။

သို့ရာတွင်....

လမ်းခုလတ်မှာပင် စိတ်ကူးတစ်မျိုးပြောင်းသွားသည်။

တုကူးချင်းချင်း၏ မုသား သက်သေခံချက်ကို အမှန်အဖြစ် လက်ခံကာ ငါးပုံ မာအန်းနားအား လွှတ်ပစ်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ယောက်စွမ်းကိုသည် ယန်ထယ်မိုလူလည်လုပ်လွန်းသည်ဟု အမြင်မကြည်မလင် ရှိနေခဲ့သည်။

ကျောင်းဖန်းယောင်ကို အရေးယူနိုင်ရန် အတွက် လုပ်ကြံဖန်တီးမှုများ ပြုလုပ်ပေးရန် သဘောတူလက်ခံခဲ့သော်လည်း ယန်ထယ်မိုအပေါ် ယုံကြည်စိတ်တော့ သိပ်မရှိလှပါ။ မိမိကို ပေးမည်ဟု ကတိပြုထားသော ငွေဒင်္ဂါး (၅၀၀)အပြည့်အဝ ပေးလိမ့်မည်ဟုပင် ထင်မထားခဲ့။

ယောက်စွမ်းကိကလည်း ယန်ထယ်မိုထံမှ ရနိုင်သမျှကို ဖျစ်ညှစ်ရယူ ရန်သာ စိတ်ကူးထားသည်။

ယခုတော့ ယောက်စွမ်းကိ အနေဖြင့် သက်သေများကို တကူးတက လုပ်ကြံဖန်တီးရန်ပင် မလိုတော့။ ကျောင်းဖန်းယောင်ကို ပြင်းပြင်းထန်ထန် အရေးယူနိုင်သည့်အကြောင်းအချက်တွေကို ကံအားလျော်စွာ သိရှိခဲ့ရလေပြီ။

ထိုသို့ သိရသမျှကို ထုတ်ဖော်ပြောပြလိုက်လျှင် အကောက်ဉာဏ်များလှသော ယန်ထယ်မို အနေဖြင့် ကျောင်းဖန်းယောင်ကို အပိုင်ကိုင်နိုင်ပေတော့မည်။



မိမိ၏ သတင်းပေးမှုများသည် ယန်ထယ်မို အနေဖြင့် တုကူးချင်းချင်းအပေါ်တွင် ပို၍ လွှမ်းမိုးချုပ်ကိုင်နိုင်စေမည့် အကွက်များ ဖြစ်သည်ကို ယောက်စွမ်းကိ စဉ်းစားမိတော့ တစ်မျိုးစိတ်ကူးတွေ ပေါ်လာရသည်။

ကျောင်းဖန်းယောင်ကို ရှင်းထုတ်ပစ်ပြီး တုကူးချင်းချင်းကို အရယူနိုင်လျှင် ယန်ထယ်မို၏ အရှိန်အဝါက အချမ်းကိုကြီးမြင့်သွားမည်။ ကျားကို အစွယ်တပ်ပေးလိုက်သလိုဖြစ်မည်။

ယန်ထယ်မိုလို အခွင့်အရေးသမားတစ်ယောက်အတွက် အရမ်းကို ကြီးပွားတိုးတက်သွားမည်။ ထိုအခါ ယောက်စွမ်းကိအတွက် စားပေါက်ပိတ်ပေတော့မည်။ ယန်ထယ်မို၏ ရှင်းလင်းပစ်မှုကိုပင် ယောက်စွမ်းကိ ခံရပေလိမ့်မည်။

သည်လို အခြေအနေများကို စဉ်းစားမိလာတော့ ယောက်စွမ်းကိ စိတ်ကူးတွေ တစ်မျိုးပြောင်းလာသည်။ မိမိကြားသိခဲ့ရသမျှ အကုန်မပြောတော့။

ပြောသင့်သလောက်သာပြော၊ ချန်လှပ်သင့်သည်များကိုချန်လှပ်လျက် လုပ်ကြံဖြည့်စွက်သင့်သည်တို့ကို ဖြည့်စွက်ကာ မိမိအတွက် ရေရှည် အကျိုးရှိရာရှိကြောင်း ဖန်တီးရန် ယောက်စွမ်းကိ ဆုံးဖြတ်လိုက်သည်။

★

# အခန်း (၆)

ချိတန်းနယ်ခြံ့တပ်များ၏ ကျူးကျော် ထိုးစစ်ဆင်လာမှုနှင့်အတူ ချိတန်း သိုင်းသမားများလည်း မြောက်ပိုင်းနယ်စပ်ဒေသထဲသို့ ထိုးဖောက်ဝင်ရောက် လွှမ်းမိုးလာကြသည်။

ချိတန်းသိုင်းသမားများနှင့်ဆက်သွယ်ရေးကို ယန်ထယ်မိုက လုပ်ဆောင်ရသည်။ ဤတွင် ချိတန်းသိုင်းသမားများ သဲသဲမဲမဲ စုံစမ်းနေသော အရိုပ်မဲ့မှော်သိုင်းကျမ်း ရှာဖွေရရှိရေးမှာလည်း ယန်ထယ်မို၏ တာဝန်ဖြစ်လာသည်။

သည်လိုအခါခြေအနေသည် ကြီးမားသော အခွင့်ထူးများ ရရှိတာ များစွာသော အကျိုးအမြတ်တွေ ရနိုင်သလို အန္တရာယ်ဆိုး ကြမ္မာဆိုးများကိုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း ယန်ထယ်မို ကောင်းကောင်း နားလည်သည်။



ချိတန်း သိုင်းသမားများနှင့် အဆင်ပြေအောင် လုပ်ဆောင်ကာ သူတို့ရှာနေသော သိုင်းကျမ်း ရရှိအောင် ကူညီပေးနိုင်လျှင် ယန်ထယ်မို အကြီးအကျယ် တန်ခိုးထွားမည်။ ကျားဘုရင် ဂိုဏ်းချုပ်ကိုယ်တိုင်ပင်လျှင် ယန်ထယ်မိုကို လွန်ဆန်နိုင်မည်မဟုတ်တော့။

တစ်ဖက်တွင်လည်း ချိတန်းသိုင်းသမားများတို့ ထိထိရောက်ရောက် ပြည့်ပြည့်ဝဝ အကျိုးဆောင်မပေးနိုင်လျှင်ဒါမှမဟုတ် ချိတန်းသိုင်းသမားများ၏ အငြိုအငြင်ခံရလျှင် ယန်ထယ်မိုကြုံရမည့် အန္တရာယ်ဆိုးများသည် ရေးမပြနိုင်လောက်အောင်ပင် ကြီးကျယ်ပေလိမ့်မည်။

တစ်ခု ခက်နေသည်က ယန်ထယ်မိုအနေဖြင့် အရိုပ်မဲ့မှော်သိုင်းဆိုသည်ကို ယခင်က ကြားပင်မကြားဖူးခြင်းပင်။

ကျားဘုရင်ဂိုဏ်းသည် ယန်ဖူးမြို့လေးတွင် များစွာတွင်ကျယ်ကာ မြောက်ပိုင်းနယ်စပ်များတွင်လည်း အတော်ပင် တန်ခိုးထွားနေရာ ထိုဒေသရှိ သိုင်းလောကနှင့် ပတ်သက်၍ အပ်ကျသည်ကအစ သိရှိနေသည်ဟု ဆိုနိုင်သည်။

သို့ရာတွင် အရိုပ်မဲ့မှော်သိုင်းဆိုသည်ကိုတော့ ချိတန်းသိုင်းသမားများ ရောက်လာတော့မှပင် ကြားဖူးကြသည်။

ကောက်ကျစ် ဉာဏ် များသလောက် အတင်းပါးပြီး အကွက်မြင်သော ယန်ထယ်မိုသည် 'အရိုပ်မဲ့မှော်သိုင်း' အကြောင်းကို ချိတန်း သိုင်းသမားများထံမှပင် သတင်းပြန်နှိုက်ရလေတော့သည်။

ဤတွင် အရိပ်မဲ့ မှော်သိုင်းသည် ကြီးကြာဂိုဏ်းနှင့် ပတ်သက်မှုရှိနိုင်ပြီး ပင်လယ် ဂေဟာနှင့်လည်း အဆက်အစပ်ရှိကောင်း ရှိနိုင်ကြောင်း သိလာခဲ့ရသည်။

ကြီးကြာဂိုဏ်းကို ကျားဘုရင်ဂိုဏ်းက ရက်ရက်စက်စက် ချေမှုန်းခဲ့ပြီးဖြစ်ကာ မျိုးပြတ်ကာ ပျက်စီးပျောက်ကွယ်သွားတော့မည့် အခြေပင်ဆိုက်နေသည်၊ ကျန်နေသေးသမျှသော ကြီးကြာဂိုဏ်း၏အဆွယ်အပွားအနည်းအကျဉ်းတို့မှာလည်း ကျားဘုရင်ဂိုဏ်းကို အလွန်ပင်ကြောက်လန့်နေကြရပေရာ ယန်ထယ်မိုက ခေါ်ယူစစ်မေးသည်နှင့် သူတို့သိသမျှ အကုန်အစင်ထုတ်ဖော် အစစ်ခံကြလေသည်။

အရိပ်မဲ့မှော်သိုင်းနှင့် ပတ်သက်သည့် ရေရေရာရာ သတင်းများကတော့ တစ်ခုမှမရ။

ကြီးကြာဂိုဏ်းမှာလည်း အရိပ်မဲ့မှော်သိုင်းကို စုံစမ်းရှာဖွေနေသယောင်ယောင် ခိုင်လုံသေချာခြင်း မရှိသည့် သတင်းစကား အရိပ်အမြွက်လောက်ကိုသာ ရရှိသည်။

ပင်လယ်ဂေဟာအကြောင်းကိုတော့ ကျားဘုရင်ဂိုဏ်းမှ လျှို့ဝှက်၍တစ်မျိုး၊ ပြောင်ပြောင်တင်းတင်းတစ်ဖုံ စုံစမ်းမှုများ ယခင်ကပင် လုပ်ခဲ့ပြီးဖြစ်သည်။ ပင်လယ်ဂေဟာ၏ မျိုးဆက်သိုင်းပညာ အဆင့်မြင့်ကာ ထူးထူးဆန်းဆန်းဆို၍ ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းလာခဲ့သော ငါးမျက်လုံး ပုလဲသာရှိပြီး မည်သည့်လျှို့ဝှက်သိုင်းကျမ်းမှ သိမ်းဆည်းထားခြင်း မရှိကြောင်း ကျားဘုရင်ဂိုဏ်းက သိထားသည်။



ငါးမျက်လုံးပုလဲ ဆိုသည်မှာလည်း ပင်လယ်ဂေဟာ၏ သီး သန့် စာ ကြည့် ခန်း ထဲ တွင် သိမ်း ဆည်း ထား ကာ အစောင့်အကြပ်လုံခြုံစွာချထားသော်လည်းသိုင်းလောကထုံးတမ်းစဉ်လာများနှင့်အညီ ယဉ်ကျေးစွာ ခွင့်တောင်းလျှင် ကြည့်ရှုခွင့်ပြုသည့်အတွက် လျှို့ဝှက်ချက်ဟုမဆိုသာ။

ယန်ထယ်မို ကိုယ်တိုင်ပင်လျှင် ငါးမျက်လုံးပုလဲကို တစ်ကြိမ် တွေ့ဖူးကြည့်ဖူးသည်။ ငါးအကြီးစားကြီးတစ်ကောင်၏ မျက်လုံးအသွင်ရှိလျက် ထွင်းဖောက်မြင်နိုင်ပြီး မှန်ဘီလူးလိုလိုမျိုးဖြစ်၍ ထူးဆန်းသည့်ပစ္စည်းဟုတော့ ဆိုနိုင်သည်။

ယန်ထယ်မိုသည် တုကူးချင်းချင်းကို သွားရောက်တွေ့ဆုံကာ အရိပ်မဲ့ မှော်သိုင်းအကြောင်း လှည့်ပတ်စုံစမ်းမှု လုပ်သေးသည်။ အရိပ်မဲ့မှော်သိုင်းသည် ပင်လယ်ဂေဟာမိသားစု၏မျိုးဆက် မူလဇာစ်မြစ်နေရာဖြစ်သော အရှေ့ပင်လယ်ဒေသတွင် လူပြောများသည့် ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလိုဖြစ်သည် ဆိုခြင်းမှလွဲ၍ ဘာထူးခြားချက်မျှ မသိခဲ့ရ။

တုကူးချင်းချင်းကိုယ်တိုင်လည်း ထိုမျှလောက်သာ သိသည်ကို ယန်ထယ်မို အကဲခတ်မိသည်။

အရိပ်မဲ့မှော်သိုင်းနှင့် ပတ်သက်၍ ချိတန်းသိုင်းသမားများကို ဘာစသတင်းမျှ မပေးနိုင်ဘဲရှိနေရာ ယန်ထယ်မိုသည် ကောက်ကျစ်ဉာဏ် များသူပီပီ မိမိအတွက် အခွင့်အလမ်းကောင်း ရရှိရန် အကျိုးမျှော်ဖန်တီးမှု လုပ်လေသည်။

အရိုင်မဲ့မှော်သိုင်းနှင့်ပတ်သက်သည့် အရေးကြီးသော အချက်များကို ကြိုးကြာဂိုဏ်းချုပ်ကတော် ငါးပျံမာအန်းနား သိရှိထားသည်ဟု ချီတန်းသိုင်းသမားများအား သတင်းပေးခဲ့သည်။

ငါးပျံမာအန်းနားကလည်း ရှောင်တိမ်းပုန်းအောင်းနေလျက် လျှို့ဝှက်ချက်တွေလည်း ရှိနေပြန်ရာ ယန်ထယ်မို ပေးသောသတင်းကို ချီတန်းသိုင်းသမားများက ခြွင်းချက်မရှိ လက်ခံခြင်း မပြုကြသည့်တိုင် ဟုတ်ကောင်းဟုတ်နိုင်သည်ဟု သဘောထားကြသည်။

ဤတွင် ငါးပျံမာအန်းနားသည် ချီတန်းသိုင်းသမားတို့၏ ပစ်မှတ်ဖြစ်လာသည်။ ငါးပျံမာအန်းနားကို မြေလှန်မတတ် လိုက်ရှာကြသည်။

သို့သော်....

မာအန်းနားက ပျောက်ချက်သား ကောင်းနေသည်။

* * *

ကျားရဲယန်ထယ်မိုသည် နေ့လယ်စာစားသောက်ပြီး၍ ခေတ္တခဏ နားနေရန် သီးသန့်အခန်းငယ်လေးထဲသို့ ဝင်လာခဲ့သည်။

အခန်းငယ်လေးထဲသို့အရောက် စိတ်ထဲစနိုးစနောင့်ဖြစ်သလိုလိုရှိ၍ ကြည့်လိုက်ရာ အခန်းထောင့်တွင် ငြိမ်သက်စွာ ရပ်နေသော ပင့်ကူနက်ယောက်စွမ်းကိုကို တွေ့ရလေသည်။



“အလို....ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီအခန်းလေးထဲ ရောက်နေတာလဲ”

ယန်ထယ်မိုက မျက်မှောင်ကြုတ်ကာ ပြောသည်။

“ပင့်ကူနက်ယောက်စွမ်းကိ ဝင်လို့မရတဲ့နေရာမရှိဘူး၊ ဂိုဏ်းခွဲမှူးကို ပြောစရာလေးတွေရှိလို့လာစောင့်နေတာ”

“ဘာလဲ ပြော”

မိမိ၏ သီးသန့် အခန်းငယ်လေးထဲသို့ ယောက်စွမ်းကိ ရောက်အောင် ဝင်လာနိုင်သည့်အတွက် သိပ်ဘဝင်မကျသော်လည်း ကိစ္စမြန်မြန်ပြီးပြတ်အောင် ယန်ထယ်မိုကမေးလိုက်သည်။

“မနေ့ညတုန်းက ယန်ထယ်မိုရဲ့ တဲအိမ်လေးထဲကို ကျုပ် တိတ်တဆိတ်ဝင်ခဲ့တယ်၊ ယန်ထယ်မိုနဲ့ သူ့မိတ်ဆွေ တစ်ယောက် တီးတိုးပြောဆိုနေကြတာကို ချောင်းနားထောင်နိုင်ခဲ့တယ်”

“အင်း....သူတို့ ဘာတွေတိုင်ပင်နေကြတာလဲ”

“ငါးပျံမာအန်းနားဆီက သိုင်းကျမ်းတစ်ခုအရယူကြဖို့ပဲ”

ယန်ထယ်မို၏ရင်ထဲ ထင့်ခနဲဖြစ်သည်။ ဣန္ဒြေဆည်ထားသော်လည်း ယန်ထယ်မို စိတ်လှုပ်ရှားသွားကြောင်းကို တော့ ယောက်စွမ်းကို အကဲခတ်မိလိုက်သည်။

“ဘာသိုင်းကျမ်းလဲ”

ယောက်စွမ်းကိက အသာရပ်ထားရာ ယန်ထယ်မိုက စကားထောက်ပေးသလိုအသွင်နှင့် မေးလိုက်သည်။

"ဘာသိုင်းကျမ်းလဲဆိုတာ သိရရင် ဂိုဏ်းခွဲမှူး အရမ်းစိတ်ဝင်စားသွားမှာပဲ"

"ပြောမှာ ပြောစမ်းပါ၊ စကားဝှေ့ဝိုက်မနေနဲ့၊ ကျွန်တော်က အားတာမဟုတ်ဘူး၊ လုပ်စရာတွေရှိသေးတယ်"

"အရိပ်မဲ့မှော်သိုင်းကျမ်းလေ"

"ဘာပြောတယ်"

ယန်ထယ်မိုသိသိသာသာ လှုပ်ရှားသွားသည်။ ပါးစပ်မှ လွှတ်ခနဲပင် မေးထွက်သည်။ ပြီးမှ တမင်းကတန်းကျ နေ့ပြန်ဆည်လိုက်ရသည်။

"အရိပ်မဲ့မှော်သိုင်းကျမ်းပါ"

ယောက်စွမ်းကိုက တမင်ပင် ခပ်အေးအေးလေသံနှင့် ထပ်ပြောသည်။

"အဲဒီ သိုင်းကျမ်းအကြောင်း ကျောင်းဖန်းယောင်တို့က သတင်းရထားကြလို့လား"

"ကျောင်းဖန်းယောင်နဲ့ သူ့မိတ်ဆွေ ပြောဆိုနေကြတာကို ကြားရသမျှကတော့ အဲဒီသိုင်းကျမ်းရှိတဲ့ နေရာကို ငါးပျံမာအန်းနားသိတယ်တဲ့၊ မာအန်းနားကို ပြေလည်အောင် အပေးအယူလုပ်ပြီး သိုင်းကျမ်းကို ယူကြမယ်ဆိုပဲ"

ယန်ထယ်မိုမှာ အရိပ်မဲ့မှော်သိုင်း အကြောင်း မာအန်းနားသိရှိသည်တွင် လုပ်ဇာတ်ထွင် ချိတန်းသိုင်းသမားများအား သတင်းပေးထားရာ ယောက်စွမ်းကို၏ စကားများကို ယုံရခက်နေသည်။



သို့သော် ယောက်စွမ်းကို သတင်းစုံစမ်းတော်လှကြောင်း သိထားသည့်အပြင် ယောက်စွမ်းကို၏ ပြောပုံဆိုဟန်တို့ကလည်း ခိုင်မာမှုအပြည့် ရှိနေရာ ယုံရမလိုလိုလည်း ဖြစ်နေသည်။

"ချိတန်းသိုင်းသမားတွေက အရိပ်မဲ့မှော်သိုင်းကျမ်းကို လိုက်ရှာနေကြတယ်မဟုတ်လား၊ ချိတန်းသိုင်းသမားတွေ လိုချင်နေတဲ့ သိုင်းကျမ်းကို ကြားဖြတ်ပြီးယူဖို့ကြံတာကြီးလေးတဲ့ပြစ်မှု ကျူးလွန်တာပဲ၊ ကျောင်းဖန်းယောင်ကို ပြင်းပြင်းထန်ထန် အရေးယူလို့ ရပြီမဟုတ်လား"

ယောက်စွမ်းကိုက ဆက်ပြောသည်။

ယန်ထယ်မို မယုံတစ်ဝက် ယုံတစ်ဝက် ရှိနေသည်ကို အကဲခတ်မိသောကြောင့် အပိုင်ချည်လိုက်သော စကားများ ဖြစ်သည်။

ချိတန်းသိုင်းသမားများ အရိပ်မဲ့သိုင်းကျမ်းကို အရယူနိုင်ရန် ကြိုးစား စုံစမ်းနေသည့် ကိစ္စသည် လူသိမများ၊ လျှို့ဝှက်၍ထားသည်။

ယခု ယောက်စွမ်းကိုက ထိုအကြောင်းကိုပါ ထည့်သွင်းပြောချလိုက်ရာ ယန်ထယ်မိုအနေဖြင့် မို၍ ဇဝေဇဝါဖြစ်သွားရသည်ကတော့ အမှန်ပင်။

"ကျုပ်မေးတာ ဖြေပါဦး၊ ကျောင်းဖန်းယောင်ကို ပြင်းပြင်းထန်ထန် အပြစ်ပေးလို့ ရတယ်မဟုတ်လား"

ယောက်စွမ်းကိုက ထပ်မေးသည်။

"ဩော်....အင်း....ရပါတယ်"

ယန်ထယ်မိုက လွှတ်ခနဲ ပြန်ဖြေသည်။

"ဒါဆိုရင် မေးတော့"

"ဘာပေးရမှာလဲ"

"ကျုပ်အတွက် ပေးစရာ ကျန်နေတဲ့ ငွေဒင်္ဂါးလေးရာလေ"

"အလို...ဘာကြောင့် အဲဒီငွေတွေ ပေးရမှာလဲ"

"ကျောင်းဖန်းယောင်ကို ကြီးလေး ပြင်းထန်တဲ့အပြစ်ဒဏ်ချမှတ်နိုင်မယ့် သတင်းတွေ ကျုပ် စုံစမ်းပေးပြီးပြီလေ၊ အဲဒီ အတွက် ဂိုဏ်းခွဲမှူးကလဲ ချီးမြှင့်ငွေ ပြန်ပေးရမှာပေါ့"

"တယ်ဟုတ်ပါလား၊ ဘာသက်သေ အထောက်အထား ခိုင်ခိုင်မာမာမှ ယူမလာနိုင်ဘဲ ခင်ဗျားပါးစပ်က လျှောက်ပြောတာနဲ့ ဆုငွေပေးရမှာတဲ့လား"

"ကျုပ်ပေးတဲ့ သတင်းတွေနဲ့ ကျောင်းဖန်းယောင်ကို အရေးယူ အပြစ်ပေးလို့ရတယ်လို့ ဂိုဏ်းခွဲမှူး ပြောပြီးပြီလေ"

"ဟုတ်ပါတယ်၊ ကျွန်တော်ပြောခဲ့ပါတယ်၊ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်ပြီးသွားပြီ၊ ခင်ဗျား လာမပြောလဲ ကျွန်တော့်ဘာသာ ကျောင်းဖန်းယောင်ကို အဲဒီလိုမျိုး စွပ်စွဲအကြောင်းရှာပြီး အပြစ်ပေးအရေးယူလို့ ရတာပဲ၊ ခိုင်မာတဲ့ အထောက်အထား ယူမလာနိုင်ဘဲ ပါးစပ်ပြောလေးလောက်နဲ့တော့ ဘာဆုငွေမှ မျှော်လင့်မနေနဲ့၊ ဟဲ...ခင်ဗျားပြန်နိုင်ပြီ"



ယန်ထယ်မိုက ခပ်ပြတ်ပြတ်ပြောသည်။

မိမိစိတ်ကူးပြောင်းကာ အမှန်တချို့၊ အမှားတစ်မျိုး၊ လုပ်ကြံဖန်တီးမှု တစ်ဖုံရောနှောကာ ပြောခဲ့သည်မှာ သင့်မြတ်ကြောင်း ယောက်စွမ်းကိ နားလည်လိုက်သည်။

ပင့်ကူနက် ယောက်စွမ်းကိသည် ဘာမျှ အတွန့်တက်ကာ ပြောမနေတော့ဘဲ သီးသန့် အခန်းငယ်လေးထဲမှ လျှောက်လှမ်းထွက်သွားသည်။

"နောက်ဆို ကျွန်တော် မခေါ်ဘဲ မလာပါနဲ့၊ ပြီးတော့ ကျွန်တော့်ဆီက ခွင့်ပြုချက်မရဘဲ ကျွန်တော့် အဆောင်ထဲ ဝင်လားထွက်လား မလုပ်ပါနဲ့"

ယန်ထယ်မိုက လျှောက်လှမ်းထွက်သွားသော ယောက်စွမ်းကိကို လှမ်းပြောသည်။

"ကောင်းပါပြီရှင်၊ ဂိုဏ်းခွဲမှူးကြီးရဲ့ အမိန့်အတိုင်းပါဲ"

ယောက်စွမ်းကိက နောက်လှည့်ကာ ပြောပြီး ဦးညွှတ်အရိုအသေပေးလိုက်သည်။

* * *

ငါးပုံမာအန်းနားက တွေ့ဆုံရန်အချိန်းအချက်ပြုလုပ်ထားသော လပြည့်နေ့သို့ ရောက်လာသည်။

လပြည့်နေ့ မတိုင်မီရက်များအတွင်း မြောက်ဘက်နယ်စပ်ဒေသတွင် အပြောင်းအလဲတွေ အများကြီး ဖြစ်ပေါ်ခဲ့သည်။

ရှမ်းယန်းခံစစ်ကြောင်း၏ ကြံ့ကြံ့ခိုင်ခိုင် ခုခံနေမှုကို မဖြိုခွဲနိုင်သော ချီတန်းကျူးကျော်ရေးတပ်များသည် ရှမ်းယန်းမြို့ကို ကွင်းရှောင်ကာ ရှေ့သို့ ထိုးဖောက် တိုက်ခိုက်ရန် ကြိုးစားသည်။

အစပိုင်းတွင် အောင်မြင်မှုများရခဲ့သော်လည်း သူတို့၏ ဆက်သွယ်ရေးနှင့် ထောက်ပံ့ရေး လမ်းကြောင်းများကို ရှမ်းယန်းမြို့အခြေစိုက် တရုတ်တပ်ဖွဲ့များက နှောင့်ယှက်မှုကြောင့် ထိုးစစ်အဟုန် တန့်သည်။

ထို့နောက် ထိုးစစ်အရပ်ရပ်အခြေယိုင်လာသည်။

ရှမ်းယန်းခံစစ်ကြောင်းကို ဖြိုခွဲနိုင်ရန် အပြင်းအထန် စစ်ဆင်ရာ အကျအဆုံးများပြားသော်လည်း မအောင်မြင်။

စစ်ရေးအခြေယိုင်လာနှင့်အမျှ ချီတန်းကျူးကျော်ရေးသမားတို့ ကြမ်းတမ်း ရမ်းကားလာသည်။ အထူးသဖြင့် အရိပ်မဲ့မှော်သိုင်းကို သဲကြီးမဲကြီးလိုက်လံ ရှာဖွေနေသော ချီတာန်းသိုင်းသမားတို့က ရက်ရက်စက်စက် ညှဉ်းပန်းအနိုင်ကျင့်မှုများလုပ်လာကြသည်။

ကျောင်းဖန်းယောင်နှင့် ခမ်းယန်ကွမ်းတို့ ပါဝင်သော တွန်းလှန်ရေးအင်အားစုများကလည်း နယ်ချဲ့ ကျူးကျော်ရေးသမားများကို ခုခံတိုက်ခိုက်မှုများစတင် လှုပ်ရှားလှုပ်ဆောင်လာသည်။



အလစ်အငိုက် စီးနင်းတိုက်ခိုက်မှုများကို ပြောက်ကျားစနစ်ဖြင့် လုပ်ဆောင်သော်လည်း ချီတန်း ကျူးကျော်ရေးစစ်ဆင်မှုကိုတော့ အတော်ပင် အနှောင့်အယှက် ပေးနေနိုင်သည်။

ကျောင်းဖန်းယောင်လည်း အတော်ပင် အလုပ်များနေသည်။

အကယ်၍ မာအန်းနား တီးတိုး ရေရွတ် သွားသော 'အရိပ်မဲ့မှော်သိုင်း' ဆိုသည့် စကားကို ကြားခဲ့ရခြင်း မရှိလျှင် ကျောင်းဖန်းယောင်သည် လပြည့်ညသန်းခေါင်ချိန်ချိန်းဆိုထားမှုကို မေ့ပစ်ကာ ဘေးဖယ် ထားမိ ပေလိမ့်မည်။

ချိန်းဆိုထားသည့် နေရာသို့လည်း သွားမည် မဟုတ်။

ချိန်းဆိုထားမှုသည် အရိပ်မဲ့မှော်သိုင်းနှင့်ပတ်သက်နိုင်သည်ဆိုသောအချက်က ကျောင်းဖန်းယောင်ကို ကောင်းကောင်း ဆွဲဆောင်နေသည်။

ချိန်းဆိုထားသည့်နေရာသို့ ကျောင်းဖန်းယောင် လာခဲ့သည်။

* * *

တုကူးချင်းချင်းသည် လုပ်ရည်ကိုင်ရည် ရှိသော်လည်း အသက်ငယ်ရွယ်ကာ အတွေ့အကြုံလည်း နည်းသေးသောကြောင့် ထူးခြားရှုပ်ထွေးသော အရေးကြီးသည့်အပြောင်းအလဲ အချိန်အခါတွင် ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘဲ တွေဝေနေသည်။

ဤသို့ဖြင့် ပင်လယ်ဂေဟာ၏ အနေအထားမှာလည်း မရေမရာရှိနေသည်။

ကျူးကျော်ရေးသမား ချီတန်းတို့နှင့် မပူးပေါင်းသော်လည်း ဆန့်ကျင်ခြင်းလည်းမလုပ်။ ယန်ဖူးမြို့လေးကို သိမ်းပိုက်အုပ်စိုးနေသော ကျားဘုရင်ဂိုဏ်းနှင့်မူ မျက်နှာမပျက်ရအောင် အလိုက်အထိုက်ဆက်ဆံမှုပြုနေသည်။

ပင်လယ်ဂေဟာ၏ သိုင်းသမားများကိုမူ အရေးကြီးသော အကြောင်းကိစ္စမရှိဘဲ ဂေဟာအပြင်သို့ မထွက်ရန် စည်းကမ်းတင်းကျပ်ထားသည်။

ပင်လယ်ဂေဟာအနေဖြင့် အခြေအနေကို စောင့်ကြည့်နေသည့် သဘောရှိနေသော်လည်း ဂေဟာ၏ သိုင်းသမားအချို့ ချီဘန်းနယ်ချဲ့ဆန့်ကျင်ရေး တွန်းလှန်မှုများတွင် လျှို့ဝှက်စွာ ပါဝင်လှုပ်ရှားနေမှုများကတော့ ရှိနေသည်။

ဤရက်ပိုင်းများအတွင်း တုကူးချင်းချင်းအတွက် တိုင်ပင်ဖော်တိုင်ပင်ဖက်ပြုရန်လည်း မရှိသလို ဖြစ်နေသည်။

ကျောင်းဖန်းယောင်သည် မြင်းလှည်းမောင်းပြိုင်ပွဲ နေ့ညက ပြုလုပ်ခဲ့သော ညစာစားသောက်ပွဲ ပြီးသည့်



နောက်တွင် တုကူးချင်းချင်းထံသို့ ရောက်မလာတော့။ ဘာ အဆက်အသွယ်မျှလည်းမလုပ်။

ပျောက်ချက်သား ကောင်းနေသည်။

အကယ်၍ ကျောင်းဖန်းယောင် လာရောက် တွေ့ဆုံပြီး ချီဘန်းနယ်ချဲ့တို့၏ အန္တရာယ်များကို ပြောဆိုရှင်းပြပါက တုကူးချင်းချင်းမှာ တိုင်းချစ်ပြည်ချစ်စိတ် အခြေခံကောင်းသော သိုင်းကညာမျိုးတစ်ယောက် ဖြစ်သည့်အတိုင်း နယ်ချဲ့ဆန့်ကျင်ရေး တွန်းလှန်တိုက်ခိုက်မှုများတွင် လက်တွဲ ပါဝင်လာနိုင်ပေသည်။

ယခုမူ—

အလွန်ရှုပ်ထွေးနေသော အခြေအနေ အပြောင်းအလဲများစွာတို့တွင် ကောလာဟလ အမျိုးမျိုးကလည်း ပေါ်ထွက်နေလေရာ တုကူးချင်းချင်းအနေဖြင့် အခြေအနေမှန်ကို မသိမမြင်နိုင်ဘဲ သူမ၏ တိုင်းချစ် ပြည်ချစ်စိတ်တို့မှာလည်း မီးခဲပြာဖုံးဆိုသလို ဖြစ်နေသည်။

ကျောင်းဖန်းယောင်ကိုတော့ တမ်းတမိသည်။ ကျောင်းဖန်းယောင်နှင့် တွေ့ချင်သည်။ ထို့အပြင် ကျောင်းဖန်းယောင်အတွက်လည်း စိုးရိမ်ပူပန်၍ နေသည်။

ယန်ထယ်မိုကတော့ မကြာခဏဆိုသလို တုကူးချင်းချင်းထံ ရောက်လာသည်။ အကြောင်းရှာကာ ကျားဘုရင်ဂိုဏ်းအတွက် အကူအညီတောင်းသည်။ ဘာမျှမဟုတ်သောက်သည့် အသေးအဖွဲ့ကိစ္စလေးများ ဖြစ်ပေရာ တုကူး

ချင်းချင်းကလည်း အားနာပါးနာနှင့် လုပ်ဆောင်ပေးခဲ့သည်။

ယန်ထယ်မိုထံမှ ကျောင်းဖန်းယောင်အကြောင်း အစ်အောက် စုံစမ်းကြည့်သေးသည်။ ဘာမျှရေရေရာရာမသိရ။

မာအန်းနားနှင့် တွေ့ဆုံရလျှင် ကျောင်းဖန်းယောင်နှင့်ပတ်သက်သည့် သတင်းတစ်စွန်းတစ်စ သိရနိုင်ကောင်းသည်ဟု မျှော်လင့်သည်။

ထို့ကြောင့် ငါးပျံ မာအန်းနား ချိန်းဆိုထားရာနေရာသို့ တုကူးချင်းချင်း လာခဲ့သည်။

* * *

အကွေ့တစ်ထောင် နွံအိုင်သည် ယန်ဖူးမြို့လေး၏ အရှေ့တောင်ဘက် နှစ်မိုင်သာသာခန့်အကွာတွင် တည်ရှိသည်။

အတော်လည်း ထူးဆန်းပြီး အန္တရာယ်ထူပြောသောနေရာဖြစ်သည်။

ဧက(၅၀၀၀)နီးပါး ကျယ်ဝန်းကာ ရွှံ့နွံများဖုံးလွှမ်းနေသည်။ အချို့နေရာများတွင် ရေစပ်စပ်ရှိသည်။ ရွှံ့နွံများအောက်တွင် ကျောက်စွယ် ကျောက်စွန်းများနှင့် ကျောက်တုံးကျောက်ခဲများ ရှိတတ်သည်။



ရွှံ့နွံများသည် စေးပျစ်လှသည်။ ရွှံ့နွံထဲကျလျှင် ရုန်းထွက်ဖို့ အလွန်ခက်သည်။ အသားစားပုရွက်ဆိတ်အုံကျင်းများလည်းရှိရာ ထိုနေရာများတွင် ကျမိလျှင် တစ်ခဏအတွင်း အရိုးပဒေသာ ဖြစ်သွားနိုင်သည်။

လမ်းသိကာ အထာကောင်းကောင်း ကျွမ်းသူများမှလွဲ၍ မည်သူမျှ အကွေ့တစ်ထောင်နွံအိုင်ထဲ စွန့်စားသွားလာခြင်း မပြုဝံ့ကြ။ ထိုနေရာကို ကျွမ်းကျင်သူများပင်လျှင် တစ်ခါတစ်ရံ အတွက်အဆလွဲကာ အန္တရာယ်ကြုံရတတ်သည်။

ညသန်းခေါင်ယံအချိန်တွင် အကွေ့တစ်ထောင်နွံအိုင် အရှေ့ဘက် ကမ်းစပ်ရှိ သစ်ခြောက်ပင်ကြီးအောက်သို့ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ နှစ်ယောက် ပြိုင်တူလိုလိုပင် ရောက်ရှိလာကြသည်။

ကျောင်းဖန်းယောင်က အရှေ့ဘက် လမ်းကြောင်းမှ မြင်းစီးလာသည်။ သစ်ခြောက်ပင်ကြီးနှင့် ပေသုံးရာခန့်အကွာတွင် မြင်းပေါ်မှဆင်းကာ မြင်းကို ထားခဲ့လျက် ခြေကျင် ခပ်သုတ်သုတ် လျှောက်လာသည်။

တုကူးချင်းချင်းကမူ အနောက်ဘက်လမ်းမှ မြင်းတစ်ကောင်ဆွဲသော မြင်းလှည်းအသေးစားလေးနှင့်လာသည်။ သစ်ခြောက်ပင်နှင့် ပေနှစ်ရာခန့်အရောက်တွင် မြင်းလှည်းလေးကိုရပ်ကာ သစ်ခြောက်ပင်ဆီသို့ လမ်းလျှောက်လာသည်။

ကျောင်းဖန်းယောင်တွင် အဖော်မပါ။ တစ်ကိုယ်တည်း ဖြစ်သည်။

တုကူးချင်းချင်းတွင်တော့ အဖော်ပါသည်။ ရှေ့ရှေ့တော့ မိန်းကလေးတဦး ဦးခေါင်းကို မြင်းလှည်းမောင်းကာ ပို့ပေးသည်။ သစ်ခြောက်ပင်အောက်သို့တော့ တုကူးချင်းချင်းနှင့် အတူလိုက်မလာ။ မြင်းလှည်းပေါ်တွင် စောင့်ကျန်နေရစ်ခဲ့သည်။

သူတို့နှစ်ယောက်လုံးကို တစ်ချိန်တည်း တစ်နေရာတည်းတွင် မာအန်းနားက ချိန်းဆိုထားသည်ကို ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ မသိကြ။ မိမိတစ်ယောက်တည်းကိုသာ ချိန်းဆိုသည်ဟု ထင်နေခဲ့ကြသည်။

အရှေ့ဘက်မှလာသော ကျောင်းဖန်းယောင်နှင့် အနောက်ဘက်မှလာသော တုကူးချင်းချင်းတို့ ကြိုတင်စည်းဝါးကိုက်ထားသလို သစ်ခြောက်ပင်အောက်သို့ ပြိုင်တူလိုလို ရောက်ကာ တစ်ယောက်နှင့်တစ်ယောက် တွေ့ခဲ့ မျက်နှာချင်း ဆိုင်မိကြချိန်တွင် အံ့အားသင့်သွားကြသည်။

ရုတ်တရက် စကားပင်မဆိုနိုင်ကြ။ တစ်ယောက်ကို တစ်ယောက် ကြောင်အမ်းအမ်းနှင့် ကြည့်နေမိကြသည်။

တဒင်္ဂမျှ ငေးကြောင်နေကြပြီးနောက် သတိဝင်ကာ နှုတ်ဆက်ကြမည်အပြု....

"ဟော.... ကျောင်းဖန်းယောင်နဲ့ တုကူးချင်းချင်းတို့ ရောက်လာကြပြီကိုး"



စကားသံနှင့်အတူ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့အနီးတွင် ငါးပုံမာအန်းနား ပေါ်လာသည်။

ကျောင်းဖန်းယောင်တို့ နှစ်ယောက် မှာလည်း တစ်ယောက်ကို တစ်ယောက် နှုတ်မဆက်ဖြစ်ကြတော့ဘဲ မာအန်းနားကို လှည့်၍နှုတ်ဆက်လိုက်ကြသည်။

"ဟုတ်ကဲ့....ဒေါ်လေး"

"ဟုတ်ကဲ့၊ ကျွန်မတို့ ရောက်လာကြပါပြီ"

"အချိန်မှန်ရောက်လာကြတာ ကောင်းတယ်၊ မင်းတို့နှစ်ယောက်ကို အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာရှိတယ်၊ ငါနဲ့လိုက်ခဲ့ကြ"

မာအန်းနားကထိုသို့ပြောပြီး သစ်ခြောက်ပင်ခြေရင်းရှိ ချုံပုတ်တစ်ခုအောက်မှ ဖိနပ်လိုလို အရာသုံးစုံ ဆွဲထုတ်သည်။

ဖိနပ်လို့ ခြေသုံးစရာပါသည်။ ခြေဖမိုးနှင့်ခြေကျင်းဝတ်တို့တွင် ရစ်ပတ်ချည်နှောင်နိုင်သည့် ခါးပတ်ကွင်းများ ရှိသည်။ ဖိနပ်ခွာကတော့ အပြားအတော်ကို ကျယ်သည်။ ဖိနပ်အပေါ်ခုံသက် မျှားစွာကျယ်ပြန့်သည်။ သုံးဆမျှပင် ကြီးမားပေလိမ့်မည်။

"ဒါတွေက လျှောတိုက်ဖိနပ်လို့ခေါ်တယ်၊ လျှောတိုက်ဖိနပ်တွေစီးထားမှ အလိုက်သင့် လျှောထိုးပြီး သွားလို့ရတယ်၊ ဝတ်လိုက်ကြ"

မာအန်းနားက ရှင်းပြပြီး ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်း တို့အား လျှောတိုက်ဖိနပ် တစ်ရန်စီ ပေး

သည်။ သူကိုယ်တိုင်တစ်ရန်စတ်သည်။ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့လည်း မာအန်းနားဝတ်သည့်နည်းအတိုင်း ဝတ်လိုက်ကြသည်။

"ကျုပ်နောက်က လိုက်ခဲ့ကြပေတော့၊ ကျုပ်သွားတဲ့လမ်းကြောင်းအတိုင်း သေသေချာချာလျှောတိုက်ပြီး လိုက်လာကြဖို့ မမေ့နဲ့၊ လမ်းကြောင်းက ဘေးချော်တိမ်းသွားရင် ရွှံ့နွံတွေထဲ ပြုတ်ကျသွားလိမ့်မယ်၊ သတိထားကြ"

သုံးယောက်လုံး လျှောတိုက်ဖိနပ်များဝတ်ဆင်ပြီးသောအခါ မာအန်းနားက ပြောသည်။

* * *

မာအန်းနား ရှေ့ဆောင်လမ်းပြသည့်အတိုင်း ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ နှစ်ယောက် လိုက်ပါလာခဲ့ကြသည်။

အစပိုင်းတွင်တော့ လျှောတိုက်ဖိနပ် စီး၍ ရွှံ့နွံပေါ်တွင် လျှောခနဲလျှောခနဲ လျှောစီးသလိုထိုးကာ လိုက်ပါသွားရသည်ကို အထာမကျဘဲ နှေးသလိုလိုရှိနေသေးသည်။

သို့သော် သိုင်းပညာအဆင့်မြင့်သူတွေဖြစ်သည့်အတိုင်း တစ်ခဏအတွင်းမှာပင် သဘောကိုနားလည်ကာ ဟန်ချက်ကောင်းစွာ ထိန်းတတ်သွားသည်။ လျှောတိုက်ကာ လိုက်ပါသွားရသည်မှာ ဘာအခက်အခဲမျှမရှိတော့။



ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့သည် ယန်ဒီမြို့တွင် နေထိုင်ကြသော်လည်း အကွေ့တစ်ထောင်နွံအိုင်သို့ နှစ်ခေါက် သုံးခေါက်လောက်သာ ရောက်ဖူးကြသည်။ နွံအိုင်ကမ်းစပ်တစ်ဝိုက်သို့ ရောက်ဖူးပြီး ရွှံ့နွံများ၏ အစပ်လောက်ကိုသာ သိတွေ့ဖူးသည်။

နွံအိုင်အတွင်းဘက်သို့မူ တစ်ခါတစ်ခေါက်မျှ မရောက်ဖူးကြပေ။

ယခု ပထမဆုံးအကြိမ် ရောက်ဖူးကြလျက် သူတို့အတွက် ထူးခြားသော အတွေ့အကြုံလည်း ဖြစ်နေသည်၊

တစ်ယောက်နှင့် တစ်ယောက် တစ်လနီးပါး မတွေ့ကြရဘဲ ယခုမှပြန်ဆုံရသလိုမို့ စကားပြောဆိုဖို့ အခွင့်မသာသေးသော်လည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကြကာ ကြည်နူးရင်ဖို၍လည်း နေပေသေးသည်။

မာအန်းနား ပြသွားသည့် လမ်းကြောင်းမှ မတိမ်းမစောင်းအောင်တော့ ဂရုစိုက်ကြသည်။

လပြည့်ညမို့ ကောင်းကင်တွင် လပြည့်ဝန်းက ထိန်ထိန်သာနေသည်။ အကွေ့တစ်ထောင်နွံအိုင်တစ်ခုလုံးသည် အေးမြသော လရောင်ကြောင့် လင်း၍နေသည်။

ဟိုကွေ့ သည်ပတ်နှင့် အချိန်အနည်းငယ်ကြာအောင် ရွှံ့နွံပြင်ပေါ် လျှောတိုက်ကာ သွားကြပြီးနောက် ကိုင်းပင် အစုလေးတစ်ခုအနားတွင် မာအန်းနားက ရပ်သည်။

"ဒီနေရာမှာ မြေမာလေးရှိတယ်၊ လာ....တက်ကြရအောင်"

ပြောပြောဆိုဆို ကိုင်းပင်စုံလေးအကြား တိုးဝင်ကာ သွားသည်။ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ နှစ်ယောက်လည်း နောက်မှ လိုက်ပါသွားသည်။ မြေမာကို နင်းမိကြသည်။

လျှောတိုက်ဖိနပ်များစီးထားရာ မြေမာပေါ် ရောက်တော့ လျှောက်လှမ်းရတာက အနည်းငယ် အဆင်မချော ချင်သလို ဖြစ်သည်။ တုကူးချင်းချင်းကို ကျောင်းဖန်း ယောင်က လက်ကမ်းပေးရာ တုကူးချင်းချင်းက အလိုက် သင့် လှမ်းကိုင်ယူသည်။

တုကူးချင်းချင်း ယိမ်းယိုင် လဲကျမသွားရန် ဖေးမတွဲ ခေါ်သည့် သဘောဖြစ်သော်လည်း တုကူးချင်းချင်းမှာ လမ်းလျှောက်ရတာ အနည်းငယ် အဆင်မပြေသည်မှလွဲ၍ ယိမ်းယိုင်မည့် အခြေအနေ မရှိသည့်အတွက် သူတို့နှစ် ယောက် လက်ချင်းတွဲကာ သွားကြသည့်အနေအထား ဖြစ် သွားသည်။

ကိုင်းပင်စုလေး၏ အလယ်တွင် ပေငါးဆယ်ပတ်လည် ခန့် မြေကွက်လပ်လေးလို ဖြစ်နေသည့်နေရာရှိသည်။

ထိုနေရာတွင် မာအန်းနားက ထိုင်လိုက်ရာ ကျောင်း ဖန်းယောင်နှင့် တုကူးချင်းချင်းတို့လည်း အသာထိုင်လိုက် ကြသည်။

"မင်းတို့နှစ်ယောက်လုံးရဲ့ ဘိုးဘွားတွေဟာ အရှေ့ ပင်လယ်ကနေပဲ"



ထိုင်ချမိကြသည်နှင့် မာအန်းနားက စကားစသည်။ ကျောင်းဖန်းယောင်တို့ နှစ်ယောက်လည်း ဖြိုင်တူပင် ခေါင်းညိတ်လိုက်ကြသည်။

"မင်းတို့ကကော ဘာကြောင့် အရှေ့ပင်လယ်နဲ့ မိုင် ပေါင်းများစွာကွာဝေးတဲ့ မြောက်ပိုင်းနယ်ခြားဒေသကို ရောက်နေကြတာလဲ"

"ကျွန်မတို့ရဲ့ ဘိုးဘွားတွေ ဒီနေရာကိုရောက်လာပြီး အခြေချနေထိုင်ခဲ့ကြလို့ ကျွန်မလဲ ဒီမှာမွေး ဒီမှာကြီးပြင်း ခဲ့ရတာပါ"

တုကူးချင်းချင်းက ပြန်ဖြေသည်။

"ကျွန်တော်ကတော့ သယ်ယူပို့ဆောင်ရေး အဖွဲ့မှာ စင်လုပ်ရင်း ဒီမြို့ဈေးကို ရောက်လာခဲ့ရတာဆိုပါတော့"

ကျောင်းဖန်းယောင်က ပြောသည်။

"မင်းရဲ့ ဘိုးဘွားတွေ ဘာကြောင့် ဒီမှာ လာအခြေချ နေထိုင်ကြသလဲဆိုတာကိုကော မင်းသိသလား"

"ဒီဒေသမှာ အဆင့်မြင့်သိုင်းပညာတွေ လေ့ကျင့်နိုင် တဲ့ စခန်းကျင်းရှိတာကြောင့် ပြောင်းရွှေ့နေထိုင်ကြတယ်လို့ ပြောသံကြားဖူးတာပဲ"

မာအန်းနား၏ အမေးကို တုကူးချင်းချင်းက ပြန်ဖြေ သည်။

"မင်းကကော သာမန်ရိုးရိုး အလုပ်ကိစ္စ အပြောင်း အရွှေ့ကြောင့် ရောက်လာတာလား၊ ဒီကိုလာရေ

အကြောင်း တစ်ခုခုရှိလို့ အလုပ် အပြောင်းအရွှေ့ဖြစ်အောင် လုပ်ယူတာလား''

''ကျွန်တော့်မိဘတွေ မကွယ်လွန်ကြမီက ဒီမြို့လေးကို သွားကြဖို့ ကြံစည်ခဲ့ကြဖူးပါတယ်၊ ဒါပေမယ့် အဆင်မပြေလို့ မသွားနိုင်ခဲ့ကြဘူး၊ ကျွန်တော့်ကိုတော့ အကြောင်းတိုက်ဆိုင် အဆင်ပြေရင် အရောက်သွားဖို့ မှာခဲ့ဖူးပါတယ်....

''ဝေးလံတဲ့နေရာကို သွားနိုင်ဖို့ အဆင်ပြေဆုံးက သယ်ယူပို့ဆောင်ရေးအဖွဲ့မှာ ဝင်လုပ်ဖို့ရှိတာမို့ ကျွန်တော်ဟာ ယန်ဖူးမြို့လေးနဲ့ အသွားအလာ အလုပ်အကိုင်ရှိတဲ့ သယ်ယူပို့ဆောင်ရေးအဖွဲ့ကို စုံစမ်းရှာဖွေရာမှာ မြင်းသုံးကောင် သယ်ယူပို့ဆောင်ရေးအဖွဲ့ကိုတွေ့ပြီး အလုပ်ဝင်လုပ်နိုင်ခဲ့ပါတယ်....

''ကျွန်တော့်အတွက် ကံကြမ္မာက မျက်နှာသာပေးနေလားတော့မသိဘူး အလုပ်ဝင်လုပ်ပြီး မကြာမီမှာ ယန်ဖူးမြို့လေးက စခန်းခွဲ ဒုတိယတာဝန်ခံ နာမကျန်း ဖြစ်ပြီး အလုပ်က ထွက်သွားတဲ့အခါ အစားဝင်မယ့်လူ ရှာကြရာမှာ ကျွန်တော်က သွားလုပ်မယ်လို့ ဆန္ဒပြုလိုက်တယ်၊ ဒီလိုနဲ့ကျွန်တော် ဒီကို ရောက်လာခဲ့တာပါ''

ကျောင်းဖန်းယောင် ရှင်းပြသည်။

''အရိုဗိမဲ့မှော်သိုင်းဆိုတာ ကြားဖူးကြသလား''

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းပင် ခေါင်းညိတ်ပြလိုက်ကြသည်။



''တုကူးချင်းချင်းရဲ့ ဘိုးဘွားတွေ ဒီမှာလာအခြေချကြတာဟာ အရိုပ်မဲ့မှော်သိုင်းကျမ်းကို ရှာဖွေချင်ကြလို့ပဲ၊ ကျောင်းဖန်ယောင်ကို မိဘတွေက ဒီနေရာအရောက်သွားဖို့ ကြိုးစားခိုင်းတာကလဲ အရိပ်မဲ့မှော်သိုင်းကျမ်းနဲ့ ထိတွေ့နိုင်မယ့် အခွင့်အလမ်းရဖို့ပဲ''

''အရိပ်မဲ့မှော်သိုင်းဆိုတာ ဒဏ္ဍာရီ ယုံတမ်းစကားမဟုတ်ဘူးလား''

ကျောင်းဖန်းယောင်က မေးသည်။

''မဟုတ်ဘူး''

မာအန်းနားက ဖြေသည်။

''ဒါဆို အရိပ်မဲ့မှော်သိုင်းက တကယ်ရှိတာပေါ့''

တုကူးချင်းချင်းက စူးစမ်းပြန်သည်။

''ရှိတယ်''

မာအန်းနားက ခပ်ပြတ်ပြတ်ဖြေသည်။

ထို့နောက် ဆက်လက်၍....

''ကျုပ်ရဲ့ ဘိုးဘွားတွေဟာလဲ အရှေ့ပင်လယ် သိုင်းမျိုးဆက်တွေပဲ၊ ဒီဒေသမှာ အရိပ်မဲ့မှော်သိုင်းကျမ်းရှိနေတယ်ဆိုတဲ့ သတင်းအစရလို့ အရောက်လာ အခြေချပြီး လိုက်စုံစမ်းရှာဖွေတယ်၊ ဆွေစဉ်မျိုးဆက် ကြိုးစားပြီး ရှာဖွေခဲ့တာ နောက်ဆုံး ကျုပ်တို့ဇနီးမောင်နှံ လက်ထက်မှာ ရှာတွေ့ခဲ့တယ်''

*   *   *

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မာအန်းနားက ဆက်ပြောသည်။

"အရိပ်မဲ့ မှော်သိုင်းကို ဖော်ထုတ်လေ့ကျင့်နိုင်ဖို့ လိုအပ်ချက် သုံးခုရှိတယ်၊ ကျုပ်တို့ ကြိုးကြာဂိုဏ်းရဲ့လက်ထဲမှာ တစ်ခုတည်းပဲရှိနေတာမို့ သိုင်းကျမ်းရှိတဲ့နေရာကို သိပေမယ့် မလေ့ကျင့်နိုင်ဘဲ ဖြစ်နေတယ်၊ ကျန်လိုအပ်ချက်နှစ်ခုကို ရှာဖွေရယူဖို့ ကြံနေတုန်းမှာပဲ ကြိုးကြာဂိုဏ်းဟာ ကျားဘုရင်ဂိုဏ်းရဲ့ ရက်ရက်စက်စက် ချေမှုန်းတိုက်ခိုက်ခြင်းကို ခံခဲ့ရတယ်၊ အားလုံးနီးပါး သေကြေပျက်စီးကုန်ပြီး ကျုပ်တစ်ယောက်ပဲ အသက်ရှင်ကျန်နေခဲ့တယ်၊ ငါ့မှာ အန္တရာယ်တွေကလဲ ဝိုင်းနေတာမို့ အရိပ်မဲ့မှော်သိုင်းကို အောင်မြင်အောင် လေ့ကျင့်နိုင်မယ့် အလားအလာ မရှိတော့ဘူး၊ ဒါ့ကြောင့် အရိပ်မဲ့မှော်သိုင်းနဲ့ ပတ်သက်ပြီး ငါသိထားသမျှ ရှိထားသမျှ မင်းတို့နှစ်ယောက်ကို လွှဲအပ်ပေးလိုက်တော့မယ်"

ဤစကားများကို ကြားရသောအခါ ကျောင်းဖန်းယောင်နှင့်တုကူးချင်းချင်းတို့မှာ အံ့လည်းအံ့သြ၊ ဝမ်းလည်းသာကြသည်။ ဘယ်လို ပြန်ပြောရမည်ကိုပင် မသိသောကြောင့် နှစ်ယောက်လုံး နှုတ်ဆိတ်နေကြသည်။

"မင်းတို့အနေနဲ့ ကတိနှစ်ခုတော့ ပေးရမယ်"

မာအန်းနားက ဆက်ပြောပြန်သည်။

"ဘာကတိတွေလဲဟင်"



တုကူးချင်းချင်းက မေးသည်။

"ပထမကတိကတော့ မင်းတို့နှစ်ယောက် လက်ထပ်ထိမ်းမြားကြမယ်ဆိုတဲ့ ကတိပဲ"

"အို..."

တုကူးချင်းချင်း ရှက်စနိုးရေရွတ်မိသည်။ မျက်နှာနီရဲကာ ခေါင်းငုံ့သွားသည်။

ကျောင်းဖန်းယောင်မှာလည်း မျက်နှာထူပူ ရှိန်းသွားသည်။ ဘယ်လိုနေရမည်ကိုပင် မသိတော့။

"ဘယ်လိုလဲ၊ ကတိပေးနိုင်လား"

"ကျွန်တော်ကတော့....ဟိုလေ....အဲ"

ကျောင်းဖန်းယောင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။ သူသည် တုကူးချင်းချင်းအပေါ် ချစ်မြတ်နိုးနေရာ လက်ထပ် ထိမ်းမြားရေးအတွက် ကတိမပေးနိုင်စရာ အကြောင်းမရှိ။ ဝမ်းမြောက်ဝမ်းသာပင်ကတိပေးနိုင်သည်။

တုကူးချင်းချင်းဘက်က သဘောထား ဘယ်လိုရှိမှန်း မသိသောကြောင့် အပြောရ ခက်နေသည်။ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

လူငယ်နှစ်ယောက်၏ရင်ထဲတွင် ဘယ်လိုခံစားမှုမျိုးတွေ ရှိနေကြသည်ကို မာအန်းနား အနေဖြင့် အစောကြီးကတည်းက အကဲခတ်မိပြီး ဖြစ်သည်။

ထို့ကြောင့် အဆင်ပြေသွားအောင် စကားလမ်းကြောင်းခင်း ပြောဆိုမှုများကို နှုတ်သွက်အာသွက် လုပ်လေတော့သည်။

"ကျောင်းဖန်းယောင်.... မင်းက တုကူးချင်းချင်းတို့ လက်ထပ်ချင်တယ် မဟုတ်လား"

မာအန်းနားက မေးလိုက်ရာ ကျောင်းဖန်ယောင်လည်း ကမန်းကတန်းပင် ခေါင်းညိတ်လိုက်သည်။

"ခေါင်းချည်း ညိတ်မနေနဲ့၊ ပါးစပ်ကလဲ ပြော"

"ဟုတ်....ရှာတ်"

အထစ်ထစ် အငေါ့ငေါ့နှင့် ဗလုံးဗထွေး ဖြစ်နေသော်လည်း သူ့စိတ်ထဲတွင်ရှိနေသည်ကို ထုတ်ဖော်ပြောလိုက်မှုတော့ ပီပြင်သွားသည်။

ရှက်ကြောက်စိတ် လှုပ်ရှားနေသည့်ကြားမှ တုကူးချင်းချင်း ကြည်နူးချမ်းမြေ့မှုလေး ခံစားရသည်။

"ကျောင်းဖန်းယောင်က လက်ထပ်ချင်နေတာကို တုကူးချင်းချင်းကလဲ လက်ခံသဘောတူတယ် မဟုတ်လား"

မာအန်းနားက တုကူးချင်းချင်းကို မေးသည်။

တုကူးချင်းချင်း ဘာမျှပြန်မပြော။ ခေါင်းလည်း ပိုငုံ့သွားသည်။

"တိတ်တိတ်နေတယ်ဆိုတော့ သဘောတူတဲ့ သဘောပေါ့၊ ဒါကြောင့် ကျုပ်လိုချင်တဲ့ ပထမကတိကို မင်းတို့



နှစ်ယောက်လုံး လက်ခံ ကတိပေးလိုက်ပြီလို့ ကျုပ်သတ်မှတ်လိုက်ပြီ၊ ကဲ...အခု ဒုတိယကတိကို ပြောမယ်"

မာအန်းနားက ကျောင်းဖန်းယောင်ကို တစ်ချက် စူးစမ်းကြည့်သည်။

"ဟုတ်ကဲ့၊ ပြောပါ ဒေါ်လေး"

ကျောင်းဖန်းယောင်က တပျာကယာ စကားထောက်ပေးသည်။

"ကြိုးကြာဂိုဏ်းကို ပြန်လည်ထူထောင် ပေးပါ့မယ်ဆိုတဲ့ ကတိပဲ"

"ကျွန်တော် ကတိပေးပါတယ်"

"မင်းကကော....တုကူးချင်းချင်း"

"ဟုတ်ကဲ့၊ ကျွန်မလဲ ကတိပေးပါတယ်"

တုကူးချင်းချင်းက ခပ်တိုးတိုးပြောသည်။ငုံ့ထားသော ခေါင်းလည်း ပြန်မော့လာသည်။

"ကြိုးကြာဂိုဏ်းက ပျက်စီးပျောက်ကွယ်သွားပြီ၊ ကြိုးကြာဂိုဏ်းရဲ့ မျိုးဆက်ဆိုလို့ ကျုပ် တစ်ယောက်တည်းပဲ ကျန်တော့တာ၊ ကျုပ်လဲ ကြာကြာနေနိုင်တော့မှာ မဟုတ်ဘူး၊ ဒီတော့ မင်းတို့နှစ်ယောက်အနေနဲ့ ကြိုးကြာဂိုဏ်းကို ပြန်လည်ထူထောင် ဦးဆောင်နိုင်မယ့်လူကို ရှာဖွေပြီး အဘက်ဘက်က ကူညီပေးကြရလိမ့်မယ်၊ မင်းတို့လုပ်နိုင်ကြပါတယ်နော်"

"စိတ်ချပါ ဒေါ်လေး"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လုပ်နိုင်ပါတယ်၊ စိတ်ချစေတနာအပြည့်ထားပြီး စွမ်းစွမ်းတမံ လုပ်ဆောင်ပေးပါ့မယ်"

တုက္ကူးချင်းချင်းနှင့် ကျောင်းဖန်းယောင်တို့နှစ်ယောက်ပြိုင်တူလိုလိုဖင် ပြန်ဖြေကြသည်။

"ဒီစကားကြားရတာ ကျုပ် စိတ်အေးသွားပြီ၊ အခုအရိုပ်မဲ့မှော်သိုင်းကို ဖော်ထုတ်လေ့ကျင့်နိုင်ဖို့အတွက် လိုအပ်တဲ့ လိုအပ်ချက် သုံးခုရှိတယ်၊ အဲဒီ လိုအပ်ချက်တွေကတော့...."

★

## အခန်း (၇)

အရိပ်မဲ့မှော်သိုင်းကို ဖော်ထုတ် လေ့ကျင့်နိုင်ရန် လိုအပ်ချက် (၃)ခုရှိသည်။

ယင်းတို့မှာ ကျွန်းနက်စံအိမ်မိသားစု၏ မဟူရာထမာခွ၊ ဝင်လယ်ဂေဟာ၏ ငါးမျက်လုံးပုလဲနှင့် ကြိုးကြာဖြူဂမုန်း ဉတို့ ဖြစ်ကြသည်။

အရိပ်မဲ့မှော်သိုင်းကျမ်းကို ကြွေကျောက်သား၊သလင်းကျောက်သားနှင့် သဲကျောက်သားတို့ပေါ်တွင် ရေးသားထားသည်။ ရေးထားသည်များကို သည်အတိုင်းဖတ်လျှင်ထင်ထင်ရှားရှား ပြည့်ပြည့်စုံစုံ မမြင်နိုင်။

မှိန်သည့်နေရာက မှိန်၊ ပျောက်သည့်နေရာက ပျောက်ဖြစ်နေသည်။

ကြွေကျောက်သားပေါ်တွင် မဟူရာကမာခွ၊ သလင်းကျောက်သားပေါ်တွင် ငါးမျက်လုံးပုလဲ၊ သဲကျောက်သား

ပေါ်တွင် ကြိုးကြာဖြူဂမုန်းဥတို့နှင့် ပွတ်တိုက်မှသာ ရေးသားထားသည်များ ထင်ထင်ရှားရှား ရှင်းရှင်းလင်းလင်း ပေါ်လာသည်။

ပေါ်လာသည်ကလည်းအကြာကြီးမဟုတ်။ နာရီအနည်းငယ်သာ ဖြစ်သည်။ ပေါ်လွင်နေသည့် အချိန်အတွင်း အရအမိ ဖတ်ရှုမှတ်သားရသည်။ ပြီးမှ လေ့ကျင့်ရသည်။

အရိုပ်မဲ့ မှော်သိုင်းကျမ်းရှိသည့် နေရာသို့ သွားလျှင် အသက်အောင့် အတွင်းအားစုစည်းမှု နည်းလမ်းကို တတ်မြောက်ရန်တော့ လိုအပ်သည်။ အသက်အောင့် အတွင်းအားစုစည်းမှု နည်းလမ်းဆိုသည်မှာ အဆင့်မြင့် ရေငုပ်အတတ်ပညာတစ်မျိုးဖြစ်ကာ အရှေ့ပင်လယ်ဒေသမှ သိုင်းသမားတိုင်းလိုလို တတ်ကျွမ်းကြသည်။

အရှေ့ပင်လယ်ဒေသမှ သိုင်းသမားတစ်ယောက် ဖြစ်သော ကျောင်းဖန်းယောင်သည် အသက်အောင့် အတွင်းအား စုစည်းမှုနည်းလမ်းကို ကောင်းစွာ ကျွမ်းကျင်သည်။

တုကူးချင်းချင်းမှာလည်း ယန်ဖူးမြို့လေးတွင် မွေးဖွားကြီးပြင်းသူ ဖြစ်သော်လည်း မိဘဘိုးဘွားမျိုးရိုးက အရှေ့ပင်လယ်ဒေသ ဇာတိများ ဖြစ်ကြသည့်အတွက် မျိုးဆက်သိုင်းပညာ သင်ကြားမှုအနေဖြင့် အသက်အောင့် အတွင်းအား စုစည်းမှုနည်းလမ်းကို သင်ကြား တတ်မြောက်ထားသည်။

ကျောင်းဖန်းယောင် လောက်တော့ ကျွမ်းကျင်မှု မရှိ။ အရိပ်မဲ့မှော်သိုင်းသည် မည်သို့သော သိုင်းပညာမျိုး



ဖြစ်သည်ဆိုခြင်းကိုတော့ ငါးပျံမာအန်းနားက သေသေချာချာ မပြောနိုင်။ ပေါ်ပါးသွက်လက်မှုကို အခြေခံကာ သိုင်းဟန်အပြောင်းအလဲများသည် အဆင့်မြင့်အစွမ်းထက်သိုင်းပညာဟူသာ အကြမ်းဖျင်း ပြောပြနိုင်သည်။

"မနက်ဖြန်ကျရင် အရိပ်မဲ့ မှော်သိုင်းရှိတဲ့ နေရာကို သွားကြမယ်၊ မနက်ဖြန်ညသန်းခေါင် ပြန်ဆုံကြတာပေါ့၊ ငါးမျက်လုံးပုလဲနဲ့မဟူရာကမာခွံ တို့ကို ယူလာခဲ့ကြ၊ ကျုပ်ဆီမှာ ရှိနေတဲ့ ကြိုးကြာဖြူ ဂမုန်းဥကိုလဲ မင်းတို့နှစ်ယောက်လက် အပ်မယ်"

အရိပ်မဲ့မှော်သိုင်း ဖော်ထုတ် လေ့ကျင့်နိုင်ရေးနှင့် ပတ်သက်၍ မိမိသိရှိထားသည်များတို ရှင်းပြပြီးနောက် ငါးပျံမာအန်းနားက ပြောသည်။

"ဟုတ်ကဲ့....ဒေါ်လေး"

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်ပြိုင်တူ အဖြေပေးကြသည်။

မနက်ဖြန်ညတွင် ပြန်လည်ဆုံတွေ့ရန် အစီအစဉ်များ ပြောဆိုတိုင်ပင်ကြပြီးနောက် အတွေ့တစ်ထောင် နွံအိုင်ထဲမှ သူတို့သုံးယောက် လာခဲ့ရာလမ်းကြောင်းအတိုင်း ပြန်ထွက်လာခဲ့ကြသည်။

ကမ်းစပ်ရှိ သစ်ခြောက်ပင်ကြီး အောက်တွင် လူစုခွဲကြသည်။

* * *

တုကူးချင်းချင်း၏လှုပ်ရှားမျှားမှုကို လို့ရမည်ရသတော့မျိုး စောင့်ကြည့်ရန် လူယုံတော်ဂိုဏ်းသားတစ်ယောက်ကို ယန်ထယ်မိုက ပင်လယ်ဂေဟာအနားတွင် နေရာချထားခဲ့သည်။

မာအန်းနားနှင့်ချိန်းဆိုထားရာသို့ တုကူးချင်းချင်းထွက်လာသောအခါ ယန်ထယ်မို၏ သူလျှိုလည်း နောက်မှနောက်ယောင်ခံ လိုက်လာခဲ့သေး၏။

သို့ရာတွင်....

လို့ရမည်ရသတော့မျိုးသာ စောင့်ကြည့်ဖို့ နေရာချထားသည့်အတွက် ထိုသူလျှို၏မြင်းမှာ သာမန်မြင်းတစ်ကောင်သာ ဖြစ်နေသည်။ တုကူးချင်းချင်းစီးသော မြင်းလှည်း၏ လှည်းဆွဲမြင်းကတော့ ပင်လယ်ဂေဟာရှိ အကောင်းဆုံးမြင်းတစ်ကောင်မို့ ဘယ်လိုမှမီအောင်မလိုက်နိုင်။

အချိန်အနည်းငယ်သာလိုက်နိုင်ပြီး မျက်ခြည်ပြတ်သွားသည်။

ယန်ထယ်မို၏သူလျှိုအနေဖြင့် တုကူးချင်းချင်း ယန်ဖူးမြို့လေး၏ အရှေ့တောင်ဘက်သို့ ရှေးရှုသွားသည်ဆိုခြင်းလောက်သာခန့်မှန်းနိုင်ခဲ့သည်။ ဘယ်နေရာကိုသွားကြောင်းကိုတော့ ရေရေရာရာမသိ။

သည့်လို မျက်ခြည်ပြတ်သွားကြောင်း ယန်ထယ်မိုကို အသိပေးလျှင် အပြစ်ဒဏ် အကြီးအကျယ်အချခံရသည်မှာ သေချာသည်မို့ ထိုသူလျှိုသည်ဤအကြောင်းကို ယန်ထယ်မိုထံ မတင်ပြတော့ဘဲ ချန်လှပ်ကွယ်ဝှက်ထားလိုက်သည်။



ကျောင်းဖန်းယောင်ကို စောင့်ကြည့်နေသော ဖင့်ကူနက်ယောက်စွမ်းကိုကတော့ အကွေ့တစ်ထောင်နွံအိုင်သို့ ကျောင်းဖန်းယောင်သွားသည်ကို သိအောင်ပင် နောက်ယောင်ခံလိုက်လာနိုင်ခဲ့သည်။

နောက်ယောင်ခံလိုက်မှုတွင် အလွန် ကျွမ်းကျင်သူဖြစ်သည့်အတိုင်း မိမိနောက်ယောင်ခံလိုက်သည်ကိုမရိပ်မိစေဘဲ မျက်ခြည်လည်းပြတ်မသွားအောင် အတော်လှမ်းလှမ်းမှ ခွာ၍လိုက်လာခဲ့ရာ သစ်ခြောက်ပင်အောက်တွင် ကျောင်းဖန်းယောင်သည် လူနှစ်ယောက်နှင့်တွေ့ဆုံကာ နွံအိုင်ထဲသို့ ဝင်ရောက်သွားကြောင်းလောက်တော့သာ သိခဲ့သည်။

ကျောင်းဖန်းယောင်နှင့် ဆုံတွေ့သူနှစ်ယောက် မည်သူမည်ဝါဆိုသည်ကိုတော့မသိ။ ယောက်ျား မိန်းမပင်မခွဲခြားနိုင်ခဲ့ပေ။

နောက်ယောင်ခံမှု ကျွမ်းကျင်သလို ဇွဲကောင်းကောင်းနှင့် စောင့်ဆိုင်းမှုကိုလည်း မညည်းညူတမ်းလုပ်တတ်သည့် ယောက်စွမ်းကိုသည် သစ်ခြောက်ပင်ကြီးနှင့်မလှမ်းမကမ်းရှိ သစ်ပင်ချုံနွယ်များကြားတွင် ပုန်းအောင်းကာ ကျောင်းဖန်းယောင်ပြန်အလာကို စောင့်နေသည်။

သည်နေရာသို့ ကျောင်းဖန်းယောင်ပြန်လာမလာတော့ ယတိပြတ်သေချာစွာမပြောနိုင်ပါ။ သူမ၏ နောက်ယောင်ခံလိုက်မှု၊ စောင့်ကြည့်ခဲ့မှု အတွေ့အကြုံများအရ ပြန်လာရန် ဆယ်ပုံတွင် ခြောက်ပုံနှုန်း အခွင့်အရေးရှိသည်ဟုတွက်ကာ ကံစမ်းသတော့မျိုးဖြင့် စောင့်ကြည့်ခြင်းဖြစ်သည်။

ယောက်စွမ်းကို ကံကောင်းသည်ဟုဆိုရမည်။

အချိန် အတော်ကြီးကြာအောင် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေခဲ့ရာ ကျောင်းဖန်းယောင်တို့ အကွေ့တစ်ထောင်နွံအိုင်ထဲမှ ပြန်တက်လာသည်ကို တွေ့ကြရသည်။

သည့်အခါတွင်မလှမ်းမကမ်းမှငြိမ်သက်စွာပုန်းအောင်း စောင့်ကြည့်နေသည်မို့ ကျောင်းဖန်းယောင်နှင့်အတူ ပါလာကြသူတို့မှာ တုကူးချင်းချင်းနှင့် ငါးပျံမာအန်းနားတို့ ဖြစ်ကြောင်းသိလိုက်ရသည်။

ယောက်စွမ်းကိုသည်မာအန်းနားအပေါ် အငြိုးအတေး သဘောပင်ရှိနေသည်။ မာအန်းနားကို လှမ်းမြင်သည်နှင့် အတင်း ဝင်ဖမ်းချင်သည့်စိတ်များ ပေါ်လာသည်။ မာအန်းနားကို ချိဘန်းသိုင်းသမားများက ရှာဖွေစုံစမ်းနေကြကြောင်းသတင်းကို သူသိထားသည်။

မာအန်းနားကိုအမိဖမ်းကာ ချိဘန်းသိုင်းသမားများ လက်သို့အပ်လိုက်လျှင် သူမအဖို့ ဆုကြေးလည်း တောင်းကောင်းရ၊ သူမအပေါ် ကြော်သွားသလိုလို လုပ်သွားသူ တစီယောက်ကိုလည်း ထိထိရောက်ရောက် အကြောင်းပြရာလည်း ရောက်ပေမည်။

သို့သော်....

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်လည်းရှိနေရာ ယောက်စွမ်းကိုမှာ စိတ်ရှားတိုင်းကိုယ်မပါနိုင်။ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့၏ သိုင်းပညာက သူမထက် များစွာသာလွန်ပေရာ စိတ်လိုက်မာန်



ပါထွက်၍ လှုပ်ရှားလျှင် ဘာမျှအကျိုးမရှိ။ မိမိချောင်းမြောင်းကြည့်ရှုနေမှုကိုပင် ကျောင်းဖန်းယောင်တို့ သိသွားကြလျှင် အကျိုးမဲ့မှုတွေသာရှိမည်ကို ယောက်စွမ်းကို သိနားလည်သည်။

ထို့ကြောင့် စိတ်ကိုထိန်းကာ အသာငြိမ်၍ ပုန်းနေရသည်။

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ ထွက်သွားကြပြီးမှ အခွင့်ကောင်းပေါ်လာလျှင် မာအန်းနားအား အရအမိ ဝင်ဖမ်းမည်ဟုတော့ တွေးထားသည်။

ထိုသုံးယောက်သည် ချက်ချင်းပင်လူစုခွဲကြသည်။

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့က သူတို့လာရာလမ်းအတိုင်း လျင်မြန်စွာ ပြန်ထွက်ခွာသည်။

ငါးပျံမာအန်းနားကမူ အကွေ့တစ်ထောင်နွံအိုင်ထဲသို့ ပြန်လျှောတိုက်ဝင်သွားရာ ပင့်ကူနက် ယောက်စွမ်းကိုတစ်ယောက် မချင့်မရဲဖြစ်ကာ ကျန်နေခဲ့လေတော့သည်။

* * *

နောက်တစ်နေ့ညတွင် ကျောင်းဖန်းယောင်၊ မာအန်းနားနှင့်တုကူးချင်းချင်းတို့ ပြန်ဆုံကြသည်။

အကွေ့တစ်ထောင် နွံအိုင်၏ ကမ်းစပ်ရှိသစ်ခြောက်ပင်ကြီးအောက်တွင်မဟုတ်တော့။

ငါးပုံမှာအန်းနား လမ်းပြခေါ်ယူသွားခဲ့သော နံ့အိုင်ထဲရှိ မြေမာနေရာလေးပေါ်တွင်ဖြစ်သည်။

အမြဲဆုံး ရောက်လာ သူက ကျောင်းဖန်းယောင်၊ သန်းခေါင်ယံ မတိုင်မီကပင် ရောက်လာနှင့်သည်။

ယောက်ျားပျိုများ၏ ထုံးစံ ချစ်ရသူ မိန်းကလေးနှင့် ဆုံစည်းရမည့် နေရာသို့ ကြိုကြို တင်တင် ရောက်လာနှင့်သည်။

ငါးပုံမှာအန်းနားကတော့ အချိန်မှန်သည်။ ညသန်းခေါင်ယံ၏ အထိမ်းအမှတ် ခုနစ်ဝင်ကြယ်ပြောင် အမြီးထောင်သည်နှင့် ရောက်လာသည်။

တုကူးချင်းချင်းကတော့ နောက်ကျသည်။ သန်းခေါင်ယံအလွန် အချိန်အနည်းငယ် အကြာတွင်မှ မြေမာနေရာလေးပေါ်သို့တက်လာသည်။

ချစ်သူ ယောက်ျားပျိုနှင့် ဆုံတွေ့ရန် အတွက် အချိန်နောက်ကျမှ ရောက်လာတတ်သော မိန်းမပျိုလေးများ၏ သဘာဝကို နားလည်ထားသည့် မာအန်းနားက တုကူးချင်းချင်းကို ဘာမျှမပြော။

ကျောင်းဖန်းယောင်ကတော့ သည်နေရာသို့ရောက်လာကတည်းက တမျှော်မျှော်ရှိနေရာ တုကူးချင်းချင်း ရောက်လာတော့ အရမ်းကို ဝမ်းသာသွားသည်။

"ဟော....ချင်းချင်း ရောက်လာပြီ"

ဝမ်းသာအားရပင် ရေရွတ်ကြုံဆိုသည်။

"ကျွန်မ နည်းနည်းနောက်ကျသွားတယ်"



တုကူးချင်းချင်းက မျက်လုံးဝင့်ကာ တစ်ချက် ကြည့်ပြီး ခပ်တိုးတိုးပြောသည်။

"ကိစ္စမရှိပါဘူး....ရတယ်....ရတယ်"

"ကိုင်း....သွားကြရအောင်"

မာအန်းနားက ပြောပြီး အသာ လျှောက်လှမ်း ထွက်သွားရာ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့သည် နောက်မှ လိုက်ပါသွားကြသည်။ ချစ်သူနှစ်ယောက် လက်ချင်းတွဲမိကြသည်။

ကျောင်းဖန်းယောင်က လက်လှမ်း လိုက်လေသလား၊ တုကူးချင်းချင်းကပင် လက်ကမ်း လိုက်လေသည်လားကာယကံရှင်များကိုယ်တိုင်ပင် မသိကြ။ နှစ်ယောက်သားတစ်ယောက်ဆက် တစ်ယောက်ကိုင်ကာ တွဲ၍သွားကြသည်ကတော့အမှန်။

မြေမာနေရာလေး၏ တစ်ဖက် အစွန်းနားသို့ ရောက်သွားကြသည်။ ထိုအစွန်းပိုင်းနား ရွံ့နွံအစပ်တွင် လှေငယ်လေးတစ်စီးရှိနေသည်။

လူသုံးယောက်စီးသာရုံလှေငယ်ကလေးဖြစ်ပြီး လှေဝမ်းကျယ်ကျယ်ပြားပြားနှင့် ရွက်တိုင် တစ်ခုပါသည်။ လှေကိုသားရေအပါးစားနှင့် လုပ်ထား၍ အဆီထုတ်ထားသော ထင်းရှူးသားတို့ဖြင့် ကန့်ထားသည်။

ရွက်ကတော့ ပိုးသားဖြင့် ပြုလုပ်ထားသည်။ ပေါ့ပါးသည်နှင့်အမျှ ခိုင်ခံ့သည်။

မာအန်းနားက လှေငယ်ပေါ်သို့ တက်သည်။ ပါးစပ်မှ ဘာမျှမပြော။ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်လည်း လှေငယ်လေးပေါ် လိုက်တက် ကြလေသည်။

သုံးယောက်လုံး လှေပေါ်တွင် နေရာယူမိကြပြီးသောအခါ မာအန်းနားက လိပ်ထားသောရွက်ကို ဖြေချသည်။ ရွက်ကြိုးကို ကိုင်ဆွဲရင်း မြေမာကမ်းစပ်အစွန်းကို ညာခြေဖြင့် ဆတ်ခနဲလှမ်းကန်သည်။

လှေငယ်ကလေး တစ်ချက်လည်ကာ ရွှံ့နွံများအပေါ် ရောက်သည်။

အကွေ့တစ်ထောင် နွံအိုင်ကို ဖြတ်ကာ တိုက်နေသော လေပြင်း၏လမ်းကြောင်းပေါ်သို့ လှေငယ်ကလေး ရောက်သွားသည်။

ပိုးသားရွက်ပွင့်ကာလေးတိုးမှုဖြင့် ဖောင်းတက်သည်။ ကျကျနန ရွက်တိုက်မိသွားသည်မို့ ပေါ့ပါးလှသော လှေငယ်ကလေးသည် ရွှံ့နွံပြင်ပေါ်တွင် ရှပ်တိုက်သလို အဟုန်ပြင်းပြင်းနှင့် ရွေ့လျားပြေးထွက်လေတော့သည်။

လေတွင် လွင့်ပျံသလိုဖြစ်နေသည့်အတွက် ယခုမှ ချစ်ခင်စဖြစ်သော ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့မှာ ရင်တငြိမ့်ငြိမ့်နှင့် နှစ်သိမ့်ကြည်နူး နေကြသည်။

သိုင်းလောကကို တုန်လှုပ် ချောက်ချား သွားစေနိုင်လောက်သည့် အဆင့်မြင့် အစွမ်းထက်သိုင်းကျမ်း တစ်ခု ရှိနေရာသို့သွားနေကြသည့် သိုင်းလုလင်နှင့် သိုင်းကညာ်ပျို



တို့၏ အသွင်မျိုးထက် အပျော်ခရီးထွက်လာကြသည့်ချစ်သူမောင်နှံနှင့် ပိုတူနေသည်။

လပြည့်ကျော်တစ်ရက်သာ ရှိသေးသည့်အတွက် လမင်းကလည်း ထိန်ထိန်သာနေဆဲ။

* * *

ရွှံ့နွံများ၊ ရေစပ်စပ်နေရာများပေါ်တွင် ရှပ်တိုက်ကာ အရှိန်အဟုန် ပြင်းပြင်းနှင့် ပြေးနေသော လှေငယ်လေး ရေပြင်ကျယ်တစ်ခုသို့ ရောက်လာသည်။

အသွားနှုန်းကတော့ သွက်နေ၊ မြန်နေဆဲ။

"ဒါဟာ နွံအိုင်ကြီးထဲမှာရှိတဲ့ ရေပြင်နေရာ သုံးခုထဲက တစ်ခုပဲ၊ ကျုပ်ကတော့ ဒီနေရာကို ပထမရေကန်လို့ခေါ်တယ်"

ရေပြင်ထဲသို့ လှေငယ်လေးရောက်သောအခါ မာအန်းနားကပြောပြသည်။

ပထမရေကန်မှာ တစ်ကေသာသာလောက်ကျယ်သည်။ ရေကန်၏ အလယ်လောက်တွင် ဝါးလုံးရှည်တစ်ခု စိုက်လျက်သား ရှိနေသည်။ မာအန်းနားက လှေငယ်လေးကို ဝါးလုံးရှည်နားတွင် ရွက်ချသိမ်းကာရပ်သည်။

လှေငယ်ကို ဝါးလုံးရှည်တွင် ကြိုးနှင့် ချည်ထားလိုက်သည်။

"တောဟိုမှာ ကြည့်လိုက်ကြစမ်း"

မာအန်းနား လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်ကြရာ ပထမရေကန်နှင့်မနီးမဝေးတွင် ကျွန်းလိုလို ခပ်မည်းမည်း အရာတစ်ခုကို မြင်ရ၏။

"အဲဒါ အကွေ့တစ်ထောင်နွံအိုင်အလယ်က ကျောက်ဆောင်ကြီးပဲ၊ ကျုပ်ကတော့ နွံအိုင်လယ်ကျောက်ဆောင်လို့နာမည်တပ်ထားတယ်၊ နွံအိုင်ကျောက်ဆောင်ရဲ့ ပေတစ်ရာပတ်လည်ကနွံတွေဟာ အရမ်းစေးပျစ်တယ်၊ ငရဲမီး အပြင်းစားတစ်မျိုးလဲ ရောနှောနေသလိုပဲ၊ လူမပြောနဲ့ သစ်တိုသစ်စတစ်ခု အဲဒီနွံအိုင်ထဲ ကျသွားရင်တောင် ငရဲမီးနဲ့ အစားခံလိုက်ရသလိုမျိုး တစ်ခါတည်း အရည်ပျော်ပျက်စီးသွားတာပဲ...."

"ဒါကြောင့် အဲဒီနွံ့ဗွက်တွေကိုဖြတ်ပြီး နွံအိုင်လယ်ကျောက်ဆောင်ဆီ ဘယ်လိုမှ သွားလို့မရဘူး၊ အရိပ်မဲ့မှော်သိုင်းကျမ်းက နွံအိုင်လယ်ကျောက်ဆောင်ရဲ့ လိုဏ်ဂူတစ်ခုထဲမှာရှိနေတယ်"

"အဲဒီနေရာကိုသွားနိုင်တဲ့ လျှို့ဝှက်လမ်းကြောင်းကို ဒေါ်လေးတွေ့ထားတယ် မဟုတ်လား"

တုကူးချင်းချင်းက မေးသည်။

"တူမလေးက ဉာဏ်အကောင်းသားပဲ၊ ဟုတ်တယ်၊ ပ်တွေ့ထားတယ်"

ကျု"လျှို့ဝှက်လမ်းကြောင်းက ဘယ်မှာလဲ"



"ဝါးလုံးရဲ့တည့်တည့် ရေကန်အောက်ခြေမှာ ဥမင်လိုဏ်ခေါင်းဝ ရှိတယ်၊ အဲဒီက တိုးဝင်ပြီး ဥမင်လိုဏ်ခေါင်းအတိုင်းလိုက်သွားရင် အရိပ်မဲ့မှော်သိုင်းကျမ်းရှိတဲ့ လိုဏ်ဂူထဲကိုရောက်တယ်၊ ဥမင်လိုဏ်ခေါင်းလမ်းကြောင်းတစ်လျှောက်လုံးလိုလို ရေတွေပြည့်နေတာမို့ တောက်လျှောက် ရေငုပ်သွားကြရမှာ၊ ဒါကြောင့် အသက်အောင့်အတွင်းအားစုစည်းမှုနည်းလမ်းတတ်မှ ဖြစ်မယ်လို့ ပြောခဲ့တာပေါ့၊ ကိုင်း....အသင့်ပြင်ကြ၊ ရေကန်အောက်ခြေက ဥမင်အဝကို ဆင်းကြရအောင်"

သုံးယောက်သား အသက်အောင့်အတွင်းအားစုစည်းမှုပြုလုပ်ရန် လိုအပ်သော စုစည်း ပြင်ဆင်မှုများ လုပ်ကြသည်။

ထို့နောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရေကန်အောက်သို့ ငုပ်ဆင်းကာ ရေအောက်ဥမင်လိုဏ်ခေါင်းလမ်းထဲသို့ ဝင်ကြသည်။

ငါးပုံမာအန်းနားက ရှေ့ဆုံးမှ ဦးဆောင်လမ်းပြ၏။ ရဲသူမနတ်မယ် တုကူးချင်းချင်းက အလယ်မှသွားသည်။ စင်ရော်နက် ကျောင်းဖန်းယောင်က နောက်ဆုံးမှလိုက်သည်။

ရေအောက် ဥမင်လိုဏ်ခေါင်းလမ်းသည် အတော်ရှည်လျားသည်။ တော်ရုံတန်ရုံ ရေငုပ်ကောင်းရုံမျှနှင့် ထိုရေအောက် ဥမင်လိုဏ်ခေါင်းလမ်းဆုံးသို့ ရောက်အောင်သွားနိုင်မည် မဟုတ်။

သူတို့သုံးယောက်မှာ အရှေ့ပင်လယ်ဒေသ၏ မျိုးဆက်များဖြစ်ကြကာ အသက်အောင့် အတွင်းအားစုစည်းမှုနည်းလမ်းကို နားလည်တတ်မြောက်လျက် အဆင့်မြင့် ရေငုပ်ပညာကို သုံးနိုင်ကြသောကြောင့်သာ ရေအောက်ဥမင်လမ်းကြောင်းကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြသည်။

သို့စဉ်တိုင် ရေအောက်ဥမင်လိုဏ်ခေါင်းလမ်းအဆုံးသို့ ရောက်ခါနီးတွင် တုကူးချင်းချင်းတစ်ယောက် အသက်အောင့်ထားမှုအခက်အခဲတွေ့ရာ ကျောင်းဖန်းယောင်ကအားဖြည့် ထောက်ကူပေးခဲ့ရသေးသည်။

*　　*　　*

ရေအောက် ဥမင်လိုဏ်ခေါင်းလမ်းအဆုံးသို့ ရောက်ရှိသွားကြသည်။

လမ်းကြောင်းဆုံး၍ ရေထဲမှ တက်လာနိုင်သောအခါ ကျောက်လှေကားထစ်များ၏ အခြေရင်းသို့ ရောက်လာကြသည်။

အလင်းရောင် ခပ်ပျပျရှိနေသည်။

ကျောက်လှေကားထစ်ခြေရင်းတွင် ခေတ္တ အမောဖြေ အတွင်းအားလေ့ကျင့်ကြသည်။ ထို့နောက် လှေကားထစ်များအတိုင်း နင်းကာတက်လာကြသည်။



ကျောက်လှေကားထစ်များသည် အတော်ရှည်လျားသည်။

ကျောက်လှေကား အချိုးအကွေ့သုံးခုရှိသည်။ လှေကားအချိုးအကွေ့တစ်ခုစီတွင် လှေကားထစ် ၁၄-ထစ်စီရှိကြသည်။ အားလုံးပေါင်း လှေကား ၄၂-ထစ်နင်းတက်ခဲ့ကြရသည်ဟု ဆိုရမည်။

နောက်ဆုံး လှေကားထစ်များကို နင်းတက်လာပြီးသောအခါတွင်တော့ လိုဏ်ဂူကြီးတစ်ခုထဲသို့ ရောက်လာကြလေတော့သည်။

လိုဏ်ဂူသည် အကျယ် ပေ ၂၀-သာသာရှိလျက် အလျားကတော့ အတော်ရှည်သည်။ ပေ ၃၀၀၀-ကျော်လောက်ရှိမည်ဟု ခန့်မှန်းရသည်။

ဂူအမြင့်ကတော့ ၁၂-ပေခန့်ရှိသည်။သို့သော်ဂူအမိုးမှာ သုံးပုံတစ်ပုံ ကျောက်သားရှိနေလျက် ကျန်နေရာများတွင် ဂူအမိုးဟူ၍မရှိ။ကျောက်ဆောင်ထိပ်ဘက်သို့တိုးလျှိုပေါက်အပေါက်ကြီးဖြစ်နေသည်။

ဂူအမိုးရှိသည်ဟူပင် ပြောရခက်သည်။

ထိုအပေါက်ကျယ်ကြီးမှ လရောင် တိုးဝင်နေသောကြောင့် လိုဏ်ဂူကြီးထဲတွင် လင်းနေသည်။

လိုဏ်ဂူ၏ အရှေ့ဦးပိုင်းဟုဆိုနိုင်သည့် ကျောက်လှေကားထစ်များနှင့်အနီးဆုံးနေရာတွင် ကျွန်းသားသေတ္တာကြီး ၇-လုံးရှိသည်။ သေတ္တာ ၇-လုံး၏အဖုံးများပွင့်နေသည်။

သေတ္တာကြီးများ၏အနီး ကြမ်းပြင်ပေါ်တွင်ရော၊ အဖုံးပွင့်နေသော သေတ္တာကြီးများ ထဲတွင်ရော ကျောက်သံပတ္တမြား၊ ရွှေငွေပတ္တမြားမျိုးစုံနှင့် ရွှေဓားမြောင်၊ ရွှေသန်လျက်၊ ကျောက်စီဓားစသော အဖိုးတန်ရတနာများ ပြိုးပြိုးပြက်ပြက် ရှိနေကြသည်။

အဖုံးပိတ်နေသော ကျွန်းသေတ္တာကြီး လေးလုံးထဲတွင်လည်း ရတနာများရှိနေမှာ သေချာသည်။

"ဒီ....ဒီ....ရတနာပစ္စည်းတွေက"

တုကူးချင်းချင်း တအံ့တသြ ရေရွတ်မိသည်။

"ဒီရတနာတွေဟာ အရိပ်မဲ့မှော်သိုင်းနဲ့ ဘာမှမသက်ဆိုင်ဘူး၊ အခြားတစ်ယောက် ဒါမှမဟုတ် လူတစ်စုက စိတ်ချ လုံခြုံတယ်ဆိုပြီး ရတနာတွေလာ သိမ်းဝှက်ထားတာပဲ၊ ကျုပ်ကတော့ ရှေးဟောင်း ချီတန်းသိုင်းသမားတွေရဲ့ ရတနာပစ္စည်းတွေလို့ ထင်မိတာပဲ"

မာအန်းနားက ရှင်းပြသည်။

"ချီတန်းသိုင်းသမားတွေ အရိပ်မဲ့မှော်သိုင်းကျမ်းရှိတဲ့နေရာကို သဲသဲမဲမဲလိုက်ရှာနေကြတာ သိုင်းကျမ်းထက် ဒီရတနာပစ္စည်းတွေကြောင့် ဖြစ်ဖို့ကပိုများတာယ်၊ သူတို့မှာ သုံးမျိုးထဲက တစ်မျိုးဘောင် ရှိတာမဟုတ်တော့ အရိပ်မဲ့သိုင်းကျမ်းကို ရရင်တောင် ဘာမှအသုံးတည့်မှာ မဟုတ်ဘူး"

ကျောင်းဖန်းယောင်က သူ့ထင်မြင်ချက်ကိုပြောသည်။

"ဟုတ်တယ်၊ ကျွန်မလဲ ဒီလိုပဲ စဉ်းစားမိတယ်"



တုကူးချင်းချင်းက ထောက်ခံသည်။

"အရိပ်မဲ့မှော်သိုင်းကျမ်းနဲ့ ပတ်သက်တာ ဟိုနားမှာရှိတယ်"

မာအန်းနားက ဤသို့ပြောကာ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကို မလှမ်းမကမ်းရှိ ကျောက်စာတစ်ခုဆီသို့ ခေါ်သွားသည်။

ကျောက်စာပေါ်တွင် ရှေးဟောင်း စာရေးဟန်ဖြင့် ရေးထားသော စာများရှိသည်။ ကျောင်းဖန်းယောင်သည် စာအသင့်အတင့်သာတတ်မြောက်ရာ ရှေးဟောင်းစာရေးထားသည်များကို ကောင်းကောင်းမဖတ်တတ်။ ကျော်

စာပေပညာကို အထက်တန်းကျကျ သင်ယူတတ်မြောက်ထားကြသော မာအန်းနားနှင့် တုကူးချင်းချင်း တို့ ဖတ်တတ်ကြသည်။

တုကူးချင်းချင်းက ဖတ်ကြည့်ပြီး ကျောင်းဖန်းယောင်နားလည်အောင် ရှင်းပြသည်။

ကျောက်စာတွင် ရေးထားသည်တို့မှာ မာအန်းနား ပြောပြခဲ့သည့် အကြောင်းအရာများပင် ဖြစ်သည်။ လိုဏ်ဂူအတွင်းဘက်ပိုင်းတွင် အရိပ်မဲ့မှော်သိုင်းကျမ်းကို ကြွေကျောက်သား၊ သလင်းကျောက်သားနှင့် သဲကျောက်သားတို့ပေါ်တွင် ရေထွင်းထားသော ပဟေဠိကဗျာခွေ၊ ငါးမျက်လုံးပုလဲ၊ ကြိုးကြာဖြူဂမုန်းဥတို့နှင့် ပွတ်တိုက်မှသာ ထင်ထင်ရှားရှား ပေါ်ထင်လာမည်ဟု ရှင်းလင်း ရေးသားထားချက်များ ဖြစ်သည်။

ကျောက်စာချပ်က ညွှန်းထားရာ လှိုဏ်ဂူအတွင်းသို့ ပိုင်းသို့ လျှောက်လှမ်းဝင်လာခဲ့ကြသည်။

အရှေ့ပင်လယ် ဒေသတစ်လွှားတွင် ယုံတမ်းပုံပြင်တစ်ခုလို အမျိုးမျိုးအဖွဲ့မ်းတင် ပြောကြားခဲ့ကြသော အရိပ်မဲ့ မှော်သိုင်းကျမ်းကို မျက်စိနှင့် တပ်အပ် တွေ့ကြမြင်ကြရတော့မည်မို့ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ နှစ်ယောက် အတော်ပင် စိတ်လှုပ်ရှားနေကြသည်။

ချစ်သူစုံတွဲ၏ အသွင်မျိုး မဟုတ်တော့ဘဲ အဆင့်မြင့် ကျမ်းတစ်ဆူကို ရယူတော့မည့် သိုင်းသမားများနှင့် ာသည်။

ဆိုင်ချိနေရာသို့ ရောက်ခဲ့ဖူးပြီး အရိပ်မဲ့မှော်သိုင်းကျမ်းကို မြွှဖူးမြင်ဖူးပြီးဖြစ်သော ငါးပျံမာအန်းနားပင် မသိမသာ စိတ်လှုပ်ရှားနေသည်။

*　*　*

အရိပ်မဲ့ မှော်သိုင်းကျမ်းရှိရာသို့ ရောက်လာကြသည်။ သိုင်းကျမ်းကို နှစ်ပေပတ်လည် ကျောက်ပြားချပ် (၉) ချပ်ပေါ်တွင်ရေးသားကာလှိုဏ်ဂူနံရံတွင် ကပ်ထားသည်။

ကျောက်ပြားချပ်များတွင် ကြွေကျောက်ပြားချပ် (၃) ချပ်၊ သလင်းကျောက်ပြားချပ် (၃)ချပ်နှင့် သဲကျောက်ပြားချပ် (၃)ချပ် ပါဝင်သည်။



အပေါ်ဆုံးတန်းတွင် ကြွေကျောက်ပြားချပ်က ပထမ၊ သလင်းကျောက်ပြားက ဒုတိယ၊ သဲကျောက်ပြားချပ်က တတိယ၊ အလယ်တန်းတွင် သလင်းကျောက်ပြားချပ်က ပထမ၊ သဲကျောက်ပြားချပ်က ဒုတိယ၊ ကြွေကျောက်ပြားချပ်က တတိယ။ အောက်ဆုံးတန်းတွင် သဲကျောက်ပြားချပ်က ပထမ၊ ကြွေကျောက်ပြားချပ်က ဒုတိယ၊ သလင်းကျောက်ပြားချပ်က တတိယနေရာများတွင် ရှိနေသည်။

ကျောက်ပြားချပ်များပေါ်တွင် စာကြောင်းများ၊ ချပ်ပုံများ၊ သိုင်းကွက်ပုံစံများ ရှိသည်။ သို့သော် မထင်ရှားမပြည့်စုံ။ ပျက်သလိုရှိသည့် နေရာကရှိ၊ တစ်ဝက်တစ်ပျက်လောက်သာ ပေါ်သည့်စာလုံးကပေါ်နှင့် ဖြစ်နေသည်။

"ကိုင်း....မင်းတို့ယူလာတာတွေ ထုတ်ကြပေတော့"

ငါးပျံမာအန်းနားက အရိပ်မဲ့မှော် သိုင်းကျမ်းကို ငေးမောကြည့်နေကြသော တုကူးချင်းချင်းနှင့် ကျောင်းဖန်းယောင်တို့ကို ပြော၏။

မိမိယူလာခဲ့သော ကြိုးကြာဖြူဂမုန်းဥကိုလည်း ထုတ်ယူလိုက်သည်။

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကလည်း မိမိတို့ ယူလာခဲ့ကြသော မဟူရာကမာခွံနှင့် ငါးမျက်လုံးပုလဲတို့ကို ထုတ်လိုက်ကြသည်။

ကြိုးကြာဖြူဂမုန်းဥသည် ချင်းနှင့် အနည်းငယ်ဆင်တူသည်။ ချင်းကဲ့သို့ပင် အခွံပါးနှင့် အမွေးပါးကလေးများ ပါရှိကာ ခပ်ဖွာဖွာဖြစ်သည်။ ခုံညင်းဒိုးအရွယ်အစား ခပ်ပုပု

ဝိုင်းဝိုင်းဖြစ်သည်။ အရောင်အဆင်းကတော့ ဆွတ်ဆွတ်ဖြူဖွေးသည်။

မဟူရာကမာခွံသည် လက်ဝါးတစ်ဝက်သာသာသောက်ရှိကာ မည်းနက်နေသော ကမာခွံဖြစ်သည်။ အစုံတော့ မပြည့်၊ တစ်ခြမ်းသာရှိ၏။ ကမာခွံကို မီးသွေးဖုတ်ထားသလိုမျိုး ထင်ရသည်၊ မီးသွေးလို အရောင်အဆင်းအသွင်သဏ္ဍာန်ရှိသော်လည်း မီးသွေးခဲတော့မဟုတ်ပါ။ ပင်လယ်အောက် ရေမြေသဘာဝ ဝန်းကျင်၏ ဖန်တီးမှုကြောင့် ထူးခြားခြားရှိနေသော ကမာခွံတစ်ခြမ်းသာဖြစ်သည်။

ငါးမျက်လုံးပုလဲသည် ဒင်္ဂါးဝိုင်းသာသာအရွယ်အစားရှိသည်၊ လုံးဝန်းကာ ညိုတိုတိုပြာတာတာအရောင် သန်းနေသည်။ ထွင်းဖောက်မြင်နိုင်သည့် ငါးမျက်လုံးပုလဲကို ထွင်းဖောက်ကာ ကြည့်လျှင် တစ်ဖက်ရှိ အရာဝတ္ထုများအရွယ်အစားကြီးမားလာသည်။ မှန်ဘီလူးကဲ့သို့သောစွမ်းရည်ရှိသည်ဟုဆိုနိုင်သည်။

မာအန်းနားက ကျောင်းဖန်းယောင်ကို အသာခေါင်းတစ်ချက်ဆတ်ကာ အချက်ပြသည်။

ကျောင်းဖန်းယောင်လည်း ရှေ့သို့အသာလျှောက်လှမ်းကာ အပေါ်ဆုံးတန်း၏ ပထမနေရာတွင်ရှိသည့် ကြွေကျောက်ပြား၏ မျက်နှာပြင်ပေါ်တွင် မဟူရာကမာခွံကို ထိကပ်ကာ ဖိပွတ်ပေးလိုက်သည်။

"ရှဲ…ဂျစ်ဂျစ်၊ ရှဲရှဲ…ဂျစ်ဂျစ်"



သုံးယောက်လုံး အသက်ပင် ပြင်းပြင်းမရှူဘဲရှိနေကြရာ တိတ်ဆိတ်ငြိမ်သက်နေသော ဝန်းကျင်တွင် ပွတ်တိုက်မိသံသဲ့သဲ့ကိုပင် ကောင်းကောင်းကြားနေရသည်။

ထူးခြားသော အရောင်တို့ လင်းလက်သလို ထင်လိုက်ရသည်။ အနံ့သင်းသင်းကို ရှူမိသယောင်လည်း ခံစားရသည်။

ကြွေကျောက်သား၏ မျက်နှာပြင်တစ်ခုလုံးကို မဟူရာကမာခွံနှင့် ပွတ်တိုက်ပြီးသွားပြီ။

ကျောင်းဖန်းယောင်၊ မာအန်းနားနှင့် တုကူးချင်းချင်းတို့ ထိုကြွေသားကျောက်သားပြင်ကို စိတ်ဝင်တစားပင် စူးစူးစိုက်စိုက်ကြည့်နေကြသည်။

ဘာမျှမထူးခြား။

မူလအတိုင်းရှိနေသည်။

ဘာများ မှားယွင်းချတ်ချော်သွားလေသနည်းဟု စိတ်ထဲ ဇဝေဇဝါဖြစ်မိကြသည်။

ထိုအခိုက်….

*   *   *

"ဟော….ပေါ်လာပြီ"

သုံးယောက်သား ပြိုင်တူရေရွတ်လိုက်ကြသည်။

အားရဝမ်းသာ သံပြိုင်ပြောလိုက်သည့်အတွက် အသံတို့က သိပ်မကျယ်သော်လည်း လှိုဏ်ဂူထဲတွင်တော့ ဟိန်းသွားသလိုဖြစ်သည်။

အပေါ်ဆုံးတန်း ပထမနေရာတွင်ရှိသည့် ကြွေကျောက်ပြားပေါ်တွင် စာလုံး ရေးသားထားသည်များ ထင်ထင်ရှားရှား ပေါ်လွင်လာလေပြီ။

ပေါ်လာသည့် စာကြောင်းများကို အလျင်စလိုဖတ်မိကြသည်။

အရိပ်မဲ့မှော်သိုင်းကျမ်း....

လှုပ်ရှားသည့်အခါ လျှပ်ပြက်သလိုမြန်ဆန်ရမည်။
ငြိမ်သက်ဆဲအခါ ကျောက်ရုပ်လိုခိုင်တည်ရမည်။
မိမိ၏ စွမ်းဆောင်နိုင်မှုများအပေါ် ယုံကြည်မှုအပြည့်အဝရှိရမည်။

သိုင်းကျမ်းအမည်နှင့် အခြေခံဆောင်ပုဒ် ၃-ခုတို့ ထိပ်ဆုံးတွင်တွေ့ရသည်။

ထို့နောက် 'အရိပ်မဲ့ကိုယ်ဖျောက်ပညာ' ဟူသော ခေါင်းစဉ်အောက်တွင် အခြေခံသဘောတရားရှင်းလင်းချက်များ ရေးသားထားသည်။

"တဲ... ချင်းချင်းအလှည့်"

မာအန်းနားက ပြောလိုက်ရာ တုက္ကူးချင်းချင်းသည် အလယ်တန်း ပထမနေရာရှိ ဆလင်းကျောက်ပြားမျက်နှာပြင်ပေါ်တွင် ငါးမျက်လုံးပုလဲနှင့်ထိကာ ပွတ်တိုက်ပေးလိုက်သည်။

အရိပ်မဲ့ ကိုယ်ဖျောက်ပညာ၏ ကျင့်စဉ်နှင့် လှုပ်ရှားကွက်များအကြောင်းရှင်းလင်းဖော်ပြထားသည့် စာသား၊ ရုပ်ပုံနှင့်သိုင်းကွက်ပုံစံများ ထင်ထင်ရှားရှားပေါ်လာသည်။



ထို့နောက် မာအန်းနားက အောက်ဆုံးတန်း ပထမနေရာရှိ သဲကျောက်ပြားမျက်နှာပြင်ကို ကြိုးကြာဖြူဂမုန်းဥနှင့်ထိကာ ပွတ်တိုက်ပေးပြန်သည်။

အရိပ်မဲ့ ကိုယ်ဖျောက်ပညာ၏ကျင့်စဉ်နှင့် လှုပ်ရှားကွက်များအကြောင်း ရှင်းလင်းပြချက်များ ဆက်လက်ပါရှိပြီး ကိုယ်ဖျောက်ပညာသုံး လှုပ်ရှားရာတွင် အတွင်းအား စုစည်းလည်ပတ်ပြောင်းလဲပုံ နည်းလမ်းများအပြင် အထူးရှောင်ရှားရန် ကျပ်တည်းစွာတားမြစ်ချက်ပါရှိသည်။

"ကျန်တဲ့ ကျောက်ပြားတွေပေါ်မှာ ဘယ်လို သိုင်းပညာတွေရှိမလဲဆိုတာ ဆက်ကြည့်ကြမလား၊ ဒါမှမဟုတ် အခုပေါ်နေတဲ့ အရိပ်မဲ့ ကိုယ်ဖျောက်ပညာကိုပဲ သေသေချာချာ မှတ်မိအောင် လေ့လာ ဖတ်ကြည့်ပြီး လေ့ကျင့်မလား"

မာအန်းနားကမေးသည်။

တုက္ကူးချင်းချင်းက ကျောင်းဖန်းယောင်ကို သဘောတောင်းသလို လှမ်း၍ ကြည့်သည်။

"အားလုံးအကုန်အစင် ဖော်ထုတ်ပြီးကြည့်ရင် အာရုံထွေပြားသွားနိုင်တယ်၊ ပြီးတော့ အကုန်လုံးကို အလွတ်မှတ်မိအောင် လုပ်နိုင်ဖို့ ကာလ ခက်မယ်၊ ဒီတော့ သိုင်းပညာတစ်ခုချင်းစီကိုပဲ ဖြည်းဖြည်းချင်းမှတ်သားလေ့ကျင့်တာကောင်းမယ်ထင်တယ်"

ကျောင်းဖန်းယောင်က ပြောသည်။

"မင်းကကော"

မာအန်းနားက တုကူးချင်းချင်းကို မေးသည်။

"အစ်ကိုဖန်းယောင်ပြောတာကောင်းပါတယ်"

တုကူးချင်းချင်းက ပြန်ပြောသည်။

"ဟုတ်ပြီ....ဒီလိုဆိုရင် မင်းတို့နှစ်ယောက် ဖတ်စရာရှိတာဖတ်၊ မှတ်စရာရှိတာတွေ မှတ်ပြီး လေ့ကျင့် နိုင်မယ်ဆိုရင်လဲ လေ့ကျင့်ကြ"

"ဒေါ်လေးကကော"

"ကျုပ်က ဒီသိုင်းပညာ လေ့ကျင့်နိုင်မှာ မဟုတ်ဘူး၊ လေ့ကျင့်နိုင်တယ်ထားဦး၊ အသုံးချဖို့ အချိန် မရနိုင်တော့ဘူး၊ ဒီတော့ မင်းတို့နှစ်ယောက်ပဲ လေ့ကျင့်ကြပါ၊ ညလယ်စာစားဖို့ ကျုပ်သွားစီစဉ်လိုက်ဦးမယ်"

ပြောပြောဆိုဆို ငါးပျံမာအန်းနားက ခပ်သုတ်သုတ် လျှောက်လှမ်းထွက်သွားသည်။

ကျောင်းဖန်ယောင်နှင့် တုကူးချင်းချင်းတို့ နှစ်ယောက်လည်း ပထမနေရာတွင်ရှိသော ကျောက်ပြားချပ် သုံးချပ်ပေါ်မှ အရိပ်မဲ့ ကိုယ်ဖော့ပညာအကြောင်း ရှင်းလင်းပြထားချက်များကို အစမှအဆုံးတစ်ခေါက် သေသေချာချာ ဖတ်ကြည့်သည်။

သူတို့နှစ်ယောက်လုံး ဉာဏ်ကောင်းကြလျက် အခြေခံသိုင်းပညာများကိုလည်း စနစ်တကျ သင်ကြားလေ့ကျင့်ထားခဲ့ကြသည်မို့ တစ်ခေါက်ဖတ်ကြည့်သည်နှင့် အရိပ်မဲ့ ကိုယ်ဖော့ပညာ၏ အခြေခံသဘောနှင့် အရေးကြီးသည့်



အချက်များကို သိရှိကာ ခြုံငုံ၍လည်း နားလည်သဘောပေါက်သည်။

အရိပ်မဲ့ ကိုယ်ဖော့ပညာသည် လျင်မြန်သွက်လက်သော လှုပ်ရှားဟန်များ ရှိသော်လည်း အဓိက အားဖြင့်တော့ တစ်ဖက်လူ၏ စိတ်အာရုံကို လှည့်စားကာ မိမိရှိသည့်နေရာ မိမိလှုပ်ရှားမည့် လမ်းကြောင်းဆီသို့ တစ်ဖက်လူ၏ စိတ်အာရုံနှင့် မျက်စိ အမြင် မရောက်ရှိရအောင် ပရိယာယ်ကြွယ်ကြွယ် လှည့်စားမှု အဖုံဖုံတို့ကို အသုံးပြုသည်။

အတွင်းအား စုစည်း သုံးစွဲရာတွင်လည်း လှုပ်ရှားမှုများတွင် သာမန်မျှလောက်သာ ထည့်သွင်းလျက် မိမိ၏ စိတ်အာရုံ တည်ငြိမ်အားကောင်းရေးတွင် အတွင်းအားများကို အဓိကအသုံးချသည်။

တစ်ဖက်လူကို စိတ်အင်အားဖြင့် လွှမ်းမိုးကာ စိတ်ညို့သည့် သဘောမျိုးဖြင့် ထိန်းချုပ်သည်။

တစ်ခေါက်ဖတ်ကြည့်ပြီး အကြမ်းဖျင်း သဘောပေါက်နားလည်သွားကြသည့်နောက် ဒုတိယအကြိမ် တစ်ခေါက်ထပ်၍ ဖတ်ကြည့်ကြပြန်သည်။ ပိုလို့ သိရှိလာသည်။ ပို၍လည်း မှတ်မိသည်။ သုံးကြိမ်မြောက် ဖတ်ပြီးသောအခါတွင်တော့ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်လုံး အရိပ်မဲ့ ကိုယ်ဖော့ပညာအကြောင်း ရှင်းလင်း ဖော်ပြထားမှုများကို အလွတ်သိရှိ မှတ်မိသွားကြလေတော့သည်။

ထိုအချိန်မှာပင် မာအန်းနား ပြန်ရောက်လာသည်။

ဘယ်ကနေ ဘယ်လိုရရှိလာသည် မသိ၊ ငါးကင်ကြီး သုံးကောင် မာအန်းနား၏ လက်ထဲတွင် ပါလာသည်။

"ဟာ.... ဒေါ်လေး၊ ငါးကင်ကြီးတွေပါလား၊ ဘယ်ကနေ ဘယ်လိုလုပ်ပြီး ရလာတာလဲ"

တုက္ကူးချင်းချင်းက မေးလိုက်သည်။

"ဒီအကွေ့တစ်ထောင် နွံအိုင်ကြီးဟာ ကျုပ်ရဲ့နေရာလို ဖြစ်နေတာ၊ ဘယ်နေရာမှာ ဘာရှိပြီး ဘယ်လိုရနိုင်တယ် ဆိုတာ ကျုပ် အကုန်သိတယ်၊ ဒီငါးကင်တွေလောက်က အသေးအဖွဲ့ပါ၊ ကဲ....လာ စားကြရအောင်"

★

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်။

# ဘုန်းကြွယ်

အရိုင်းမဲ့ မှော်သိုင်း

(ဒုတိယပိုင်း)